

စံကျော်ထွန်း

# ရခိုင်ကဗျာနှင့် ရခိုင်အတွေးအခေါ်



ရခိုင်စာပိ သမိုင်းနိဒါန်း

# ရခိုင်ကဗျာနန့်

# ရခိုင်အတွေးအခေါ်

## သုတေသီ - စံကျော်ထွန်း

ရခိုင်သားကြီးစာပေ

ခ/၅၅၊ ကျွန်းရွှေဝါလမ်း၊

ဘုရင့်နောင်ပွဲရုံ၊ ရန်ကုန်။

ဖုန်း-၂၄၇၈၀၇၊ ၆၆၆၈၉၀

# စံကျော်ထွန်း


စာမူခွင့်ပြုချက်အမှတ် - ၇၀၀/၉၅ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၉/၉၆ (၃)

ထုတ်ဝေသူ - ဦးရဲမြင့်

တက်လမ်းစာပေ (၀၁၀၄၉)

အမှတ်(၉၆၇)၊ ပဒေသာရပ်၊

စော်ဘွားကြီးကုန်း၊အင်းစိန်၊ရန်ကုန်မြို့။

ပုံနှိပ်သူ - ဒေါ်ခင်ခင်ဝင်း

ကလျာ (အော့ဖ်ဆက်)၊ ၀၂၆၇၀

၁၅၂၊ကျွန်းရွှေမြိုင်လမ်း၊သုဝဏ္ဏ၊ရန်ကုန်။

ပထမအကြိမ်၊ ၁၉၉၆-ခု၊ နိုဝင်ဘာလ၊

အုပ်ရေ - (၅၀၀)အုပ်

တန်ဖိုး - ကျပ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်

စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။

* အင်္ဂလိပ်စာပီရေ အင်္ဂလိပ်လူမျိုး တစ်မျိုးသားလုံး ကြိုးစားလို့တိုးတက်စွာ။

* ဂျပန်စာပီရေ ဂျပန်လူမျိုးတစ်မျိုးသားလုံး ကြိုးစားလို့ တိုးတက်စွာ။

* ရခိုင်စာပီ တိုးတက်ဖို့အတွက် ငါရို့ဇာလုပ်ကတ်ဖို့လဲ

# ဘဝကောက်ကြောင်း

ဆရာစံကျော်ထွန်းကို ၁၉၃၆-ခု၊ ဇူလိုင်လ (၂၀)ရက်၊ အင်္ဂါနိမ့်မှာ မြောက်ဦးမြို့ မြင်းစိုင်း မြင်ရွာမှာ မွီးပါရေ။ အဖ ဦးတက်တိုး (ရွှေပန်းထိမ်ဖော်ဆရာကြီး)၊ အမိ ဒေါ်မညို ဖြစ်ပါရေ။ ညီအစ်ကို မောင်နှမငါးယောက်မှာ အငယ်ဆုံးဖြစ်ပါရေ။ မူလတန်းပညာကို မြောက်ဦးမှာ စာသင်ပြီးကေ ဆဌမတန်းကစလို့ စစ်တွေခရစ်ယာန် ကျောင်းမှာ သင်ခပါရေ။ ၁၉၅၄-ခုနှစ်မှာ ၁၀-တန်းအောင်ပြီး ကေ ကျောက်ဖြူ ဥပစာကောလိပ်မှာ ဥပဒေ (ခ)ကို အောင်ခပါရေ။ ဝိဇ္ဇာဘွဲ့ကို ၁၉၅၈-ခုနှစ်မှာ ရန်ကုန် တက္ကသိုလ်က ရဟိခပါရေ။ မဟာဝိဇ္ဇာဘွဲ့ တက်ခွင့်ရပါရေ။

တက္ကသိုလ်ကျောင်းသားဘဝမှာ ရခိုင်တန်ဆောင်မဂ္ဂဇင်းတာဝန်ခံ ခေါင်းဆောင်တာဝန်တိ ယူခပါရေ။ ရခိုင်တန်ဆောင် မဂ္ဂဇင်းမှာ ရခိုင်စာပီကဏ္ဍကို အယင်ဆုံးထည့်သွင်းဖော်ထုတ် ပီးခပါရေ။ ရခိုင်ရှီးဟောင်းစာပီတိကို လိလာဖော်ထုတ်ပြီးကေ တတ်စွမ်းသမျှအားနန့် ရခိုင်စာပီ ပြန်လည်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်ခပါရေ။ စစ်တွေမှာ 'မုတ်သုန် လှိုင်းသံ'၊ နန့်အရာ ကဗျာစာအုပ်တိကို ထုတ်ခပါရေ။ ကလောင်နာမည် 'အသျှင်စောမွန်' ဖြစ်ပါရေ။

အလွတ်ပညာသင် ကျောင်းဆရာဘဝ၊ အစိုးရကျောင်းဆရာဘဝတိကို တက်တက်ကြွကြွ ဖြတ်သန်းခပါရေ။

၁၉၇၇-ခု၊ ဇူလိုင်လ (၂၄)ရက်နိ၊ ချင်းပြည်နယ် ထန်တလန်မြို့နယ်မှာ သီဆုံးလားပါရေ။

**ဆရာ----**

ရဟန်းသံဃာတိရေ
ပွင့်တော်မူပြီးရေ မြတ်စွာဘုရားသျှင်မှာ
တပည့်သားတိ ဖြစ်တေဆိုပါကေ
ဆရာကို တစ်ခါလေ့မတွိဖူး မမြင်ဖူးလိုက်တေ
ကျွန်တော်ရေ ဆရာတပည့်တစ်ယောက်ပါ
ဆရာ့နာမေကို အသျှေကပင် ကြားဖူးပါရေ
ဆရာကို အသျှေကပင် လေးစားရသူတစ်ယောက်ပါ
ဆရာရီးခရေစာအုပ်ကို ဖတ်ရရေခါ
ဆရာ့ကို ပိုမိုလေးစားကြည်ညိုမိပါရေ
ဆရာရေ စာပီအရာမှာလေ့ နှံ့စပ်တေဆိုစွာကို
ဒေစာအုပ်မှာ ကိုးကားရေ ကျမ်းတိက သက်သီပြနီပါရေ။
ယင်းစာအုပ်တိ ပီမူတိ ကျမ်းဂန်တိကို
ဇာမှာရှာလို့ တွိနိုင်ပါဖို့သိမ့်လဲ

**ဆရာ---**

နောက်နောင်ဘဝတိရာ ရှိပါကေ
ဆရာနန့်တွိချင် ဆုံချင်ပါရေ
ဆရာ့တပည့်ရင်းဘဝနန့်
ဆရာ့ဘားမှာ ပညာရင်နို့ သောက်စို့ချင်ပါရေ
ဆရာရီးရေ ဒေစာအုပ်ကိုဖတ်ယင်း
'ငါ့ပတ်ဝန်းကျင်အတွက် ငါဒေပိုင်တွေးကြည့်ရေ' လို့
ကျွန်တော့်ကို ဆရာပြောပြနီရေပိုင် ခံစားရပါရေ ဆရာ
ဆရာကို ကြည်ညိုရေစိတ်၊ သတိရရေစိတ်တိနန့်
ဒေစာအုပ်ကို ထုတ်ဝေလိုက်ပါရေ
ဆရာ--
ဆရာကိုယ်တိုင် လက်ဆောင်ပီးခရေ
အသျှင်စက္ကိန္ဒဘားက မူရင်းစာအုပ်ကို ကူးယူဗျာယ်
ဆရာကြီးဗသိန်းအကူအညီနန့်
ဆရာ့မိသားစု၏ ခွင့်ပြုချက်ကြောင့်
အောင်မြင်စွာ ထုတ်ဝီလိုက်ပါဗျာယ်ဆရာ
ကျွန်တော့်ကြိုးစားမှုကို
ဆရာရောက်ရာဘုံဘဝက သာဓုခေါ်ပါလီ။

**ရခိုင်လှမြင့်**
၂၄-၆-၉၆

**ဆရာ----**

(၁)

ကျောင်းဆရာ၊ ကဗျာဆရာ၊ သမိုင်းဆရာ၊ တက္ကသိုလ်မှာ မဟာဝိဇ္ဇာထိ သင်ဖူးရေလူ၊ ကျွန်တော်ရို့ ရခိုင်သား တိ ထဲမှာ လူတစ်ယောက်တည်း ဒေပိုင်ဂုဏ်ပုဒ်တိမှာ မကန်ပိုင်ရေလူ၊ ကောင်းကောင်းနည်းပါရေ။ ယေဖူးနန့်အကြောင်း တိုက်ဆိုင်လို့အတွက်ပေါ်မိကေ၊ ဆရာကို လွမ်းတမိရေ။

ဆရာသက်ဟိထင်ရှား ဟိနီဖို့ဆိုကေ ဦးဖေမောင်တင်ရီးရေ၊ မြန်မာစာပီသမိုင်းပိုင်၊ ရခိုင်စာပီသမိုင်း ကျမ်းကြီး တစ်စောင်ကို ဆရာ့နှလုံးသား၊ ဆရာ့ဝိဉာဏ်၊ ဆရာ့ပညာနန့် ရခိုင့်လူအဖွဲ့ အစည်းအတွက် အမွှီပီးနိုင်ခလီဖို့ဆိုစွာ အကြွင်းမဲ့ယုံပါရေ။ သမိုင်းမျိုးဆက်ဆိုစွာ အတိဇာတ အစဉ်အလာဟိရပါရေ။ ဆရာထက် တပည့်တိ တော်ရရေလို့ ရှီးပညာဟိကြီးတိက မိန့်ဆိုကတ်ပါရေ။ ဂလီလီယို ပက်ခုံးထက်ကိုတက်ပြီးကေ၊ နယူတန်ကြည့်ခလို့ စကြာဝဠာကို ပိုမြင်လာရေ။ နယူတန်ပက်ခုံးထက်ကို အိန်စတိန်း (Einstein)တက်ကြည့်လို့၊ ပိုလိုပိုလို့ မြင်လာရေ။ သမိုင်းကို လက်ဆင့် ကမ်းအပြီးပြိုင်ပွဲနန့်နှိုင်းကေကောင်းကောင်းမလှပါ။ ချောတိုင်တက်ပွဲနန့် နှိုင်းကေရဖို့ ထင်ပါယင့်။ ရခိုင်စာပီ ဂုဏ်သိက္ခာဟိစွာတိုးတက်မြင့်မားရေးဆိုရေအောင်လံသျှေကိုရဖို့၊ ချောတိုင် တက်ကတ်စွာမှာ အောက်ဆုံးက ခံရေလူတိ အထဲမှာ ဆရာ ပါပါရေ။

(၂)

၁၉၆၇-ခု ကျွန်တော် ဆယ်တန်းရောက်တေနှစ်မှာ၊ အ-ထ-က(၁)စစ်တွေ(အဂုစစ်တွေကောလိပ်)မှာ မြန်မာစာပြရေ။ဆရာအားနည်းနီပါရေ။ ဆရာက အ-ထ-က(၄)ကနီပြီးကေ၊ ပညာရေးတက္ကသိုလ်ကို သင်တန်းတက်ဖို့ လားနီပါရေ။ ဆရာ မြန်မာစာသင်စွာက စစ်တွေမှာနာမည်ကြီးပါရေ။ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပိုင်နိုင်မှုက ပြောဖို့ မလိုပါ။ တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ် တစ်ယောက်၏ စိတ်ရင်းစေတနာက မြူမှုန်မဟိ၊ ပကတိသန့်ယှင်းပါရေ။ စေတနာ မှန်အေတွက် သင်ပြနည်းက အားရတက်ကြွစရာဖြစ်ပြီးကေ အနုပညာဆန်နီ ပါရေ။ ဆရာက အနုပညာသမား၊ သုခုမ သမား မဟုတ်ပါလာ။ ပညာသင်ရေဆိုစွာ လည်း အနုပညာတစ်ရပ်ပါဗျာ။ ဆရာရေ လုပ်လို့ဖြစ်လာရေ ကျောင်းဆရာ (Made-teacher) မဟုတ်ပါ။ မွီးရာပါ ကျောင်းဆရာ (Born-teacher) ဖြစ်တေ။

ကျွန်တော်ရို့ ကျောင်းသားတိဆရာကို မျှော်နီယက်ပင်း အ-ထ-က(၁)ကို ကျောင်းဖွင့်ပြီး တစ်လလောက်မှာ ဆရာရောက်လာရေ။ ဆရာရေ ကျွန်တော်ရို့ထင်စွာထက် အများကြီး နုပျိုလှပနီပါရေ။ ယင်းအချိန်က မြန်မာစာဆရာ ဆိုကေ ခေတ်မမှီရေ ဝတ်စားဆင်ယင်မှုနန့် ကျောင်းထိုင်ဘုန်းကြီးပိုင် မျက်နှာသီသီနန့်၊ ကွမ်းစားဆရာဝါကြီးတိ များပါရေ။ ဆရာကတော့ စတိုင်တစ်မျိုးနန့်ပါ။ မျက်နှာပြည့်ပြည့်ဝိုင်းဝိုင်း၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ် ချေနန့်ပါ။ အသားရောင်ကဝင်းလို့ လူက ပြုံးပြုံးချေ။ ခေတ်မီသန့် ပြန့်လို့ လှလှ၊ လှခန့်တစ်ယောက်လို့ ပြောနိုင်ပါရေ။ စကားပြောကေ ညင်သာသိမ်မွေ့ပါရေ။

အချိန်တိုတိုသျှေအတွင်းမာ ကျောင်းသားကျောင်း သူရို့၏ ချစ်ခင်လေးစား ယုံကြည်မှုကို ဆရာ ရယူနိုင်ခပါရေ။

မြန်မာစာဆိုစွာ ကျောင်းသားတိ မကြောက်တေ၊ အထင်မကြီးရေဘာသာ၊ ဇာသူ ဇာပိုင်ဖြေဖြေ ၄၀- မှတ်ရရေ လို့ ထင်ထားကတ်တေဘာသာ၊ ယင်းဘာသာကို စိတ်ဝင်စားအောင်၊ အထင်ကြီးအောင် သင်ဖို့ဆိုစွာ မလွယ်ရေကိစ္စပါ။ ဆရာက မလွယ်စွာကို လွယ်အောင်လုပ်ပစ်တေ။

ဆရာနန့် မြန်မာစာသင်လို့ နှစ်ပတ်သုံးပတ်လောက်မာ ကျွန်တော်ကိုယ့်စွာကိုယ် သိလိုက်ပါရေ။ ငါရို့ဆရာက မြန်မာစာပြစွာမာ ကောင်းကောင်းတော်ကေလေး၊ မြန်မာစာညံ့ရေ ကျောင်းသားစာရင်းမာ ငါထိပ်ဆုံးက မနှားယေ။

တစ်ရက်နိက နိခင်းမုန့်စားလွတ်ချိန်မာ ကျွန်တော့်ကို ဆရာခန်းထဲကို ခေါ်လားပါရေ။ “ မင်း မြို့ဟောင်းသား မနှားဝေ၊ ဆရာကြီးသားဆို၊ ငါလေးတူရေလို့မှတ်ယင့်၊ ဆရာလေး မြို့ဟောင်းကဝေး” လို့ စပြောပါရေ။ ဆရာက မြို့ဟောင်း(မြောက်ဦးအကြောင်းတိကို ကျွန်တော် စိတ်ဝင်တစားဖြစ်အောင်ပြောပြပါရေ။ ကျွန်တော်က စကား အရှည်ကြီး ပြန်မပြောဝံ့ပါ။ ဆရာနန့် တပည့်ဟောင်းကြီးထဲကတချို့ရို့ ခင်မင်ရင်းနှီးပြောနီကတ်စွာတိ ကျွန်တော်မြင်ဖူး ပါရေ။ ကျွန်တော်က အတန်းထဲမာ လူကလေးအငယ်ဆုံး၊ အသက်ကလေးအငယ်ဆုံး ပိုင်ဖြစ်နီလို့ ဆရာတိရှိမာ စကားပြောရဖို့ဆိုကေ ကြောက်တတ်ပါရေ။ ဆရာက ကျွန်တော့်ကို ဆရာတစ်ယောက်ပိုင် မဟုတ်ဘဲ ညီအရင်းသျှေ တစ်ယောက်ပိုင် ထိုအကြောင်း ဒေအကြောင်း ရင်းရင်းနှီးနှီး ပြောပါရေ။ နောက်ဆုံးမာ ဆရာပြောရေ စကားတစ်ခွန်း ကျွန်တော့်ရင်ထဲမှာ မြားတစ်စင်းပိုင် ဝင်လာပါရေ။

“မင်းကိုဆရာမက သချ်ာကောင်းကောင်းရရေလို့တော့ ပြော ရေဝေး၊ မြန်မာစာ စိကေညံ့ရေကာဝေ” ရှက်ခြင်း၊ ကြောက်ခြင်း၊ ဝမ်းနည်းခြင်းတိနန့် ကျွန်တော်ဗဟော သျှေပိုင် ဖြစ်လားလီပါရေ။

ဆရာက ကျွန်တော့်ကို အားပီးရေ၊ နောက်ပိုင်းမာလေး၊ တခြားကျောင်းသားတိထက် ဂရုတစိုက်ကူညီပါရေ။ မြန်မာစာဆိုရေ ဘာသာကိုသင်လို့ရာ တခုသင်စွာရာ ကျွန်တော်လုံး၀ စိတ်မဝင်စားပါ။ ဆရာသင်ပြကေ စာသင်ကောင်းလို့ တစ်ချက်သျှေ စိတ်ဝင်စားပါယင့်၊ အားကေသချ်ာ၊ ရူပဗေဒတွက်ဖို့စွာကိုရာ စိတ်ရောက်လားလီပါရေ။

တခါက ဆရာပြောဖူးစွာ ရင်ထဲမာစွဲကျန်ခပါရေ။ “ဆရာဝန်ဖြစ်ဖြစ်၊ အင်ဂျင်နီယာဖြစ်ဖြစ် လူဆိုစွာ တနိတရက်မာ ကိုယ့်အကြောင်း၊ ကိုယ့်မြို့ကိုယ့်ရွာအကြောင်း၊ ကိုယ့်လူမျိုးအကြောင်းကို ရီးဖို့အချိန်ကျလာတတ်တေ။ ယင်းခါ မြန်မာစာအရေးကြီးလာဗျာဝေ၊ အရီးကောင်းဖို့လိုရေဝေနှမ်း၊ အရီးကောင်းချင်ကေ၊ အဖတ်များရဖို့ ဘာသာရပ်တစ်ခုကို အထင်သေးလို့ မရဝေး”

ဆရာ၏အရိပ်အာဝါသအောက်မှာ ကျွန်တော်နှစ်ပြည့်နီခွင့် မရလိုက်ပါ။ မိုးနိတစ်ရက်မာ တင်မိုး၏ “အဖိုးသခင် ကိုယ်တော်မှိုင်းသို့” ကဗျာကို သင်နီယက်ပင်း သူချစ်တေတပည့်တိကို နှုတ်ပင်မဆက်နိုင်ခဘဲ ပညာရေး လောကထဲက မျက်လှည့်ပြပိုင် ထွက်လားခလီရေ။

ကျွန်တော်ရို့ ဝမ်းနည်းပက်လက်နန့် လွမ်းကျန်ခကတ်တေ။ ဆရာပြောဟန် ဆိုဟန်တိ မျက်စိထဲမာ

မြင်တုန်း၊ ဆရာ့စကားသံတိကို နားထဲမာ ကြားနီမိတုန်းပါ။ ဆရာ့တပည့် ထိုနှစ်က ဆယ်တန်းအောင်ရေခါ၊ ဆရာပြောရေပိုင် သချ်ာကတော့ ဟုတ်တေဝှက်လို့ ဆိုနိုင်ပါယင့်၊ မြန်မာစာကတော့ စိသျှေမဟုတ် ကောင်းကောင်း ညံ့ပါရေ။ ယင်းခါက ဆရာကို လွမ်းမိရေ။ တန်ဘိုးနည်းရေ ပုဂ္ဂလိက အလွမ်းပါရာ။

ဆရာက အနုသုခုမသမား၊ ယေကေလေးဘဝ ဖြစ်တည်မှုမှာ ပြဋ္ဌာန်းချက်က တပုံစံဖြစ်ရလီရေ။ မြန်မာစာကို စိတ်မဝင်စား၊ မြန်မာစာအလွန်ညံ့ရေကောင်း၊ ရခိုင်စာဆိုစွာ ခေါင်းထဲလုံးဝမဟိရေ ဆရာ့တပည့်။ အေနိခါ ဆရာ ချစ်မြတ်နိုးခရေ ရခိုင်စာပီကို အမိပိုင်ချစ်လို့ ဆရာ့ပုံစံ အနုသုခုမသမားတပည့်ပါ။ အေနိခါဆရာကို ပိုလွမ်းပါရေ။ စာပီယဉ်ကျေးမှုနန့်ယှဉ်ပြီးကေ အမျိုးဘာသာနန့်ယှဉ်ပြီးကေ အလွမ်းမိရေဘဝ လွမ်းပါဆရာ။

(၃)

ရခိုင်ဂန္ထဝင်နိမိတ်ပုံရို့။ လင်းလက်ပြိုးပြက်တေ မြောက်ဦးမာ ဆရာကိုမွီးရေ။ တော်ဝင်နန်းတော်ကုန်း အနောက်ဘက်၊ မြင်း စိုင်းပြင်အရပ်မာ ဖြစ်တေ။ ဆရာရို့ အိမ်နောက်မာ သိင်္ဂနဒီ မြောက်ဦးချောင်းရေ၊ စိမ်းစိမ်းမြမြ၊ အလှအပသျှေ စီးဆင်းနီရေ။ ဆရာ့အဖက လူရတတ်ပန်းထိမ်ကြီးတပည့်တိမကန်၊ ဆရာ့ဘဝက အီးအီးချမ်းချမ်း၊ အသျှေကပင် နူးနူးညံ့ညံ့သျှေ၊ ဒုတိယကမ္ဘာ စစ်ဖြစ်လာရေခါ ဆရာရို့မိသားစုရေ အဥ္စနနဒီလေးမြို့မြစ်ကမ်း ဘေးက မြက်ရိတ်ကျွန်းရွာသျှေကို ပြောင်းနီကတ်တေ။ ယင်းခါ ဆရာ ၆-နှစ်၊ ၇-နှစ်၊ လူမှန်းသိလို့ ပျော်ရွှင်ခံစားတတ်စ ပြုရေချိန်မာ လှပရေ ရခိုင်သဘာဝတရားနန့် ဆိုးဝါးရေ စစ်ဒေ နှစ်မျိုးရေ ဆရာ့ဘဝထဲကို တပြိုင်တေး ဝင်လာရေ။ ကောင်းကင်ထက်မာ စစ်လီယာဉ်ပျံတိ၊ ဆရာက လေးမြို့မာရီချိုး၊ အပင်တိကြားမာပုန်း၊ သောင်ပြင်မာပြီး၊ အိမ်မာ စာသင်၊ သာခြင်းနားထောင်၊ ဝတ္ထုနားထောင်ယက်ပင်းနန့် စစ်ကာလကို ဖြတ်သန်းခရရေ။ အသျှေကပင် ဘာသာတရား ကို ကိုင်းယှိုင်းရေ၊ စာကြိုးစားရေ၊ သမိုင်းယဉ်ကျေးမှုကို မြှုပ်ပြီးလေ့လာရေ။ ဉာဏ်ကောင်းရေ၊ ထက်တေ။ တက္ကသိုလ်ကို ခလုတ်မသတ်ဘဲ ရောက်လားခပါရေ။ တက္ကသိုလ်မာ ဆရာ့ဘဝပီပြင် ရုပ်လုံး ကြွလာရေ။ ဆရာကောင်း သမားကောင်း တိနန့်တွိရလာရေ။ လမ်းညွှန်မှုရလာရေ။ စာပီမိတ်ဆွေ ပေါင်းသင်းရောင်းရင်းရို့နန့် ပေါင်းစည်းဆုံတွိလာရေ။ အတွိ အကြုံတိမကန်နန့် ရင့်ကျင့်ခိုင်မာလာရေ။

မြကျွန်းသာက ကျောင်းပိတ်လို့အိမ်ပြန်လာကေ၊ အမိအိမ်ရိပ်ထဲမာ အကိုတိနန့် ငြင်းရခုံရရေ၊ ဆရာက မောင်နှမငါးယောက်ထဲမာ အငယ်ဆုံးဖြစ်တေ၊ အစ်ကိုသုံးယောက် အေးမတစ်ယောက် ဟိရေ။ အစ်ကိုသုံးယောက် က သမိုင်းခေတ်ထဲမာ မြစ်ကိုလက်ပစ်ကူးခရေလူတိ။ ဆရာကတော့ ကိုယ့်ဝါသနာ၊ ကိုယ့်ပညာ၊ ကိုယ့်ယုံကြည်ရာ နန့်ကိုယ်။

မြကျွန်းညိုမာ၊ ရခိုင်စာပီ အနုပညာဝိုင်းထဲ လှုပ်ယှားယင်း ပင်မြင့်တော်ဝင် ပန်းသဇင်၊ ကြည်နူးရင်ခုန်ရေ မေတ္တာဘွဲ့တစ်ခု ဆရာ့နှလုံးအိမ်ထဲမာ ဖြစ်တေခရေ။ ကုသိုလ်ကြမ္မာမမှီပါခလို့ပင် ဆိုရလီဖို့လား။ အမျိုးဘာသာ တူကေလေး၊ ဘဝမတူ၊ လမ်းမတူလို့ အလွမ်းပြဇာတ်တစ်ပုဒ်ရာဖြစ်ရလီရေလို့ ဆိုရဖို့လား မပြောတတ် ပါဗျာ။

အမိဝါကြီးမက ပညာတတ်သားသျှေကို အိုးနန့်အိမ်နန့် ဖြစ်စီချင်ရေ။ စစ်တွေမြို့က ဖေသာဝလာ

အလွှာတိက ကမ်းလှမ်းလာရေလက်ကို ဆရာခေါ်င်းခါလီရေ၊ ထိုကာလက ခေတ်စားရေလင်ရောင်း လင်ဝယ်စနစ်ကို ဆရာဆန့်ကျင်ရေ။ ယင်းပိုင်နန့် နီ့ကန္တာရသစ္စာလမ်းမာ ဆရာတစ်ယောက်ထဲ။

လူဆိုစွာ ကိုယ့်ဖြစ်တေမှုကို ကိုယ်တိုင်လွတ်လွတ်လပ်လပ် ရွီးခွင့်ဟိပါရေ။ ကိုယ့်သမိုင်းကို ကိုယ်ရွီးရရေ။ မြို့ပြင်မာ၊ ကောင်းကင်မာ၊ မြစ်မာ၊ ပင်လယ်မာ၊ တောင်မာ၊ တောမာ၊ အရပ်မျက်နှာပေါင်းစုံမာ ပြန့်ကြဲနီရေ သမိုင်းအဖွဲ့အစသျှေတိကို စုစည်းဖို့ လေးစားဖို့ဆိုစွာက လက်ဟိမျိုးဆက်၊ လာဖို့မျိုးဆက်တိ တာဝန်ပါ။

(၄)

ဒေစကြာဝဠာထဲမှာ ကောင်းမှုကုသိုလ်လုပ်ခရေ လူတိအတွက်၊ သုဂတိဘုံလို့ဟိပါရေလတ်။ ယင်းဘုံမာ ရခိုင် ရွာလို့ ဟိပါရေလတ်။ ယင်းရွာမာ ဆရာကြီးစံရွှေပု၊ ဆရာကြီးအောင်သာဦး၊ ဆရာကြီးဦးသာထွန်း၊ ဆရာကြီးစံသာအောင်ရို့နန့် အဖန် ရည်သောက်ယက်ပင်း ရခိုင်သမိုင်း၊ ရခိုင်စာပီတိကို ဆရာဆွေးနွေးတိုင်ပင်လို့ ဟိလီပါဖို့။ ယင်းရွာမာ မြောက်ဦးလမ်းသျှေကို လျှောက်ယက်ပင်း ဆရာကြီး အောင်လှဇံနန့်တွိပနာ၊ ရခိုင်အမျိုး သားပညာရေး အကြောင်းကို ဆွေးနွေးလို့ဟိလီပါဖို့။

**မောင်ခိုင်အောင်**

# ရခိုင်ကဗျာနှင့် ရခိုင်အတွေးအခေါ်

## နိဒါန်း

၁၉၆၉-ခု၊ ဇွန်လ (၂၈)ရက်၊ စနီနိတွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ယုဒသန်ခန်းမဆောင်တွင် ရခိုင် အမျိုးသားစာပီနန့်ယဉ်ကျေးမှု ဆပ်ကော်မီတီကကျင်းပသော ဟောပြောပွဲ၌ဟောပြောခသည့် **"ရခိုင်ကဗျာနန့် ရခိုင် အတွေးအခေါ်"** အကြောင်းကို စာတမ်းပြုစုထားလိုက်ပါသည်။

ဟောပြောပွဲ၌ ယင်းအကြောင်းအရာကို ပြောဟောဖို့ ရွီးချယ်ရခြင်း၏ အဓိက ရည်ရွယ်ချက်မှာ - 'နားလည်မှု' ရစီဖို့ ဖြစ်ပါသည်။ ရခိုင်ကိုနားလည်မှု ရစီဖို့ပင် ဖြစ်ပါသည်။ ရခိုင်ကို ရခိုင်နားလည်မှုရစီဖို့၊ ရခိုင်ကို ချင်း၊ ကချင်၊ သျှမ်း၊ ကယား၊ ကရင်၊ မွန်၊ မြန်မာရို့ နားလည်ဖို့၊ ရခိုင်ကို ကမ္ဘာ့လူသား တစ်ရပ်လုံးနားလည်ဖို့ အဓိက ရည်ရွယ်ပါသည်။ ဤရည်ရွယ်ချက်အတွက် အကျိုးမျှော်မှုတဆိတ်ကေထားပါသည်။ ယင်းအကျိုးမျှော် မှုကား အခြားမဟုတ်ပါ။ အချင်းချင်း နားလည်ခြင်း ကြောင့် အချင်း ချင်းချစ်ခင်ညီညာရီး၊ အချင်းချင်းလေးစားရီး၊ အချင်းချင်း အခွင့်အရီးကို မထိခိုက် မစော်ကားရီး၊ အချင်းချင်းငြိမ်းချမ်းစွာ နီထိုင်ရီးရို့ပေါ်ထွက်လာဖို့ကို အကျိုးမျှော်ပါသည်။ ဇချင့်ရေ အဓိက ရည်ရွယ် ချက်မူ၊ အဓိက အကျိုးမျှော်မှုပါယာ။

"ရခိုင်ကဗျာနန့် ရခိုင်အတွေးအခေါ်"ကို နိဂုံးအပါအဝင် အပိုင်းကြီးလေးပိုင်း ပိုင်းခြားအပ်ပါသည်။ ယင်းရို့မှာ-

(၁) စာပီ၊ ရခိုင်စာပီ

(၂) စာပီ၏ ပုံသဏ္ဌာန်နန့်အကြောင်းအရာ၊ ရခိုင်စာပီ၏ ပုံသဏ္ဌာန်နန့် အကြောင်းအရာ

(၃) ရခိုင်ကဗျာတွင် တွိဟိရသော အတွေးအခေါ်ကြီးသုံးရပ်

(၄) နိဂုံး ဟူ၍ ဖြစ်ပါသည်။

# အပိုင်း(၁)
# စာပေ၊ ရခိုင်စာပေ

လူသားရို့၏စာပေသည် လူ့ခံစားချက်၊ လူ့တွေးခေါ်ချက်၊ အပြောအဆို အရီး အသားရို့ကို စုပေါင်းချက်မှ ပေါ်ထွက် လာရေ လူ့အသုံးအဆောင်ပစ္စည်းတစ်ခု ဖြစ်ပါသည်။ လူသည် ပတ်ဝန်းကျင်နန့် ထိတွေ့ကေခံစားတတ်ပါသည်။ စဉ်းစား တွေးခေါ် တတ်ပါသည်။ ယင်း အခံအစား အတွေးအခေါ်ရို့ကို နှုတ်ကဖွင့်ပြောကေ အပြောအဆို ဖြစ်လာပါသည်။ ရီးသားကေ အရီးအသား ဖြစ်လာပါသည်။ အချုပ်မှာကား စာပေဆိုသည်မှာ - ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဆိုရေ အမှုသုံးပါးပေါင်း စပ်တီထွင်လိုက်ခြင်းတစ်ရပ် ဖြစ်ပါသည်။ ခေတ်နန့်အညီအလျော် ပြောင်းလဲလိုက်လာရေ အဟောင်း ဆုံး လူ့အသုံးအဆောင်ပစ္စည်းတစ်ခုပင် ဖြစ်ပါသည်။

ရခိုင်ရို့၏စာပေသည် ရခိုင်ခံစားချက်၊ ရခိုင့်တွေးခေါ်ချက်၊ ရခိုင့်အပြောအဆို၊ ရခိုင့်အရီးအသားရို့ စုပေါင်းချက်မှ ပေါ်ထွန်းလာရေ ရခိုင့်အသုံးအဆောင်ပစ္စည်းတစ်ခု ဖြစ်ပါသည်။ ရခိုင်သည် ရခိုင့်ပတ်ဝန်းကျင် အလျောက် ခံစားပါသည်။ စဉ်းစား တွေးခေါ်ပါသည်။ ယင်းခံစားချက်၊ ယင်းစဉ်းစားတွေးခေါ်ချက်ရို့ ကို နှုတ်ကဖွင့်ပြောကေ ရခိုင်စကား ဖြစ်လာပါသည်။ ရခိုင်ပိုင်ရီးသားကေ ရခိုင်အရီးအသား ဖြစ်လာပါသည်။ အချုပ်မှာကား ရခိုင်စာပေဆိုသည်မမှာ ရခိုင့်အမှုသုံးပါးလုံးကို ပေါင်းစပ်တီထွင်လိုက်ခြင်းတစ်ရပ် ဖြစ်ပါသည်။ ခေတ်နန့်အညီအလျော် ပြောင်းလဲလိုက်လာသည့် အဟောင်းဆုံး ရခိုင့်အသုံး အဆောင်ပစ္စည်းတစ်ခုပင် ဖြစ်ပါသည်။

ငါရို့သည် ခံစားချက်၊ တွေးခေါ်ချက်ရို့ကို ပတ်ဝန်းကျင်ကရသည်။ သမိုင်းက ရသည်။ ရခိုင်ရို့သည် ရခိုင့်ခံစားချက်၊ ရခိုင့်တွေးခေါ်ချက်ရို့ကို ရခိုင့်ပတ်ဝန်းကျင်ကပင် ရပါသည်။ ရခိုင့်ပတ်ဝန်းကျင်တွင် ပကတိအဟိ၊ အမြင်အတွိ၊ အကြားအနာ၊ အနံ့အသက်ရို့ကို အာရုံစိုက်ရပါမည်။ သတိပြုရပါမည်။ စစ်ဆီးသန့်စင်ရပါမည်။

## အကျွန်ရို့၏ အမြင်အတွိ

ရခိုင်ရိုးမတောင်တန်းကြီး ရခိုင်ပင်လယ်ရီပြင်၊ ရခိုင်လယ် တောယာမြီ၊ ရခိုင်မြို့ ပြကျေးရွာ အသီးသီးရို့ကို မြင်တွိရပါသည်။ ထပ်မံလို့ပြောရပါကေ-အာကာမှိုင်းခိုင်း၊ ဆိုင်းဆိုင်းပြိုင်းပြိုင်း၊ ထည်ထည်ဝါဝါ၊ ခမ်းခမ်းနားနား၊ ရပ်တည် နီရေ ရခိုင်ရိုးမန္တယ် ချိုင်နန်းတောင်ရိုး တောင်စွယ်နန့်စိမ်းစိုညိုမြသော ရခိုင်ပင် လယ်ရီပြင်၊ ရိုးတောင်တန်းမှ မြစ်ဖျားခံပြီး ပင်လယ်ပြင်သို့ စီးဆင်းနီကတ်သည့် မြစ်နဒီအသွယ်သွယ်၊ ၎က်ခါး တောင်ပိုင်စိမ်းစိမ်းစိုစို မြမြညိုနီသည့်လယ်ခင်း၊ ကောက်ခင်း၊ ဆန်နှံခင်းများပင် ဖြစ်ပါသည်။ ဤအရာ ဤအရာများသည်ပင် အကျွန်ရို့၏ အမြင်အတွိ၊ မျက်စိပသာဒ အကြည်အဆိုက်၊ ရခိုင့်အလှအပသဘာဝများပင် ဖြစ်ပါသည်။ မိုးတိမ်အဆိုင်းအဆိုင်း အလှိုင်းအလှိုင်းတိနန့် တန်ဆာ ဆင်ယင်ထားရေ အကျွန်ရို့၏မာန်အောင်ကျွန်း၊ တိုက်ကျွန်း၊ ရဲကျွန်းနန့်

ကျွန်းပေါင်းများစွာ ထို့အပြင် နှလုံးမွှေ လျှော် ပျော်ဖွယ်အတိ ရမ္မာဝတီရမ်းပြည့်ကျွန်းကြီး၊ အရာတစ်ဖက်မှာဆိုကေ ရွှေဝါချိုင်၊ ငွေလှာသောင်ကမ်း၊ ရွက်ဖြူတလွလွ လှိုသင်္ဘောတိနန့်၊ ပဏာရ-ကြည့်မဝပျော်မဆုံး၊ ဝင်ထွက်မစဲ တသဲသဲနန့် ဒွာရာဝတီ သံတွဲမြို့ကြီး။ ထို့ပြင် ရက္ခမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မြောက်ဦးရွှေမြို့တော်ဟောင်းနန့်တကွ၊ လောင်းကြက်၊ နေရဥ္စရာ၊ တောင်ငူ၊ ခြိပ်၊ ပုရိမ်၊ ပဥ္စာ၊ စမ္ပာဝက်၊ ဝေသာလီ၊ ကျောက်လှေကား၊ ဓညဝတီ၊ ကျောက်ပန်းတောင်း၊ နီလာပန်းတောင်း၊ ကန်သုံးဆင့်၊ ငခွေးသင်တောင်၊ ဒွါရာဝတီ၊ ရမ္မပူရစသည့် မြို့တော် ဟောင်းများ။ ယေပြီးကေ- သျှစ်သောင်း၊ ကိုးသောင်း၊ မာန်ငါးပါးနန့်တကွ ဉဿလင်း ဓာတ်တော်၊ ဦးရစ်ဓာတ် တော်၊ ဆံတော်၊ အံတော်၊ နံတော် စသည့်ဘုရားပုထိုး ဂူကျောင်း ဇရပ်အထပ်ထပ်။ တခါ- မဟာမုနိကိုယ်စားတော် နန့် မဟာဇိန်ကအစ ရုပ်တုတော်အပေါင်း၊ ဓာတ်တော် အပေါင်းကိန်းဝပ်စံပျော် ရာ တောင်ထိပ် တောင်ထွတ်များ၊ သီရိဂုတ်ကုန်း၊ ကတည ကုန်း စသောကုန်းမြတ်မြီမြတ်များ စသည်စသည်ရို့မှာ အကျွန်ရို့၏ အမြင်မှာ စွဲမြဲစရာ၊ ချစ်ခင်စရာ၊ ကြည်နူးစရာ၊ ရခိုင့်အလှအပ အမြတ်အနိုးရတနာများပင် ဖြစ်ပါသည်။ ဤပတ်ဝန်းကျင်၊ ဤပတ်ဝန်းကျင်ရို့ကို အကျွန်ရို့မြင်တွိ ရပါသည်။

## အကျွန်ရို့၏ အကြားအနာနှင့် အသင်းရနံ့

ယက်အူသံ၊ လှိုင်းဆူသံ၊ မုတ်သုန်လှိုင်းရိုက်ခတ်သံ၊ စိမ့်စမ်း ချိုမြောင်များက တသောသောတည်ည် ရီစီးသံများ၊ အောက်ချင်း ငှက်စသော ရခိုင့်ကျီးငှက်သံသာ တွန်မြည်ကျူးရင့်ချက်များ၊ ဆင်အစ သျှဥ္စအဆုံး၊ သားရဲတိရစ္ဆာန်တို့၏ အတန်တန်အလီလီ အော်မြည်ပျော်မြူးသံများ၊ လယ်ယာအကိုအဘာရို့၏ အရွှေ့သံ၊ နွားငေါက်သံ၊ စာလိုက်သံ၊ တံငါရို့၏ တက်ခတ်သံ၊ ဟီးလေသံ၊ အန်ဆိုသံ။ ဤအရာရို့ကား အကျွန်ရို့၏ ချိုတ သိမ့်သိမ့်၊ ချမ်းတငြိမ့်ငြိမ့် ကြားရနာ ရရေ အသံဘလံများပင်။

ယင်းနောက် ကိုယ်စိတ်နှစ်ပါးကို ကြည်လင်ရွှင်ပျသွီးကြွစီရေ ပင်လယ်ပြင် လီချို လီသန့်ကို ယှူယှိုက်ရပါ သည်။ တောသင်းနံ့၊ တောင်သင်းနံ့ကို ယှူရယှိုက်ရပါသည်။ အကျွန်ရို့၏ အကြား အတွိတိပင် ဖြစ်ပါသည်။ အချုပ်ပြောရ ပါကေ- လွတ်လပ်ခြင်း၊ ရဲရင့်ခြင်းကိုဖြစ်စီရေ ပင်လယ်ရီပြင်၊ တည်ငြိမ်ခြင်း၊ ရင့်ကျက်ခြင်းကိုဖြစ်စီရေ ရိုးမတောင်တန်း၊ ရွှင်လန်းခြင်း၊ တက်ကြွ ခြင်းကိုဖြစ်စီရေ ကောက်ခင်း၊ လယ်ခင်း၊ ယာခင်းတိရေ၊ စောင့်ရှောက် ခြင်းတရား ပြည့်ဝ ကုံလုံရေ ရခိုင်လူ့အဖွဲ့အစည်း၏ ရခိုင်ပတ်ဝန်းကျင် (Rakhine Environment) ပင် ဖြစ်ပါသည်။

ဤရခိုင်ပတ်ဝန်းကျင်လောကကို အကျွန်ရို့၏ အဖူအဖာ အဆက်ဆက်က တည်တန့်ခိုင်ခန့်လာရေ ရခိုင်နှလုံး သွီး (Rakhine Hereditary Blood)မှာ တွိခံစားယူလိုက်ပါကေ၊ ထူးခြားရေ၊ ထက်မြက်တက်ကြွ နိုးကြားသောခံစားချက် ပေါ်ပေါက်လာပါသည်။ ထူးခြားထက်မြက်စွာ၊ တက်ကြွနိုးကြားစွာ စဉ်းစားတွေး ခေါ်လာပါသည်။ ဤခံစားချက်၊ ဤတွေးခေါ်ချက်တိကို နှုတ်က ဖွင့်ပြောကေ၊ ရခိုင်စကား ဖြစ်လာပါသည်။ လက်နန့် ရီးဖွဲ့လိုက်ကေ ရခိုင်အရီးအသား၊ ရခိုင်စာဖြစ်လာပါသည်။ (ရခိုင်နန့်ကမ္ဘာ ထိတွိဆက်စပ်မှု၊ အတွေးအခေါ် ကျယ်ဝန်းလာမှု၊ တိုးတက်လာမှုရို့ကို ဇစ်တမ်း၌ တိုက်ရိုက်မဆက်စပ်၍ ချန်ထား ခပါသိသည်။ )

ခုခေတ်ကာလမှာ အတွေးအခေါ် အပြောအဆိုရို့ကို အရီးအသားလုပ်ဖို့ လွယ်ကူနီသော်လည်း

ထိုရှိုးရှိုးခေတ် ကကား ခုပိုင်မလွယ်ကူပါ။

လူသည် သူ့အတွေးအခေါ် သူ့အပြောအဆိုကို အရီးအသား လုပ်ဖို့အတွက် အက္ခရာ(ဝါ) အမှတ်အသား သင်္ကေတ တစ်ခုခုလိုပါသည်။ ကမ္ဘာဦးလူရို့ကကား အက္ခရာအမျိုးမျိုး၊ သင်္ကေတအမျိုးမျိုးရို့ကို တည်ထွင်ခကတ်ပါသည်။ ရခိုင် အရီးအသား စတင်ပေါ်ပေါက်လာသည့်ခေတ်ဟု သတ်မှတ်ထားကတ်သည့် ဝေသာလီခေတ်က ရခိုင်ရို့ကား ရခိုင် အတွေးအခေါ်၊ ရခိုင်အပြောအဆိုရို့ကို ရက္ခဝဏ္ဏအက္ခရာနန့်ပေါင်းစပ်ပြီးကေ ရခိုင်အရီးအသား၊ ရခိုင်စာကို တီထွင်ခကတ်ပါသည်။ ဤအချက်နန့်ပတ်သက်လို့ ဝေသာလီခေတ်နိုင်ငံသုံး ဒင်္ဂါးများ၊ ကြီးဆီးမီးခွက်များ၊ ကျောက်စာနန့် ပီစာတိကိုလိလာ ကေသိသာနိုင်ပါသည်။ ပိုမိုနက်နဲကျယ်ပြန့်လာအောင် တိကျမှန်ကန်လာအောင် သုတေသနလုပ်ဖို့ ကိစ္စပင် ဖြစ်ပါသည်။ ဆိုခသောရက္ခဝဏ္ဏအက္ခရာမှာ အင်ဒိုအေရီယန်လူမျိုးရို့ သုံးစွဲသည့်ဗြဟ္မီအက္ခရာမှ မြစ်ဖျားခံ ကာ ဆင်းသက်လာပြီးကေ ရခိုင့်နည်းလမ်းအရ ဆင့်ကဲပြောင်းလဲလာခြင်း (The Evolution of Rakkhawanna from Vrahmi)ကြောင့် ပေါ်ထွန်းလာသော အက္ခရာပင်ဖြစ်ပါသည်။ အလားတူပင် သီဟိုဠ်အက္ခရာ၊ မွန်အက္ခရာ၊ ပျူအက္ခရာ၊ မြန်မာအက္ခရာ၊ သျှမ်းအက္ခရာ၊ ထိုင်းအက္ခရာ၊ ခမာအက္ခရာရို့သည်လည်း ဗြဟ္မီအက္ခမှ မြစ်ဖျားခံပြီးကေ ဆင်းသက်လာ ကတ်သည်ပင် ဖြစ်ပါသည်။ တဖန် အခုခေတ်သုံးရခိုင်အက္ခရာ ရက္ခဝဏ္ဏအက္ခရာမှ ဆင့်ကဲပြောင်းလဲလာခြင်း (The Evolution of modern Rakhine Alphabet from Rakkhawanna)ပင် ဖြစ်ပါသည်။ဆိုခသော ရခိုင်အက္ခရာနန့် ရခိုင် အတွေးအခေါ် ရခိုင်အပြောအဆိုရို့ကို ပေါင်းစပ်ရီးဖွဲ့လိုက်သည့်အခါ ရခိုင်စာ ပေါ်ပေါက်လာပါသည်။ လူမျိုးတိုင်းမှာ လည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ရခိုင်ရို့မှာ စာကို ကျောက်တုံးကျောက်ပြား၊ သတ္တုပြား၊ ရုပ်တု၊ ပီရွက်၊ ထန်းရွက်၊ ဝါးပြား၊ စက္ကူ စသည်ရို့မှာ ရီးလိ သားလိဟိ ကတ်သော်လည်း ပီမှာအများဆုံး ရီးသားသည့်အတွက် ကြောင့် စာနန့်ပီကို တွဲဖက်ပြီးကေ "စာပီ"ဟု ခေါ်ဝေါ် သုံးနှုန်း လာတတ်ပါသည်။ ယင်းကြောင့် ရခိုင်အခြင်းနန့်ရီးသားသမျှ စာပီအရပ်ရပ် ရို့မှာ "ရခိုင်စာပီ" (Rakhine Literature) ပင် ဖြစ်ပါသည်။

## အပိုင်း(၂)
## စာပေ၏ ပုံသဏ္ဍာန်နှင့် အကြောင်းအရာ

ရခိုင်စာပေ၏ ပုံသဏ္ဍာန်နှင့် ရခိုင်အကြောင်းအရာ- ရခိုင် စာပေကို အဓိကပုံ သဏ္ဍာန်အရ အပိုင်းကြီးလေးပိုင်း ခွဲခြားထား နိုင်ပါသည်။ ယင်းရို့မှာ- (၁) လင်္ကာ၊ (၂) စကားပြေ၊ (၃) လင်္ကာစကားပြေနှစ်ထွေရော၊ (၄) အဖွင့် ဟူ၍ ဖြစ်ပါသည်။

လူသည် မိမိ၏ခံစားချက်၊ တွေးခေါ်ချက်၊ ပြောဆိုချက်၊ ရီး သားချက်ရို့မှ စာပေကို မိမိသုံးစွဲရန်အတွက် တီထွင်ပုံ၊ တည်ထောင် ပုံသဘောကို အပိုင်း(၁)မှာ တင်ပြခပါယာ။ လူ့ခံစားချက်၊ လူ့ တွေးခေါ်ချက် (Feeling and Thought) ရို့ကို စကားဖွဲ့ရန်၊ စာဖွဲ့ ရန်အဆင့်သို့ တက်လာသောအခါ စည်းကမ်းနည်းလမ်းရို့မှာ အစပထမက မပါခသော်လည်း နောင်တွင် တစတစပေါ်ပေါက်လာခပါသည်။ ခံစားချက်တစ်ရပ်ကိုဖြစ်စီ၊ တွေးခေါ်ချက် တစ်ရပ် ကိုဖြစ်စီ ပုံဖော်ရန် ကြိုးစားသောအခါ အချက်ကြီးနှစ်ချက်ပေါ်ပေါက်လာပါသည်။ ယင်းရို့မှာ(၁) အကြောင်း အရာ (Content)နန့်၊ (၂) ပုံသဏ္ဍာန် (Form) ရို့ပင် ဖြစ်ပါသည်။

လူ့ခံစားချက်၊ တွေးခေါ်ချက်ရို့မာ အခြားမဟုတ်ပါယာ၊ စာဖွဲ့ဖို့အကြောင်းအရာပင် ဖြစ်ပါသည်။ ယင်းအကြောင်း အရာကို ရိုးရိုးစကားနန့် ရီးဖွဲ့ကေ စကားပြေပုံသဏ္ဍာန် ဖြစ်လာပါသည်။ စကားတန်ဆာဆင်ကာ ကာရန်နန့်ဖွဲ့ကေ လင်္ကာပုံသဏ္ဍာန် ဖြစ်လာပါသည်။ ရိုးရိုးစကားနန့် ကာရန်ပါသော စကားရောနှောလို့ဖွဲ့ကေ- လင်္ကာစကားပြေ နှစ်ထွေရောပုံသဏ္ဍာန် ဖြစ်လာပါသည်။

ရခိုင်သည် ရခိုင်သွီးသားအရလည်းကောင်း၊ ရခိုင်ပတ်ဝန်း ကျင်အသိုင်းအဝိုင်း အဖွဲ့အစည်းအရ လည်းကောင်း၊ ခံစားတတ် ကြောင်း၊ တွေးခေါ်တတ်ကြောင်း၊ ပြော ဆိုရီးသားတတ်ကြောင်းကို ရှိကအပိုင်းတွင် တင်ပြပြီးပါယာ။ ရခိုင့်ခံစားချက်၊ ရခိုင့်တွေးခေါ်ချက်ရို့ကို ရခိုင်စကားဖွဲ့ရန်၊ ရခိုင်စာဖွဲ့ရန် အဆင့်သို့တက်လာ သောအခါ ရခိုင်စာပေ စည်းကမ်းနည်းလမ်းရို့မှာ အစပထမတွင် အားလုံးလူမျိုးရို့နည်းတူပင် ပုံသီကားချပ်ဟိဖို့ မဟုတ်သော်လည်း နောင်တွင် တစတစ ပေါ်ပေါက်လာခပါသည်။

ယင်းရခိုင့်ခံစားချက်၊ ရခိုင့်တွေးခေါ်ချက်ရို့မှာကား အခြား မဟုတ်ပါယာ။ ရခိုင် စာဖွဲ့ဖို့ အကြောင်းအရာပင် ဖြစ်ပါသည်။ ယင်းရခိုင့်အကြောင်းအရာရို့ကို ရိုးရိုးစကားနန့်ဖွဲ့ကေ ရခိုင်စကားပြေ ဖြစ်လာပါသည်။ ကာရန်ပါ သော စကားနန့်ဖွဲ့ကေ ရခိုင်လင်္ကာ ဖြစ်လာပါသည်။ နှစ်မျိုးရောလို့ဖွဲ့ကေ ရခိုင်လင်္ကာ စကားပြေနှစ်ထွေ ရော ဖြစ်လာပါသည်။ ဘုရားဟောပါဠိတော်၊ ဆန်းကျမ်း၊ အလင်္ကာကျမ်း၊ ဓမ္မသတ်ကျမ်းရို့ကို ဖွင့်ဆိုကေ ရခိုင်အဖွင့် ဖြစ်လာပါသည်။ ထိုလေးမျိုးက အနုစိတ်ပုံသဏ္ဍာန်များကို ခွဲထုတ်လိုက်ကေ၊ ငါးရာလောက်ရလာဖို့ ထင်ပါသည်။

ဇပုံသဏ္ဍာန်လေးမျိုးကို ပေါင်းရုံးသိုင်းချုပ်ပြီးကေ “ကဗျာ”ဟု ခေါ်ပါသည်။ ကဗျာဟူသော ဝေါဟာရသည် သက္ကဋ သက် စကားတစ်လုံး ဖြစ်ပါသည်။ အဓိပ္ပာယ်ကား “ကိုယ်” ဟု ဖြစ်ပါ သည်။ စာပေတစ်ခုလုံး၏ ကိုယ်ဟု

ဆိုလိုပါသည်။ အချို့ကကား ကဗျာဟူသည် ပါဠိသက်စကားတစ်လုံး ဖြစ်သည်ဟု ယူဆကတ်ပါ သည်။ အဓိပ္ပာယ်မှာ 'ပညာဟိရို့၏ ဥစ္စာ'ဟူ၍ပင် ဖြစ်ပါသည်။ ရခိုင်ရို့က ကဗျာကို 'အဖွဲ့' ဟုလည်း ခေါ်ဝေါ် သုံးနှုန်းကတ်ပါသည်။ သီဖွဲ့ရီးဖွဲ့ထားခြင်းကြောင့် အဖွဲ့ဟု ခေါ်ဟန်တူပါသည်။

ကဗျာထဲမှာ အကျုံးဝင်သောလင်္ကာသည် ပါဠိသက်စကားတစ်လုံး ဖြစ်ပါသည်။ လင်္ကာဆိုသည်မှာ အသံအဆင်တန်ဆာ၊ အနက်အဆင်တန်ဆာရို့နန့် ပြည့်စုံသည့် ကဗျာတစ်မျိုး ဖြစ်သည်ဟု ပညာသျှင်ရို့ ဖွင့်ဆိုကတ်ပါသည်။ လင်္ကာကို 'အခြင်း'လို့လည်းခေါ်ပါသိ၏။ လင်္ကာနန့်တေးခြင်းအပါအဝင် ကဗျာသင့်အောင် ခပ်များများကို အခြင်းဟူ သော ဝေါဟာရနန့်တွဲပြီးကေ ခေါ်ဝေါ်သုံးနှုန်းကြောင်း တွိဟိရပါသည်။ ပုံစံ-ဧခြင်း၊ တမ်းခြင်း၊ အန်ခြင်း၊ သာခြင်း၊ တေးခြင်း၊ တုံးခြင်း၊ ဟန်ခြင်း၊ သိုင်းခြင်း၊ လွမ်းခြင်း၊ နတ်ခြင်း၊ ပန်းတျားခြင်းစသည် ကဗျာမျိုးများပင် ဖြစ်ပါသည်။ ဤနီရာ၌ အံခြင်းသည် လင်္ကာဟူသောအနက်နန့် နီးစပ်နီကြောင်း တွိဟိနိုင်ပါသည်။ အချို့က လင်္ကာနန့်အခြင်းကို တွဲပြီးကေ လင်္ကာအခြင်းဟု သုံးနှုန်းကတ်ပါသည်။

ရခိုင်လင်္ကာအခြင်းမှာ နှစ်မျိုးနှစ်စား ဟိပါသည်။ (၁) လင်္ကာအခြင်း၊ (၂) အရွှေ့တေးခြင်းရို့ပင် ဖြစ်ပါသည်။

'အရွှေ့တေးခြင်း' ဆိုသည်မှာ ဂီတပင် ဖြစ်ပါသည်။ အသံရှည်ရှည် ကျူးကျူးရင့်ရင့် သီဆိုရသည့်အခြင်းကို အရွှေ့ (ဝါ) တေးခြင်းဟုခေါ် သည်။ သို့ဆိုပါက ရနိုင်ကောင်းပါသည်။ ကျေးလက်တောရွာ၌ ဇာတ်တေးခြင်းကို ဇာတ်အရွှေ့၊ ရခိုင်တေးခြင်းကို ရခိုင်အရွှေ့၊ အင်္ဂလိပ်တေးခြင်းကို ဖလောင်းအရွှေ့၊ အင်္ဂလိပ်အရွှေ့လို့ အခုထက်ထိ သုံးနှုန်းပြောဆို ကတ်ပါသိ၏။ လောင်းကြက်ခေတ်၊ မင်းထီးဘုရင်လက် ထက် (၁၂၈၃-၁၃၈၉ အေဒီ)မှာ အသျှင်အဂ္ဂသာရမထေရ်မြတ် သီဖွဲ့သည့် 'လောကသာရပျို့'မှာ 'သံသရာကို၊ မှန်စွာသိမ်မွေ့၊ အရွှေ့ရွှဲလုံး၊ သီ၍ကုံးသို့၊ ကျင့်ထုံးမှတ်ရာ'ဟု ဆိုထားပါ သည်။ 'လောကသံသရာအကြောင်းကို ရွှဲလုံးသီကုံးဘိသကဲ့သို့မှန်ကန်စွာ၊ သိမ်မွေ့စွာ အရွှေ့သီကုံးထားသော ကျင့်ထုံးကျင့်စဉ် မှတ်သားစရာ'ဟု ဆိုထားပါသည်။ ထိုနောက် ဒုတိယ မြောက်ဦးခေတ်၊ မင်းရာဇာကြီးလက်ထက် (၁၅၉၃-၁၆၁၂ အေဒီ) အမတ်ကြီး ဥက္ကာပျံသီဖွဲ့သည့် ဝါကျွတ်လရတုမှာ 'အံ့ဖွယ်မှုတေးသံ ချိူ လက်ခုပ်ဖြောက်ဖြောက်၊ ခြင်းကောင်းသံပြိုင်ဆို၍' ဟု ဆိုထားပါသည်။ တဖန် ရှီးထုံးရခိုင်ရာဇဝင်ပီမူ 'တား' အချပ်တွင် စူဠစန္ဒရားမင်းကြီး ကိုယ့်ရခိုင်ပြည် ဝေသာလီသို့ မပြန်ဘဲ တကောင်းသင်းတွဲပြည်၌ စံစားလျက်ဟိတော်မူရာ၊ မှူးမတ်ပညာဟိ အပေါင်းရို့က စောင်းသည်ရို့အား အရွှေ့ဆိုစီကာ ကိုယ့်ပြည်ဖွဲ့နန်းဖွဲ့ကို ရွှေနားတော်သွင်းစီကတ် သည်။ ယင်သို့ ဖျော်ဖြည်ကတ်ပုံကို 'များစွာစောင်းသည်၊ ဗိုလ်ခံလည်တွင်၊ တီးသည်ခြင်းရာ၊ အရွှေ့ဘော်လျက်' ဟုလည်းကောင်း၊ 'သံဝါညင်းညင်း၊ တီးခြင်း စောင်းမှာ၊ အရွှေ့ဘော်၍' ဟုလည်းကောင်း သီဖွဲ့ထားပါသည်။ ဤဒေသန္တရ ဝေါဟာရအသုံးများနန့် ကျမ်းထွက်စကားများရို့ကို ညှိနှိုင်းထောက်ဆကြည့်ပါကေ အရွှေ့၊ တေး၊ အခြင်း တေးခြင်းရို့မှာ သဘောချင်းတူသောစကားများပင်ဖြစ်ကြောင်း တွိဟိနိုင်ပါသည်။ အထူးသဖြင့် အရွှေ့နန့်တေးခြင်းဟူသော စကားနှစ်လုံးမှာ သံလွဲကြောင်းတူစကား များပင်ဖြစ်ကြောင်း တွိရပါသည်။

ရခိုင်လင်္ကာအခြင်းတွင် ပါဝင်သောကဗျာပုံသဏ္ဌာန် အမျိုးမျိုးရို့ကို အနုစိတ် ရီတွက်ဖို့ဆိုကေ

ကောင်းကောင်းကြီး ကျယ်ဝန်းမည် ထင်ပါသည်။ စာစုံပီစုံရဖို့လည်း လိုပါဦးမည်။ လက်ဟိပက်ပင်းကာလတွင်ကား ရခိုင်စာပီမှာ ဖျက်ဆီး ခြင်း အထောင်သောင်းကြောင့် အပျက်ပျက် အယွင်းယွင်း အရောရော အနှောနှောဟိနီ တုန်းဖြစ်ပါသဖြင့် အစုံအလင် အကျယ်အဝန်း တင်ပြရန် အကျွန်မတတ်စွမ်းနိုင်ပါ။ သို့သော် အားမာန်တင်းကာ အဖြစ်အဟိရသလောက်ကိုစိစစ် ကာ မချင့်မရဲဖြစ်လျက်နန့်ပင် တင်ပြလိုက်ရပါသည်။

ဤစာတမ်းတွင် ကဗျာပုံသဏ္ဌာန်အမျိုးမျိုးရို့ကို တစ်ခုစီ တစ်ခုစီ တင်ပြကေ၊ စာဟုံလားဖို့လားလို့ စဉ်းစားခပါသည်။ သို့သော် စုန်းစုန်းမြုပ်ခြင်းခံနီရရေ ရခိုင်စာပီအတွက် ပုံသဏ္ဌာန် တစ်ခုစီတစ်ခုစီကို တင်ပြမှရာ ကောင်းဖို့လို့ ယူဆထားပါသည်။ ယင်းဇုကြောင့် အောက်ပါအတိုင်း တင်ပြလိုက်ပါသည်။

## အခန်း(၁)

# လင်္ကာ

ရခိုင်လင်္ကာအခြင်းပုံသဏ္ဌာန် အမျိုးမျိုးရို့ကို အကျွန်သုတေ သနပြုရှ် ရထားသလောက် တင်ပြရဖို့ ဆိုပါကေ-

(၁) လင်္ကာ၊ (၂) ပျို့၊ (၃) ကြိုးတန်းလင်္ကာ၊ (၄) သာစွလေ လင်္ကာ၊ (၅) မော်ကွန်း၊ (၆) သံပိုင်း၊ (၇) သမိုင်း၊ (၈) ရဲတင်း၊ (၉) တမ်းခြင်း၊ (၁၀) ဧခြင်း၊ (၁၁) ရတု (လင်္ကာရတု)၊ (၁၂) ရတု (အရွှေ့ရတု)၊ (၁၃) လူးတား၊ (၁၄) အန်ခြင်း၊ (၁၅) သံပေါက်၊ (၁၆) သာခြင်း၊ (၁၇) တိုက်သာခြင်း၊ (၁၈) စေည်ခြင်း၊ (၁၉) ဟောစာ၊ (၂၀) ဘိသိက်စာ၊ ဩဘာစာ၊ သံစာ၊ မေတ္တာစာ၊ (၂၁) အထောက်စာတမ်း၊ (၂၂) မှာတမ်း၊ (၂၃) သိုက်နိဒါန်းစာ၊ (၂၄) အဲ၊ (၂၅) ဘွဲ့၊ (၂၆) တုံးခြင်း၊ (၂၇) သိုင်းခြင်း၊ (၂၈) ဟန်ခြင်း၊ (၂၉) နတ်ခြင်း၊ (၃၀) ဗျာရတု၊ (၃၁) သံချပ်အမျိုးမျိုး၊ (၃၂) ဗျာရတု၊ (၃၃) ဗျာကားယင့်၊ (၃၄) ဇမ်း၊ (၃၅) ယာဉ်းသာခြင်းအမျိုးမျိုး၊ (၃၆) ပြည်သူ့အရွှေ့အမျိုးမျိုး (Different Kinds of Folk Songs) ရို့ ဖြစ်ပါသည်။

(ရခိုင်ရာဇဝင်တွင် ရွှေစာတော်တတ်အမတ်ကြီး ဒိုးဝေသည် လွမ်းခြင်းကဗျာတစ်ထောင် သီဖွဲ့ခကြောင်း တွိရပါသိ၏)

ဤလင်္ကာအခြင်းတွင် ပါဝင်သည့် ကဗျာအမျိုး (၃၆)မျိုးမှာ လင်္ကာနှင့်ဆိုင်ရာ ပုံသဏ္ဌာန်များပင် ဖြစ်ကတ်ပါသည်။ ဤထက်အပိုအမိုဟိဦးမည်ဟု အကျွန်ယုံကြည် ပါသည်။ ဗိုလ်မင်းထောင် သက်ထောင်၊ ဖလန်ထောင်၊ မြုံထောင်ရို့တွင် ရခိုင်စာပီကျမ်းဂန် အမြောက်အမြားဟိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ ဒါဂါ၊ ဂိုအာ၊ လင်ဒင်နန့် အခြားပြတိုက်များ၊ စာတိုက်များရို့တွင်လည်း ရခိုင်စာပီကျမ်းဂန်များဟိကြောင်း ကြားနာမှတ်သား ဖူးပါသည်။ ထိုထို ရခိုင်စာပီကျမ်းဂန်ရို့ကို လိလာရကေ အခုထက်ပိုမို ကျယ်ဝန်းလာဖွယ်၊ နက်နဲလာဖွယ်၊ မှန်ကန်တိကျလာဖွယ်အကြောင်း အလမ်း အများကြီး ဟိပါသည်။

အခုအခါမှာကား တင်ပြနိုင်သမျှ အားအန်စိုက်ထုတ်ကာ အကျဉ်းမျှ တင်ပြလိုက်ပါသည်။

၁။လင်္ကာ။ အသံအဆင်တန်ဆာ၊ အနက်အဆင်တန်ဆာရို့နန့် နှစ်သက်စဖွယ် ဖြစ်အောင် သီဖွဲ့သော လေးလုံးသီကဗျာ အမျိုးကို ကဗျာဟုခေါ် ကြောင်း ဖွင့်ဆိုနိုင်ပါသည်။

မင်းထီးလက်ထက်က အသျှင်အဂ္ဂသာရမထေရ်မြတ် သီဖွဲ့ခသည့် 'လောကသာရ လင်္ကာ'ကို အကောင်းဆုံး လင်္ကာဟု ယူဆဖွယ်ဟိပါသည်။ တွိဟိရသမျှ လင်္ကာရို့တွင် အဟောင်းဆုံး ဖြစ်နီသောကြောင့် ဖြစ်ပါသည်။ အချို့က လောကသာရလင်္ကာကို လင်္ကာဟု မယူဆဘဲ တသီးတခြား ယူဆလိုကတ်ပါသည်။ စာဆို အသျှင်ကကား ယင်းပျို့တွင် 'မှတ်သားစိမ့်ငှာပျို့လင်္ကာဖြင့်' ဟု သီဖွဲ့ထားခပါသည်။ စင်စစ်ပျို့နန့် လင်္ကာမှာ အနက်တူသော ဝေါဟာရနှစ်လုံးပင် ဖြစ်ပါသည်။ ပျို့ကား ရခိုင်ဝေါဟာရ၊ လင်္ကာကား ပါဠိသက်ဝေါဟာရဖြစ်၍ အဓိပ္ပာယ်မှာ အတူတူပင် ဖြစ်ပါသည်။

ထိုနောက် မြောက်ဦးခေတ်ဦး၊ မင်းစောမွန်လက်ထက် (၁၄၃၀-၁၄၃၃ အေဒီ)က အသျှင်သီလဝံသ မထေရ်မြတ် သီဖွဲ့ခဲ့သော ကဝိကဏ္ဍပါသဆန်းလင်္ကာမှာ တွေ့ရသမျှ ရခိုင်မူရခိုင်ဟန် ဆန်းအလင်္ကာတွင် အဟောင်းဆုံးဖြစ်ပါ သည်။ ဤဆန်းကျမ်း ပါ ကဗျာလင်္ကာစည်းမျည်းစည်းကမ်း အရပ်ရပ်ရှိ့ကို ရခိုင် ပညာဟိ၊ မြန်မာပညာဟိ၊ ရခိုင်စာဆို၊ မြန်မာစာဆို၊ ရခိုင်ကဗျာစာဆို၊ မြန်မာကဗျာဆရာအပေါင်းရို့ ဦးထိပ်ထားကာ လေးစားကိုးကားကတ်သည်ကို အစဉ်စဉ်အဆက်ဆက် တွေ့ဟိရပါသည်။

အကိုးအကားပြုသောကျမ်းဂန် စာပီစာရင်း၊ ရခိုင်စာပီကဏ္ဍ၊ လင်္ကာများစာရင်းတွင် ပါဝင်သည့်လင်္ကာများမှာ အကျွန်တွေ့ဖူး မှတ်ဖူးသော လင်္ကာများပင် ဖြစ်ပါသည်။

**၂။ ပို့၊** နှစ်သက်စဖွယ်ကောင်းအောင် သီဖွဲ့ထားသော လေးလုံးသီကဗျာ တစ်မျိုးကို ပို့ဟု ဖွင့်ဆိုကေ ရနိုင်ကောင်းပါသည်။

ကဝိဂန္ဓပါသကျမ်းနန့် ကဝိကဏ္ဍပပါသကျမ်းရို့တွင် ဂရုလ ဟုပို့၊ ဂိုဏ်းသျှစ် ပါးပို့၊ မဂိုဏ်းဆယ်ဌာနပို့၊ ယဂိုဏ်းခုနစ်ဌာ နပို့၊ ဘဂိုဏ်းဇဂိုဏ်းသဂိုဏ်း သုံးဌာန စိပို့၊ နဂိုဏ်းတဌာနပို့၊ မတြာပို့ဟူ၍ ကဗျာတိုများပါဟိ ပါသည်။ ယင်းကဗျာတိုများကို ပို့ဟု ခေါ်ဆိုသုံးနှုန်းထားသည်ကို သတိချပ်သင့်ပါသည်။

ရမ်းပြည့်၊ လေးတောင်နယ်မှ ကင်းဆရာ၏ လက်ရီးအလှ သင်ပို့များကို ရခိုင်သုတေသီအများ တွေ့ဖူးကတ်ပါသည်။ အားလုံး ကဗျာတိုများပင် ဖြစ်ကတ်ပါသည်။

တဖန် သီဟိုဠ်ပြန် အသျှင်ကေသရ မထေရ်မြတ်၏ ရခိုင်တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၈)တွင် ရီးသား သော "မူမှန် သောလျှော်တော်ပို့ဖြစ်ရေး' ဆောင်းပါး၌ 'နှစ်ချောင်း ချီမြောက်၊ လေးချောင်းကောက်၊ အောက်ကအမှန်၊ သုံးချောင်းခံ' ဟု ပျောင်းထွေထရံရက်နည်းပို့ကို တင်ပြထားပါသည်။

ဤအကြောင်းအချက်များကို ထောက်ဆကြည့်ကေ အကျဉ်းချုပ်မှတ်သားဖို့ ကောင်းအောင် နှစ်သက်စဖွယ် အတိုကောက် သီဖွဲ့ထားသော ကဗျာတိုများကိုလည်း ပို့ခေါ်ကြောင်း သိဟိရပါသည်။ ရာဇပို့၊ နက္ခတ်ပို့၊ သက်ရောက် ပို့ဟုလည်း ပို့နှစ်စောင် တွေ့ဖူးပါသည်။

**၃။ ကြိုးတန်းလင်္ကာ။** ကြိုးတန်းလင်္ကာဟူသည်ကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုရန် သုတေသနပြုလုပ်ရ ပါဦးမည်။ လက်ဟိကာလတွင် ဟင်းခါးရော် ဆရာနန္ဒသီဖွဲ့သော ဗုဒ္ဓဝင်ကြိုး တန်းလင်္ကာ၊ ဝိဓူရကြိုးတန်း လင်္ကာ ဟူ၍ ကျမ်းနှစ်စောင် တွေ့ဟိထားပါ သည်။

**၄။ သာစွလေလင်္ကာ။** သာစွလေဟု ချီသော လေးလုံးသီလင်္ကာ တစ်မျိုးကို သာစွလေလင်္ကာဟု ခေါ်ပါ သည်။

အချမှာ 'ရခိုင်သာယောင့်သာယာစွလေ၊ သာစွလေ၊ ရခိုင် သားလေ၊ သာစွလေ' ဟု အချများပါသည်။ တချို့မှာ 'ရခိုင်သား လေ၊ သာစွလေ' ဟုလည်း ရိုးရိုးချတတ် ကတ်ပါသည်။

အဟောင်းသာစွလေ လင်္ကာမှာ 'ဝိသကြုံသိုက်ကျောက်ရိုး သာစွလေလင်္ကာ' ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။ 'ရခိုင်ရာဇ ဝင်သာစွလေလင်္ကာ'နန့် အခြားဇကပိုဒ်၊ ပိုဒ်စုံသာစွလေ လင်္ကာ များကိုလည်း တွိဟိရပါသိ၏။

**၅။ မော်ကွန်း။** နောင်အစဉ်အလာ ဥဒါန်းတွင်ရစ်အောင် သီဖွဲ့အပ်သော မှတ်တမ်းကျောက်ရိုး ကဗျာ တစ်မျိုးကို မော်ကွန်းဟုခေါ်ကြောင်း မှတ်သားထားဖူးပါသည်။

မော်ကွန်းသည် လေးလုံးသီကဗျာတစ်မျိုးဖြစ်၍ အချီအချမှာ လင်္ကာအချီအချနန့်မခြားပင် ဖြစ်ပါသည်။ မော်ကွန်း ဟူသော ဝေါဟာရနန့်ပတ်သက်၍ အသျှင်သီလဝံသမထေရ်မြတ်၏ ကဝိကဏ္ဍပါသဆန်းလင်္ကာတွင် 'ကြားလော ထက်ဝန်း၊ ဇမ္ဗူကျွန်းထက်၊ မော်ကွန်းထွတ်တင်၊ ပညာသျှင်တို့၊ သိမြင်အပ်စွာ၊ ဆန်းလင်္ကာကို၊ မှတ်ပါကုန်မင်း၊ တဖန်ကျင်းအံ့' ဟု လည်းကောင်း၊ 'ပညာကျော်လှ၊ သီလဝံသော်၊ ထေရ်မြတ်ကျော်သည်၊ ထင်ပေါ်မော်ကွန်းမှာခဲ့ သော်ဝ်' ဟုလည်းကောင်း၊ သျှစ်သောင်းဘုရားတည် မော်ကွန်းတွင် 'လူထိုမျှတို့၊ သိကြစိဂှာ၊ မော်ကွန်းဖြာအံ့' ဟု လည်းကောင်း အသီးသီးဖွဲ့ထားပါသည်။

ရခိုင်သကြစ် ၁၀၇၈-ခုထိုး တေဇရာမကျောက်စာ စတုတ္ထချပ်တွင် 'မော်ကွန်းဟိ၊ သဃျီလယ်၊ မူးတော် မတ်တော်ထောင် စားရာစား နန်းလယ်နှင့် သင်းစားလယ်သည် လယ်တို့ကိုပယ်၍' ဟု ရီးထိုးထားပါသည်။

ဤကဗျာများနန့် ဤကျောက်စာတွင်ပါဟိသော မော်ကွန်းဟူသောဝေါဟာရ၏ အဓိပ္ပာယ်မှာ 'မှတ်တမ်း၊ နောင်အစဉ် ဥဒါန်းတွင် စီသောမှတ်တမ်း' ဟု သိဟိရပါသည်။

လက်ဟိကာလတွင် သျှစ်သောင်းဘုရားတည် မော်ကွန်းနန့် သျှင်နာဂိန္ဒမော်ကွန်းရို့မှာ တပိုင်းတစမစုံမလင် တွိဟိရသော မော်ကွန်းများပင် ဖြစ်ပါသည်။

**၆။ သံပိုင်း။** နောင်အစဉ်ဥဒါန်းတွင်အောင် လင်္ကာ၊ မော်ကွန်း၊ သမိုင်းသာခြင်းစသည်ရို့၏ အဆုံးနိဂုံး၌ သီဖွဲ့ ထားသော မှတ်တမ်း ကျောက်ရိုးကဗျာတစ်မျိုးကို သံပိုင်းဟုခေါ်ကြောင်း မှတ်သားထားဖူးပါသည်။

သံပိုင်းသည် လေးလုံးသီကဗျာတစ်မျိုးဖြစ်၍ အချီအချမှာ လင်္ကာအချီအချနန့်မခြားပင် ဖြစ်ပါသည်။ ဘုရား သမိုင်းရို အဆုံး၌တွိဟိရသော သံပိုင်းရို့မှာ နိုင်ငံကိစ္စ၊ မင်းကိစ္စများ ပါတတ်ပါသည်။ သေနင်္ဗျူဟာကျမ်းတွင် 'မင်းရီးမင်းရာ၊ လိမ်မာသဖြင့်၊ ဆိုခွင့်ဆိုနည်း၊ ကမ္ပည်းသံပိုင်း၊ အလှိုင်းတကြီး၊ စည်မှီးချိုသာ၊ လင်္ကာတစ်ရပ်ဘော် ပညတ်အံ့' ဟု တွိဟိရပါသည်။

**၇။ သမိုင်း။** နောင်အစဉ်အလာ မှတ်သားရအောင် သီဖွဲ့ထားသော အတ္ထုပ္ပတ္တိကဗျာတစ်မျိုးကို သမိုင်းဟု ခေါ်ပါ သည်။ သမိုင်းသည် လေးလုံးသီကဗျာ တစ်မျိုးဖြစ် ၍ အချီအချမှာ လင်္ကာအချီ အချနန့် မခြားပင်ဖြစ် ပါသည်။

မဟာမုနိသွန်း စက်လက်ာသမိုင်း၊ မဟာမုနိဘုရားသမိုင်း၊ ဦးရစ်တောင်ဘုရားသမိုင်းရို့မှာ ထင်ရှားသော သမိုင်း များပင် ဖြစ်ပါသည်။

**၈။ ရဲတင်း ။** ရဲတင်းဟူသော ဝေါဟာရကို ဆရာအဆူဆူ ရို့ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုယှင်းပြချက်တိကို မှတ်သားဖူးပါ သည်။ သို့သော် စာစုံပီစုံ သုတေ သနလုပ်ငန်းနန့်ရာအဖြည့်မှန် အဖွင့်မှန်ကို ရနိုင်မည်ဟု ယုံကြည်ပါ သည်။

မင်းသားကြီးရွှေပန်း၊ ဒေးဝန်းအောင်ကျော်ရှိ မြို့သူကြီးအောင်ကျော်ဇံရို့ ရဲတင်းကဗျာ အများအပြား ရီးဖွဲ့ခ ကြောင်း မှတ်သားဖူးပါသည်။ သို့သော် ယခုကာလတွင် ဤအာဇာနည်စာဆိုတော်များ ရီးဖွဲ့ခသော ရဲတင်းကဗျာ သုံးပုဒ်ရာ တွိဟိရပါသည်။

**၉။ တမ်းခြင်း ။** ရှီးအဖြစ်ဟောင်း၊ နီရာဟောင်းရို့ကို တမ်းတသော အခြင်းတမျိုးကို တမ်းခြင်းဟု ဖွင့်ဆိုကေ ရနိုင် ကောင်းပါသည်။ တမ်းခြင်းကို လေးလုံးသီကဗျာမျိုးဖြင့် လည်းကောင်း၊ သာခြင်းဖြင့် လည်းကောင်း၊ အရွေ့တုဖြင့်လည်းကောင်း အမျိုးမျိုး သီဖွဲ့ကတ်ပါသည်။

တွိဟိရသမျှ တမ်းခြင်းများမှာ မြောက်ဦးမြို့ တမ်းခြင်းများ ပြားပါသည်။ စာဆိုမည်သူမည်ဝါဖြစ်ကြောင်းကိုကား အတိအကျ မသိနိုင်ပါ။ ဒေးဝန်းကြီးအောင်ကျော်ရှီ၏ စစ်တွေတမ်းခြင်းသည် ကား ရခိုင်ရို့၏ ဗြိတိသျှနယ်ချဲ့ တော်လှန်ရီးခေတ်က ပေါ်ခသောထင်ရှားသော တမ်းခြင်းတစ်ပုဒ်ပင် ဖြစ်ပါသည်။

**၁၀။ ဧးခြင်း ။** ဧးအချင်းဧး အချရင့်ရင့်ရှူရှူသီဆိုကာ ဧးယာဉ်ကျူးသောအခါ သီဆိုရသည့် အခြင်းတစ်မျိုးကို ဧးချင်းဟု ခေါ်ပါသည်ဟု ဖွင့်ဆိုနိုင်ပါသည်။

ဧးခြင်းမှာ လေးလုံးသီကဗျာတစ်မျိုးဖြစ်၍ အချီအချမှာ လက်ာအချီအချနန့် မတူပါ။ 'လည်ကုပ်ချီချနည်း' နန့် ချရပါ သည်။

ရခိုင်သကြစ် ၈၁၇ (၁၄၅၅ အေဒီ)တွင် သီဖွဲ့သော ဖဒ္ဒူမင်းညို၏ 'မှောက်တော်ဧးခြင်း' နန့် 'စန္ဒဝိဇယ စစ်အောင်ဧးခြင်း' ရို့မှာ ယှားယှားပါးပါး တွိရသည့် ဧးခြင်းနှစ်စောင်ပင် ဖြစ်ပါသည်။ ဧးခြင်းနှင့်ပတ်သက်၍ မှောက်တော်ဧးခြင်း အရ အချက်အလက် သင့်ရုံလောက်ကို သိဟိရပါသည်။

ဧးခြင်းကို ဘုရင့်သားတော်၊ သမီးတော်၊ မြီးတော်၊ မြစ်တော်ရို့ကို ပုခက်တင်မင်္ဂလာဆင်ယင်သောအခါ သီဆိုရကြောင်း သိရ ပါသည်။ ပုခက်တော်ကကို ရတနာကိုးပါးဖြင့် စီချယ်၍ ခါသာပိတ် ကောင်း၊ ပိုးဖဲ၊ ကတီပါရို့ကို အောက်အနီးခင်းရကြောင်း၊ ရွှေခြူ ရွှေရွက်တပ်ဆင်ရကြောင်း၊ ကတီပါတမုတ်ကြိုးကို နှစ်ဖက်ဆိုင်ကာ တပ်ဆင်ရကြောင်း၊ဧးခြင်းသံပြိုင်ဆိုကာ ဧးယာဉ်ကျူးရကြောင်းရို့ကို မှောက်တော်ဧးခြင်းတွင် ဖော်ပြထားပါသည်။

ဧးယာဉ်ကျူးသောအခါ ဘွားတော်မိဖုရားကြီးကသော်လည်းကောင်း၊ မယ်တော်မိဖုရားကသော် လည်းကောင်း သမုတ်ကြိုးဖြင့် အသာအယာလွှဲရကြောင်း၊ အထိန်းအယ အပျိုတော်ရို့က လက်ခုပ်တဖြောက်ဖြောက်၊ စည်းစုတ်

တရှင်ရှင် တီးခတ်ကာ ဧခြင်းတကြကြ သံပြိုင်သီဆိုရကြောင်းရှိ့ကိုလည်း သိဟိရပါသည်။

ဧခြင်းသီဆိုကတ်ပုံနန့်ပတ်သက်၍ ယင်းဧခြင်းအပိုဒ် (၅) တွင် အောက်မှာအတိုင်း တွိဟိရပါသည်။

'ဧ ------ ဧလျက်သံပြိုင်၊ ရင့်ကာဆိုင်ပိမ့်၊ ဧတိုင်ကျူးရိုက်၊ စည်းစုတ်လိုက်၍၊ သံမြိုက်သံကောင်း၊ သံညောင်း သံညင်း၊ သံညှင်းသံပြီ၊ သံချီသံအုပ်၊ မျှင်မျှင်ချုပ်လျက်၊ လက်ခုပ်ဖြောက် ဖြောက်၊ ဧထောက်ဧခံ၊ ပွမ်းပွမ်းရံလျက်၊ ကြကြရင့်သွယ်၊ မယ်တော်မယ်ကို၊ နာဖွယ်နှစ်သိမ့်၊ နှလုံးငြိမ့်မျှ၊ သံဆိမ့်သံဧ၊ ကရဝိတ်ကြွေးသို့၊ ခြင်သေးဆီကျော်၊ ရိုက်ကာဖော်သည်၊ နားတော်ရွှေခွက် ဖျူးတည့်လေး။ ။ ဖျူးတည့်မှောက်တော်၊ ဟုတ်တည့်ဩော်၊ နားတော်ရွှေဖျူး၊ ချစ်ဝမ်းနူးမျှ၊ ကျူးကာရင့်ခေါ်၊ သားကိုဖျော်သည်၊ နားတော်တည့်ငြိမ့်လေး၊ အိပ်ပျော်ဆေး၊ ဧလည်းယင်ယင်ဧ' ဟု ဖော်ကျူးသီဖွဲ့ထားပါသည်။

၁၁။ ရတု (လင်္ကာရတု)။ သဘင်အခမ်းအနား၊ အခါရာသီ ရတုစသည့် အကြောင်းအရာရှိ့ကို သီဖွဲ့သော လေးလုံးသီ ကဗျာတစ်မျိုး ကိုရတုဟုခေါ်အပ်ကြောင်းအထောက် အထားများအရ သိသာနိုင်ပါသည်။

အချီအချမှာ လင်္ကာနန့်မခြားပင် ဖြစ်ပါသည်။ အပိုဒ်ဖွဲ့ရာ ၌ရာ ခြားနားပါသည်။ အရွေ့ရတုနန့် ကွဲပြားအောင် လေးလုံးသီရတုကို လင်္ကာရတုဟု မှတ်ယူကောင်းပါသည်။

ရတုတွင် အကြောင်းအရာကိုလိုက်၍ ဘုရားတိုင်၊ မိုးဘွဲ့၊ တောလား၊ ရီလား၊ ကိုယ်ရည်သွီး၊ ကျီးစီ၊ ဆင်ရောက်၊ စစ်ချီ၊ အမီးအဖြည်၊ ပြည်ဘွဲ့၊ နန်းဘွဲ့၊ ဘုန်းဘွဲ့၊ ဂုဏ်ဘွဲ့၊ မောင်ဘွဲ့၊ မယ်ဘွဲ့ဟု ရတုအမျိုးမျိုး ကွဲပြားလားပါသည်။

အပိုဒ်ဖွဲ့ပုံကိုလိုက်၍လည်း ဧကပိုဒ်၊ အဖြည့်ခံ၊ ပိုဒ်စုံဟူ၍ အမျိုးမျိုးကွဲပြားလားပါသိ၏။ တဖန် ပိုဒ်စုံတွင် အပိုဒ်အတိုအရှည်၊ အချီအချရှိ့ကိုလိုက်၍ အတွင်းပိုဒ်စုံ၊ ပြင်ပိုဒ်စုံ၊ ကိုယ်တွင်းပြည့်ပိုဒ် စုံ၊ အချီပိုဒ်စုံ၊ အချပိုဒ်စုံ၊ အချီအချပိုဒ်စုံ၊ မြင်းဆက်ခွပိုဒ်စုံ (ဝါ) စကြာပိုဒ်စုံ၊ ချိန်ခွာလျှာချ (ဝါ) ငြီခြားချပိုဒ်စုံ၊ စာပြတ်ပိုဒ်စုံ၊ ဝမ်းပိုက်ကြီးပိုဒ်စုံ၊ လည်တိုပိုဒ်စုံဟူ၍ ကွဲပြားလားပါသည်။

ရခိုင်စာပီလောက၌ ထင်ရှားသော ရတုစာဆိုတော်များမှာ သုဝဏ္ဏဒေဝီစောပြည့်ညို၊ နရနုမင်းတရားကြီး၊ သံတွဲမိဖုရား စောယဉ်မိ၊ အမတ်ကြီး မဟာပညာကျော်၊ နန်းတွင်းမိညို၊ ပြည်မိဖုရား၊ ပဲခူးမိဖုရား၊ အမတ်ကြီးဥက္ကာပျံ၊ ခမက်တော်လကျ်ာမြန်ဂူတာ၊ မင်းသားကြီး ရွှေပန်း၊ ဒေးဝန်းကြီး အောင်ကျော်ရှီ၊ မြို့သူကြီးအောင်ကျော်ဇံ၊ ကင်းဆရာကြီး၊ တန်ခိုးဆရာထွန်း စသူရှိ့ပင် ဖြစ်ပါသည်။ အခုအထိ သုတေသနပြု၍ရသလောက် တင်ပြရခြင်းရာ ဖြစ်ပါ သည်။ သုတေသနလုပ်ငန်း မှန်ကန်ပြည့်ဝလာကေကား ဤ ထက်ပိုမိုစွာ တင်ပြနိုင်မည်ဟု ယုံကြည်ပါသည်။

**၁၂။ ရတု (အရွေ့ရတု) ။** သဘင်အခမ်းအနား၊ အခါရာသီရတု စသည့်အကြောင်းအရာရှိ့ကို ခြင် သေးလည်ပြန်ဖွဲ့ နည်းဖြင့် သီဖွဲ့ထားသောကဗျာတစ်မျိုးကို ရတုဟု ခေါ်ပါသိ၏။

အချီအချမှာ လင်္ကာနန့်မခြားပင် ဖြစ်ပါသည်။ အပိုဒ်ဖွဲ့ရာ၊ ကာရန်ယူရာ၌ရာ ထူးခြားပါသည်။ လေးလုံးသီ

လင်္ကာရတုနန့် ကွဲပြားအောင် ခြင်သေးလည်ပြန် သီဖွဲ့နည်းဖြင့် သီဖွဲ့သောရတု ကို အရွေ့ရတုဟု ခေါ်သင့်ပါသည်။ ဇာကြောင့်ဆိုသော် ဤရတုမျိုးကို အရွေ့ဆိုဘိသကဲ့သို့ ကျူးရင့်သီဆိုရသောကြောင့်ပင် ဖြစ်ပါသည်။ အချို့က ဤရတုမျိုး ကို သျှန်းလိုက်ရတု၊ သျှင်လောင်းလှည့်ရတုဟု ခေါ်ဆိုသုံးနှုန်းကတတ်ပါသည်။ စင်စစ် အရွေ့ရတုကို သျှင်လောင်းလှည့် ရာ၌ သျှန်းလိုက်၍ချည်း သီဆိုရသည် မဟုတ်ပါ။ သျှင်ပြုပွဲတစ်ခုတည်း၌ချည်း သီဆိုရသည်မဟုတ်ပါ။ အရာဌာနအများ၌ သီဆိုနိုင်ပါသည်။ ထို့ပြင် ဤရတုမျိုးကို သျှန်းလိုက်ရတု၊ သျှင်လောင်းလှည့်ရတုဟု ခေါ်ဆိုရမည်မှာလည်း အထောက်အထား ခိုင်ခိုင်လုံလုံ မတွေ့ရသိပါ။ ဤရတုမျိုးသည် သျှင်လောင်း လှည့်ရာမှ အစပျိုး၍ ပေါ်ပေါက်လာသည်ဟု တင်ပြနိုင်ရန်လည်း သာဓကမဟိပါ။ 'သိန်ကန်မိန်တွင်' ချီအလွမ်းအရွေ့ရတုနန့် အမတ်ကြီး ဥက္ကာပျံ၏ဆယ့်နှစ်ရာသီ အရွေ့ရတုရို့ကို ထောက်ဆကြည့်ပါကေ သျှင်လောင်းလှည့်ရတုဟု ခေါ်ဆိုဖို့ ကောင်းကောင်း ခက်ခဲဖို့ပိုင် တွိမိပါသည်။

ဥက္ကာအဲတွင် 'ရတုကြံကြံ၊ လယ်သည်များမှာ၊ လယ်ကိုထွန်ရို့၊ မြင်လတ်မေလေ'ဟုလည်း ဆိုထားပါသည်။ လယ်ထွန်ရာ၌ လည်း ရတုအရွေ့ သီဆိုကတ်ကြောင်း သိသာနိုင်ပါသည်။

လင်္ကာရတုပုံသဏ္ဌာန်ဖြင့် ဖွဲ့ဆိုနိုင်သော အကြောင်းအရာအမျိုးမျိုးကို အရွေ့ရတု ပုံသဏ္ဌာန်ဖြင့် သီဖွဲ့နိုင်သည် ရာမက လျှောက်ထုံး၊ မှတ်တမ်း၊ မှာတမ်း၊ ဇာတ်နိပါတ်တော်များ၊ ရာဇဝင် ကြောင်းများ၊ ဒဏ္ဍာရီပုံပြင်များရို့ ကိုလည်း သီဖွဲ့နိုင်ပါသည်။

မှူးတော်မတ်တော် သုခမိန်များက လျှောက်တင်လိုသော အကြောင်းအရာတစ်ခုခုကို အရွေ့ဖွဲ့ကာ လျှောက်တင်ခ ကတ်သည်လည်း ဟိပါသည်။ ပုရိမ်ခေတ်၊ လောင်းကြက်ခေတ်၊ မြောက် ဦးခေတ် အမတ်တော်များ လျှောက်ထုံးရို့တွင် ကိုးကားကတ်သော ကျမ်းစကား ကောက်နုတ်ချက်များမှာလည်း အရွေ့ရတုဖြင့် သီဖွဲ့ ထားသည်တို့ကို တွိဟိနိုင်ပါသည်။ 'ရာဇဝသတိ၊ အညီကျမ်းရုံး၊ နိဒါန်းကုံးပိမ့်၊ ရှီးထုံးစဉ်လာ၊ ပြည်အချာ' ချီကျမ်းစကားကောက် နုတ်ချက်မှာ အရွေ့ ရတုပုံသဏ္ဌာန်ဖြင့် ဖွဲ့ဆိုထားချက်ပင် ဖြစ်ပါသည်။ မဟာပညာကျော်က မင်းဖလောင်းကြီးအား သံတမန် အကြောင်းနန့် ပတ်သက်၍ လျှောက်ထားချက်ပင် ဖြစ်ပါသည်။

ဒေးဝန်းကြီး အောင်ကျော်ရှီနန့် မြို့သူကြီးအောင်ကျော်ဇံရို့က အရွေ့ရတုဖြင့် မှတ်တမ်းများ၊ တမ်းခြင်းများရို့ကို သီဖွဲ့ခကတ် ပါသည်။ တန်းခိုးဆရာထွန်းက ဥတေနဝတ္ထု၊ ကုသဝတ္ထုရို့ကို အရွေ့ရတုဖြင့် သီဖွဲ့ခပါသည်။

ယင်းအပြင် အကြောင်းအရာ အတိုအထွာများကိုလည်း အရွေ့ရတုသီဖွဲ့ပြီးကေ ရပ်ရွာထဲ၌ သီဆိုကတ် သည်ကိုလည်း ရခိုင် လူ့အဖွဲ့အစည်းတွင် အများအပြား တွိဟိနိုင်ပါသိ၏။

**၁၃။ လူးတား ။** ရှိအပိုဒ်၏ အချပိုဒ်ကို နောက်အပိုဒ်၏ အချီပုဒ်အဖြစ် ဆက်ကာဆက်ကာ သီဖွဲ့၍ အသံ ရှည်ရှည် ကျူးကျူးရင့်ရင့် သီဆိုရသော ကဗျာတစ်မျိုးကို လူးတားခေါ်ကြောင်း တရွန်အိုင် ဆရာတော်ဘုရား မိန့်ကြားချက်ကို မှတ်သားဖူးပါသည်။ လေးလုံးသီကဗျာတမျိုးဖြစ်၍ တပိုဒ်ဆုံးတိုင်း 'လုံးတီလေ၊ လုံးတာလေ' ဟု လိုက်ရပါသည်။

လုံးတီ၊ လုံးတာမှာ စကားဖို၊ စကားမ ဖြစ်ပါသည်။ လုံးတာမှာ စကားရင်းဖြစ်၍ ပ္လုတဟူသော ပါဠိစကားမှ ဆင်းသက်လာ ဟန်တူပါသည်။ ပ္လုတမှ လတ၊ လတမှ လူးတာ၊ လုံးတာမှ လုံးတား ဖြစ်လာဟန် တူပါသည်။ လူးမှလုံး ဖြစ်လာပုံကို ဇပိုင်စဉ်းစားမိ ပါသည်။ ဥူ ဦး သရမှ ဥုံ ဦုံးသရသို့ ပြောင်းလဲလားပုံကို ရခိုင် ဘာသာစကား၌ အများတွေ့ဟိနိုင်ပါသည်။ ဥူ ဦး မှ ဥုံ ဥုံး ပြောင်းလဲခြင်း ဥပဒေသပင် ဖြစ်ပါသည်။ နှာသိကဌာန်ဖြစ်သော င၊ ည၊ န၊ ဏ၊ မ နန့် တ၊ လ စသည့် အက္ခရာရှိသို့ ဥူ ဦး သရ ကပ်ကေ ဥ၊ ဦးသည် ဥုံ ဥုံးသို့ ပြောင်းလဲတတ်ပါသည်။ ပုံစံပြရပါ ကေ- ငုပန်း- ငုံးပန်း။ ညုသံ- ညုံ့သံ။ အနု -အနုံ့။ အဏုမြူ- အဏုံ့မြူ။ အမှုကိစ္စ -အမှုံ့ကိစ္စ။ အတုအပ- အတုံ့အပ။ ရောက်လုနီးပါး၊ ရောက်လှုံ့နီးပါး စသည်ရှိ့ပင် ဖြစ်ပါသည်။

'မောက်တော်လူးတား' တွင် 'သံပြီသံချို လုံးတာဆို၍' ဟု သီဖွဲ့ထားပါသည်။ ယင်းကြောင့် လူးတားသီဆိုကေ ချိုချိုသာသာ ကျူးကျူးရင့်ရင့် သီဆိုရကြောင်း သိသာရပါသည်။

အခုကာလပိုင်း သုတေသနလုပ်ဆဲကာလတွင် လူးတားနှစ် ပုဒ်ရဟိထားပါသည်။ 'မောက်တော်လူးထား' နန့် 'ရဲဘော်လူးတား' နှစ်ပုဒ်ပင် ဖြစ်ပါသည်။ ကုလားတန်အညာချောင်းဖျား၊ ပလက်ဝခရိုင်၊ တရွှန်အိုင် ဆရာတော်ထံမှာ ၁၉၆၁-ခုနှစ် ဒီဇင်ဘာလက ရဟိခပါသည်။

**၁၄။ အန်ခြင်း ။** လေးလုံးသီလှီတော်သံ ကဗျာတစ်မျိုးကို အန်ခြင်းဟု ခေါ်ဝေါ်ကတ်သည်ကို တွေ့နိုင်ကတ်ပါသည်။ တပိုဒ် ဆုံးတိုင်း 'ဟန်စွလေ၊ ဟန်စွလေ' ဟု လည်းကောင်း၊ 'ဟန်စိလေ၊ ဟန်စွလေ' ဟု လည်းကောင်း၊ 'ဟန်စွလေ- ဟန်စီလေ' ဟုလည်း ကောင်း လိုက်ကတ်ရသည်ကိုလည်း တွေ့ဟိနိုင်ကတ်ပါသည်။

အချို့က အဏ္ဏဝါခြင်း၊ အဏ်ခြင်း၊ အန်ခြင်းဟူ၍ ကြံဆကတ်ပါသည်။ ရှိပြင်အဏ္ဏဝါနန့်သက်ဆိုင်သော အခြင်းဟု ဆိုလိုရိပ်ဟိပါသည်။

စူဠစန္ဒရားမင်း (၇၃၃-၇၆၉ အေဒီ) တကောင်းသင်းတွဲ ပြည်သို့ ပင်လယ်ပတ်ရီကြောင်းခရီး ချီတော်မူစဉ် ဓမ္မဇေယျ အမတ်ကြီးက 'ဗျည်း-၃၃လုံး လှီတော်သံ' ကို ဖွဲ့ဆိုကြောင်း ရှီး အဆိုအမိန့်ဟိပါသည်။ ယင်းလှီတော်သံကို အချို့က 'ဗျည်း ၃၃-လုံး ဟန်စွလေ' ဟု ခေါ်ကတ်ပါသည်။ အချို့က 'ကကြီးအန်' ဟု ခေါ်ကတ်ပါသည်။ ကကြီးအစချီကာ သီဖွဲ့ထားသဖြင့် ကကြီးအန်ဟုခေါ်သည့်ပိုင်တူပါသည်။ ဤအန်ခြင်းမှာ တွေ့ဟိရသမျှအန်ခြင်းရှိ့ တွင် အဟောင်းဆုံးဟု ယူဆရပါသည်။

ကကြီးအန်ခေါ် ဗျည်း-၃၃လုံးအန်ခြင်း၊ အလောင်းတော် တောထွက်အန်ခြင်း၊ ဆရာထွန်းသီဖွဲ့သော ဗျည်း-၃၃လုံး အန် ခြင်းသစ်ရှိ့မှာ စုမိဆောင်းမိသမျှသော အန်ခြင်းများ ဖြစ်ပါသည်။

**၁၅။ သံပေါက်။** လေးလုံးသီကဗျာတစ်မျိုးကို သံပေါက်ဟု ခေါ်ဝေါ်ကတ်ပါသည်။ သံဖောက်ဟူ၍ လူကြီး သူဟောင်းရှိ့ ခေါ်ဝေါ်သုံးနှုန်း ကတ်ပါသည်။ သံပေါက်သည် အလွယ်ဆုံးကဗျာတို တမျိုးဖြစ်၍ ကဗျာသင်စပြု သူများအတွက် ကဗျာစတင်သင်ကြားရန် အကောင်းဆုံး ဖြစ်ပါသည်။ ယင်းကြောင့် 'ကဗျာသင်စ သံပေါက်က' ဟု ဆိုစမှတ်ပြုကတ်ပါသည်။

အပောင်းဆုံး သံပေါက်တစ်မျိုးကို 'ကဝိဂန္ဓုပါသျှကျမ်း' နှင့် 'ကဝိကဏ္ဍပါသကျမ်း' ရို့တွင် တွိဟိရပါသည်။ ကျမ်းဆရာရို့ကကား ယင်းကဗျာကို ပျို့ဟု ခေါ်ဝေါ်သုံးနှုန်းခကတ်ပါသည်။ အကြောင်းတစ်ခု အနှစ်သာရကို နှစ်သက် စဖွယ် ဖွဲ့ဆိုထားသောကြောင့် ကဗျာ၏သဘောကိုယူ၍ ပျို့ဟု ခေါ်ထားသည့်ပိုင်တူပါသည်။ သီဖွဲ့နည်းမှာကား သံပေါက်သီဖွဲ့နည်းပင် ဖြစ်ပါသည်။ ယင်းသံပေါက်မှာကား-

'တချောင်းအငင်၊ လုံးချည်းတင်၊ လဟုအမှန်ပင်၊ အကြွင်း ဂရုထင်' ဟုပင် ဖြစ်ပါသည်။

နောက်နှောင်းကာလရို့တွင်လည်း သံပေါက်ကဗျာရို့ကို အများအပြားပင် သီဖွဲ့ကတ်မည်ဆိုစွာမှာ ယုံမှားစရာဖြစ်ဖို့ အကြောင်းမဟိပါ။ ခေတ်ဆိုးခေတ်ပျက်ကြောင့် အများအပြား ဆုံးယှုံး လားခရစွာမှာလည်း နှမြောနမျောပါယာ။

လက်ဟိကာလတွင် အသျှင်စန္ဒမာလာလင်္ကာရ မထေရ်သီဖွဲ့ သော ဥတုဘောဇနသံပေါက်ကျမ်း၊ ဆရာထွန်း သီဖွဲ့သော သံပေါက်အမျိုးမျိုးရို့မှာကား ထင်ရှားသော သံပေါက်ကျမ်းများပင် ဖြစ်ပါသည်။

**၁၆။ သာခြင်း** ။ သာသာယာယာ ယင့်ယင့်ယူယူ သီဆိုရသော ပါဒခြား၍ခြား၍ ကာရန်ယူရသော လေးလုံးသီ အခြင်း တစ်မျိုးကိုသာခြင်းဟု ခေါ်ဝေါ်ကတ်ပါသည်။ အချီပုဒ်ကို ခြောက်လုံးနန့် အချီများပါသည်။ တခါတခါ လေးလုံး ငါးလုံးနန့် ချီတတ်ကတ်ပါသည်။ အချကို ရတုချ နည်း၊ လင်္ကာချနည်းအတိုင်း အချများပါသည်။ ရှိအပိုဒ်၏ အချပုဒ်ကို နောက်အပိုဒ်၌ အစချီယူကာ ဖွဲ့ဆိုခြင်းမျိုးကိုလည်း အများ တွိရပါသည်။

ရခိုင်တစ်မျိုးသားလုံး သာခြင်းကို အသုံးဆုံး ဖြစ်ပါသည်။ သာခြင်းနန့် အကျွမ်းဝင်ဆုံး ဖြစ်ပါသည်။ ယင်းကြောင့် ရခိုင်စာပီ လောကလုံး၏ အသွင်ထူးလက္ခဏာ (Characteristic) မှာ သာခြင်း ဖြစ်သည်ဟု ဆိုရနိုင်ကောင်းပါသည်။

ရှီးပောင်းရှီးရိုးသာခြင်းကြီးများ၊ ဆရာထွန်း၏ သာခြင်းသစ် များ၊ ရွာချောင်းကြီး ဆရာ၏ သာခြင်းသစ်များနန့် သာခြင်းတိုများ ရို့မှာ သိမ်းဆည်းရမိသမျှ သာခြင်းများပင် ဖြစ်ကတ်ပါသည်။ ဝိမလအမတ်ကြီး၊ လောကမာန်အောင် ဆရာတော်၊ ကင်းဆရာ၊ ဝါးကျောင်းဆရာ၊ ဆရာသာအောင်၊ ဆရာမောင်ယောက်ကေ၊ သစ်ကတိုးဆရာ၊ ဆရာနန္ဒ၊ တန်းခိုးဆရာထွန်း၊ ရွာချောင်းကြီး ဆရာအောင်ထွန်းရို့မှာ သုတေသနပြုမိသမျှ သာခြင်းစာဆိုများ ပင် ဖြစ်ကတ်ပါ သည်။

**၁၇။ တိုက်သာခြင်း ။** တစ်ဦးနန့်တစ်ဦး၊ တဖက်နန့် တဖက် အတိုက်အခံပြုကာ သီဆိုကတ်ရသော သာခြင်းတမျိုးကို တိုက်သာခြင်းဟု ခေါ် ဝေါ်ကတ်ပါသည်။ စကားစစ်ထိုးသော အခြင်း (Debate) တမျိုးပင် ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလက ရခိုင်ကျေးလက်တော ရွာများ၌ တိုက်သာခြင်း ခေတ်စားခကြောင်းကို မှတ်သားဖူးပါသည်။ ယင်းအခါက ဆရာထွန်း၏ 'ယောကျ်ားမိန်းမ တိုက်သာခြင်း' မှာ ခေတ်အစားဆုံးဖြစ်ခကြောင်း

သိရပါသည်။

**၁၈။ စေည်ခြင်း ။** စေည်နန့်ပတ်သက်၍ ပတ္တရာဆင်ကာ သီဖွဲ့သောလေးလုံးသီခြင်းတစ်မျိုးကို စေည်ခြင်းဟု ခေါ်ကတ်ပါသည်။ အချီမှာ လင်္ကာအချီမျိုးဖြစ်သော်လည်း အချမှာ ပြေတက်သက်ချနည်းမျိုး ဖြစ်ပါသည်။

သက္ကရာဇ် ၉၉၉ ခု (၁၆၃၇ အေဒီ)တွင် မြောက်ဦးထီးနန်း လုပွဲ အရီးအခင်းတစ်ခုကို အကြောင်းပြု၍ စေည်ခြင်းကို လောင်းကြက်စားအမတ် ပညာဟိကုသလ (နရပတိကြီး)က အစအဆုံး တီထွင်သီဖွဲ့ခပါသည်။ 'ကိုးရာ့ကိုးဆယ်၊ ကိုးခုဝယ်ပင်' အစချီသော ဆယ့်ကိုးပိုဒ်ပါဝင်သည့် စေည်ခြင်းတစ်ပုဒ်ကို သီဖွဲ့ခပါသည်။

၎င်းမူလ ပတ္တရာစေည်ခြင်းကိုလိုက်၍ နောက်ပိုင်းခေတ် ကာလတွင် စေည်နှစ်သား တဦးတည်းကကွက်ဖော်လျက် သီဆိုကပြသော စေည်ပြဇာတ်တစ်မျိုး ပေါ်ပေါက်လာပါသိ၏။ ယင်းစေည်ပြဇာတ်၏ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်၊ ကာလဒေသ၊ စကားသုံး စသည်ရို့ကိုထောက်ဆ၍ ဗြိတိသျှကိုလိုနီခေတ် ဦးလောက်တွင် ရမ်းပြည့်မြို့နယ်မှ ပေါ်ပေါက်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။

**၁၉။ ဟောစာ ။** တရားနာပရိသတ်အား ဟောကြားရန် ရီးဖွဲ့သောစာကို ဟောစာဟုခေါ်ကတ်ပါသည်။ ကာရန်နဘေနန့် ဝိဝိဆာဆာ သီဖွဲ့ကတ်ပါသည်။

ဇာတ်တော်၊ နိပါတ်တော်များကို ဟောစာအဖြစ် သီကုံးလိ ဟိကတ်ပါသည်။ သမိုင်းရာဇဝင် ပုံပြင်များကိုလည်း တခါတခါ သီကုံးကတ်ပါသည်။ နောက်နှောင်းစာဆိုများက ဟောစာသီဖွဲ့သောအခါ-

(၁) ဦးတိုက်စာစပ်နည်း၊ (၂) ခြင်သေးလည်ပြန် စာစပ်နည်း၊ (၃) နာရိချစာစပ်နည်း၊ (၄) နာနာနယဂမ္ဘိရစာစပ်နည်းရို့ကို အသုံးများကြောင်း တွိဟိရပါသည်။ အထူးသဖြင့် တန်းခိုးဆရာထွန်း အများဆုံးအသုံးပြုခပါသည်။ ကင်းဆရာ ၏ မဟောသဓဟောစာ၊ မေတ္တေယျအနာဂတဝင်ဟောစာ၊ ဝေဿန္တရာဟောစာ၊ ဗုဒ္ဓဝင်ဟောစာနန့် ဆရာထွန်း ၏ ဟောစာများမှာ ထင်ရှားသောဟောစာများပင် ဖြစ်ပါသည်။

**၂၀။ ဘိသိက်စာ ။** ဩဘာစာ၊ သံစာ၊ မေတ္တာစာ။ ဘုရင့် ဘိသိက်ပွဲတော်တွင် ရွတ်ဘတ်ရသောစာ ကို ဘိသိတ်စာဟုလည်းကောင်း၊ သျှင်ပြု၊ နားထွင်း၊ ထိမ်းမြားမင်္ဂလာပွဲရို့တွင် ရွတ်ဘတ်ရသောစာကို ဩဘာစာဟု လည်းကောင်း၊ မင်းအချင်းချင်း၊ အမတ်အချင်း ချင်းပီးဖို့ ရီးသားကတ်သောစာကို သံစာ ဟု လည်းကောင်း၊ ချစ်ခြင်းမေတ္တာတရားကို အကြောင်းပြုကာ တစ်ဦးနန့်တစ်ဦး အကြောင်းကြား ရီးသားသောစာကို မေတ္တာစာဟုလည်းကောင်း ခေါ်ဝေါ်ကတ်သည်ဟု ဆရာ့ဆရာများ၏ အဆိုအမိန့်ကို မှတ်သားဖူးပါသည်။ ၎င်းစာလေးမျိုးနန့်ပတ်သက်၍ ရီးဖွဲ့နည်း ဆယ့်နှစ်နည်း ဟိပါသည်။ ယင်းရို့မှာကား-

(၁) လင်္ကာချင်း (ဝါ) အရိုးခံဖွဲ့နည်း၊ (၂) တေ့စပ်ရီးဖွဲ့နည်း၊ (၃) သုံးချက်ညီရီးဖွဲ့နည်း၊ (၄) သပ်စီနှက်သုံးချက်ညီ

ရီးဖွဲ့နည်း၊ (၅) ပန်းညှာစပ် (ဝါ) စပယ်ညှာရီးဖွဲ့နည်း၊ (၆) ရထားပြီးရီးဖွဲ့ နည်း၊ (၇) ကျဘမ်းသံရီးဖွဲ့နည်း၊ (၈) ပြန်ကာဆက် (ဝါ) ဆက်ရက်ခုန်ရီးဖွဲ့နည်း၊ (၉) မင်းကျိုးရွက်ထပ် (ဝါ) နဘီစပ်ရီးဖွဲ့နည်း၊ (၁၀) မင်းကျိုးရွက်ထပ်ပြန် ကာဟပ် ရီးဖွဲ့နည်း၊ (၁၂) လုံးထပ် (ဝါ) ဝိစ္ဆာထပ်တွန့်ရီးဖွဲ့နည်းဟူ၍ ဖြစ်ပါသည်။

ဘိသိက်စာကို ရှိုးဘုရင်အဆက်ဆက် ဘိသိက်မင်္ဂလာပွဲတော်တိုင်းတွင် ရွတ်ဖတ်ခကတ်ပါသည်။ အတန်း အစားအလိုက် အလွှာအလိုက် တမျိုးစီရွတ်ဖတ်ရပါသည်။ အခုအထင်အရှားတွိနိုင်သော ဘိသိက်စာများမှာ ပရိမ်မြို့တော်သျှင် ဒသရာဇာမင်းကြီး (၁၁၂၃-၁၁၃၉ အေဒီ)၏ ဘိသိက်စာနန့် မြောက်ဦးခေတ်နောက်ပိုင်း ဘုရင်များ၏ ဘိသိက်စာ များရို့ပင် ဖြစ်ပါသည်။

ဩဘာစာကို ရခိုင်လူမှုအဖွဲ့အစည်း၏ မင်္ဂလာပွဲများ၌ ရွတ်ဖတ်လိဟိကတ်ပါသည်။ ရှိုးအခါကဆိုကေ မျိုးရိုးအစဉ် စာကိုခင်းလျက် ဩဘာစာရီးလိရီးထဟိကတ်ပါသည်။ ဩဘာစာကို ဟူးရားတတ်ပညာဟိရို့ အများရီးဖွဲ့ကတ်ပါသည်။ ‘အခါစာ’ဟုလည်း ခေါ်ကြောင်း ဆရာအချို့ရို့က မိန့်ဆိုကတ်ပါသည်။ အခါစာမှာ သျှင်ပြုပွဲ၊ ထိမ်းမြားပွဲရို့၌ မပါကေ မပြီးပါ။

သံစာဆိုသည်မှာ ဘုရင်အချင်းချင်း နိုင်ငံခြားအမတ်အချင်းချင်း တစ်ဦးနန့်တစ်ဦး ပီးပို့ကတ်သည့်စာကို သံစာဟု သုံးနှုန်းရီး သားကတ်သည်ကို ရခိုင်ရာဇဝင် အစောင်စောင်၌ ဖတ်ရှုရပါသည်။

နရနုဘုရင်ကြီး (၁၄၃၃-၁၄၅၈ အေဒီ)၊ မင်းဗားဘုရင်ကြီး (၁၅၃၁-၁၅၅၃ အေဒီ)၊ မင်းဖလောင်းကြီး (၁၅၇၁-၁၅၉၃ အေဒီ)၊ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂ အေဒီ) သီရိသုဓမ္မရာဇာ (၁၆၂၂-၁၆၃၈ အေဒီ)နန့် စန္ဒသုမန (၁၇၇၃-၁၇၇၇ အေဒီ) ရို့လက်ထက်က ရီးဖွဲ့ကတ်သောရာဇသံစာများမှာ နိုင်ငံရီး၊ အုပ်ချုပ်ရီး၊ သာသနာရီး၊ စာပီရီးအရ အလွန်အဆင့်မြင့်သော သံစာများ ဖြတ်ကတ်ပါသည်။ ‘ရာဇသံပတိကျမ်းကြီး’မှာ သံစာအပီးအရ ပေါင်းချုပ်ကျမ်းကြီး ဖြစ်ပါသည်။ အခုလက်ဟိပီစာမှာ ဒဏ်ကြောင့် မစုံမလင်ပါယာ။

မေတ္တာစာကို ရှိုးရှိုးခေတ်ကပင် အသုံးပြုကတ်ပါသည်။ မြောက်ဦးခေတ်နှောင်း ပထမပိုင်းလောက်ကဟု ခန့်မှန်းရသော မစုံမလင်သည့် မေတ္တာစာများကို ထောက်ဆကြည့်ပါကေ အများသောရဟန်းပညာသျှင်ရို့ မေတ္တာ စာ ရီးဖွဲ့ခကြောင်း တွိဟိရပါသည်။ နောက်ပိုင်းကာလတွင် စစ်တွေကျေးလက်၊ ကျက်တောပြင် ဆရာတော် အသျှင်လက်ာရမထေရ်သည် မေတ္တာစာအများအပြား ရီးဖွဲ့ခကြောင်း တွိဟိရပါသည်။ ရမ်းပြည့်မြို့၊ လေးတောင် နယ်၊ ကင်းဆရာ၏ မေတ္တာစာများမှာ စာဟန်စာသိမ်း အလွန်ကောင်းပါသည်။ ဤမေတ္တာစာများအပြင် လက်လှမ်း မမီနိုင်သိသော မေတ္တာစာများလည်း အများအပြားပင် ဟိဦးမည်ဟု ယုံကြည်ထားပါသည်။

ကင်းဆရာကြီးသည် တစ်ခါက မြို့ဟောင်းမြို့အပိုင်၊ သရီချောင်း ကံစောက်ရွာနီ ဆွိမျိုးတစ်ဦးထံ မေတ္တာစာ တစောင် ရီးဖွဲ့၍ ပီးပို့လိုက်ပါသည်။ ယင်းစာတွင်-

‘သုဒဿန၊ စိတ္တကုဋ္ဌေ၊ စသည့်များမြောင်၊ ရွှေတောင်၊ ငွေတောင်၊ နံသာတောင်တို့ဖြင့် ရံဆောင်ပတ်ကာ၊ အခါခါနီ မထိုး၊ နှင်းအခိုးဝီဝီ၊ ဆောင်းနီဝသန္တ၊ သုံးကာလတွင်၊ တနိမ္မနီအဟိန်၊ အချိန်မှာ အာသန်လပြည့်၊

ထိပ်တည့်တည့်တကွက်၊ နီစက်ထွန်းပ၊ အနောဒတ္တရီအမူ၊ မိမိအပူသူ့အလောင်၊ ကုန်အောင်စေတတ်သော၊ မျက်မြတ်စေဇာတ၊ ဩမိသ မေတ္တာဖြင့်၊ ကင်းရွာပညတ်၊ ရမ္မာရပ်က၊ သျှစ်ထပ်သော ပလ္လင်မြင့်တွင်၊ သျှစ်ဆင့် ထီးဖြူကို၊ လူလူဖြန့်မိုး၍၊ နီမျိုးသူရိန်၊ အသမ္ဘိန်တို့၊ ထိန်ထိန်သောင်းကျွန်း၊ တန်ခိုးမှန်းသည်၊ စံမြန်းတော်မူရာ၊ တိုင်းရက္ခာမဏ္ဍေ၊ ထွေထွေနဝရတ်၊ မျက်မြတ် လျှံမြူး၊ မြောက်ဦးမြို့စောင်း၊ သရီချောင်းအရှိကမ်း၊ ရပ်ရိပ်ချမ်း ကံစောက်ရွာနေ လက်သမားဘုရားဘအေးထံ' ဟု အစပျိုး ရီးဖွဲ့ထားပါသည်။

စာဆိုတော်၏လက်ရာများ မြောက်ဦးထီးဟန်နန်းဟန် ပါပါသည်။ စာဟန်စာသားသိမ်မွေ့ပါသည်။ စင်စစ် ကင်းဆရာ နန့် တန်ခိုးဆရာထွန်းရို့မှာ ရခိုင်မင်းဆက်ပြတ်ပြီးနောက် ပေါ်ထွန်းလာကတ်သော စာဆိုများအနက် ထင်ရှားသော စာဆိုများဖြစ်ကတ်သည့်အပြင် ရခိုင်စာပီသမိုင်းတာဝန်ကို ကျီပြွန်စွာ ထမ်းဆောင် ခကတ်ပါသည်။ ရခိုင်စာပီ မတိမ်ကောရအောင် အားမာန်အပြည့်နန့် ကြိုးပမ်းခကတ်သည့် စာဆိုကြီးများပင် ဖြစ်ကတ်ပါသည်။

**၂၁။ အထောက်စာတမ်း ။** တဘက်သားကိုကန်ကာထောက်ကာ သီဖွဲ့သောစာတမ်းကို အထောက်စာတမ်းဟု ခေါ်ကြောင်းကိုဆရာထွန်း၏ အာဘော်အရ သိရပါသည်။

'စကားတန်တောင်၊ ဤပွဲဘောင်တွင်၊ အကောင်ကလူ၊ စောက် စောက်ရပ်၍၊ ထောက်မည့်သူသည်၊ အယူတလွဲ၊ အသံကွဲ နှင့်၊ ပွဲထဲမှာပင်၊ မြီတာငင်သည်၊ နင်ပင်ကျွဲသားဟုတ်သလား' ဟု ဆရာထွန်းက 'ကျွဲမင်းအထောက်' တွင် ဖွဲ့ဆိုထားပါသည်။ စာဆို၏ အဆိုကို ထောက်ဆကေ အထောက်စာတမ်း၌ ထောက် ကန်သည့်သဘော သက်ဝင်ကြောင်း သိနိုင်ပါသည်။

ကျွဲမင်းအထောက်စာတမ်း၊ မိန်းမယုတ်၊ မိန်းမပုပ် အထောက်စာတမ်းမှာ ဆရာထွန်း၏ ဟာသရသ မြောက်သော ဝိဘစ္ဆရသမြောက်သော လက်ရာဟောင်းများပင် ဖြစ်ပါသည်။ အချို့က အထောက်စာတမ်းကို ဆရာထွန်း တည်ထွင်ခ သည်ဟု ဆိုကတ်ပါသည်။

**၂၂။ မှာတမ်း ။** အကြောင်းခြင်းတရို့ကို မှာကြားသော စာတမ်းကို မှာတမ်းဟု ခေါ်ပါသည်။ မင်းသုံး မှာတမ်းနှင့် အချစ်မှာတမ်းဟု နှစ်မျိုးဟိပါ သည်။

မင်းသုံးမှာတမ်းမှာ (၁) မင်းကလွတ်တော်အသီးသီးသို့ ပို့သောမှာတမ်း၊ (၂) လွှတ်တော်အသီးသီးက မင်းအား ဆက်သွင်းသောမှာတမ်း၊ (၃) လွှတ်တော်အချင်းချင်း ပီးပို့သောမှာတမ်း ဟူ၍ သုံးမျိုးပြားလျက် ဟိပါသည်။

အချစ်မှာတမ်းမှာ (၁) မောင့်မှာတမ်းနှင့် (၂) မယ့်မှာတမ်း ဟူ၍ နှစ်မျိုးပြားလျက် ဟိပါသည်။

ရှီးခေတ်က မှာတမ်းများအနက် ဒသရာဇာမင်းကြီး၊ မင်းထီး ဘုရားကြီး၊ မင်းဗာဘုရင်ကြီး၊ မင်းဖလောင်းကြီး၊ မင်းရာဇာကြီး ရို့လက်ထက် မှာတမ်းများမှာ အထူးမှတ်သားစရာ ကောင်းလှပါသည်။ မင်းရာဇာကြီးစာတမ်းခေါ် 'မင်ရာဇာကြီးအရီးတော်ထုံး' တွင် ပါဝင်သော ကိုယ်ရံကြီးအမတ် မဟာဇေယျသိန် ဆက်သွင်းသော စာမှာ မှတ်သား လောက်သော သမိုင်းဝင်မှာတမ်းဖြစ်၍ ရခိုင်နိုင်ငံရီး၊ အုပ်ချုပ်ရီး၊ လူမှုရီး၊ စာပီရီးအကြောင်းအရာများ

ကို ကောင်းစွာ သိသာရပါသည်။

အချစ်မှာတမ်း ဟိခဖို့ဆိုသည်ကို သံသယကင်းယှင်းစွာ လက်ခံဖွယ်ဟိပါသည်။ သို့သော် အခုထက်ထိ အထောက် အထား မတွေ့ရသိပါ။ ဖျက်ဆီးရာ၌ ပါလားဖို့ မုချပင် ဖြစ်ပါသည်။

**၂၃။ သိုက်နိဒါန်းစာ။** ရှိုးဖြစ်နောက်ဖြစ် အကြောင်းခြင်းတ များကို ဖော်ပြသည့် စာများကို ဖော်ပြသည့်စာကို သိုက်စာဟု ခေါ်ပါသည်။ နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် အကြောင်းအတွက် တရင်းစကား၊ တဘောင် စကား၊ တိတ်နိမိတ် စကားရို့ကို နိဒါန်းစာဟုခေါ်ပါသည်။

နရပတိမင်းကြီးနန့် သိုက်တတ်လေက်ရုံးရို့ အမီးအဖြည် မိန့်လျှောက်ခန်း၌ အကျယ်ရီးသားထားပါသည်။ ရာဇဝင် ဟောင်း မြို့တည်ခန်း(လက်ရီးမူ) စာမျက်နှာ ၈၆၊ ကြောင်းရီ ၁မှ ၅ ထိတွင် ရခိုင်သိုက်စာများအကြောင်းကို နရပတိ မင်းကြီးအား ဇပိုင် လျှောက်တင်ထားပါသည်။

'သိုက်တက်လေက်ရုံးလည်း၊ အသျှင်မင်းကြီး၊ သိုက်ဟူသည်ကား နတ်သမီးကိုးကျိပ်ကိုးယောက်ဆိုသော သိုက် ၉၉စောင်၊ နတ် သားကိုးကျိပ်ကိုးယောက်ဆိုသော သိုက် ၉၉ စောင်၊ ဓာတ်သိုက် လည်း ၁၉-စောင်၊ ဗျာဒိတ်၊ ဆတ်မ၊ ရသိ၊ ဘီလူး၊ ငမှန်ကန်၊ ဘားမဲ့၊ သိကြား၊ ဂဝံပတိသိုက်ပေါင်းတို့ကို ဘဇာလူလျှင်ကျက် မည်နည်း' ဟု လျှောက်၏။ ဤတွင် သိုက်စာများစာရင်းကို အမြွက်မျှ သိရပါသည်။

ယင်းကျမ်းစာမျက်နှာ ၉၀၊ ကြောင်းရီ ၂၁ မှ ၂၅ အထိတွင် နိဒါန်းအကြောင်းနှင့်ပတ်သက်၍ ဇပိုင် လျှောက်ထားပါလီသည်။

'နရပတိမင်းကြီးလည်း ဟေသိုက်တတ်လေက်ရုံး၊ သိုက်ဟူသောအကြောင်းကိုကား ငါသိပြီ၊ နိဒါန်းဟူသော အကြောင်းကို မသိရတကားဟု မီးတော်မူ၏။ သိုက်တတ်လေက်ရုံးလည်း အသျှင်မင်းကြီး၊ သူငယ်တို့နှလုံး၌ နတ်တို့ မှီ၍ဆိုခြင်း၊ ပုလိဆိုခြင်း၊ လူတို့ကပျ္ဗာ (ကဗျာ)ဆိုခြင်းသည် မှန်သောနိဒါန်းစကား' ဟု လျှောက်လီ၏။

ရာဇဝင်ဟောင်း မြို့တည်ခန်းလာစကားကို ကောက်နုတ်ကိုးကားကာ ရီးသားထားသော ရခိုင်ရာဇဝင် သစ်ကျမ်း၊ ဆဋ္ဌမတွဲ၊ စာမျက်နှာ ၂၀၀၊ ကြောင်းရီ ၉၊ ၁၀တွင် 'အသျှင်မင်းကြီး၊ တနည်းတုံသော်လည်း လူတို့၌ ပျို့၊ ကဗျာ၊ လင်္ကာ၊ အဲ၊ အန်စကား သည်လည်း နိဒါန်းမည်ပါသည်' ဟုလျှောက်၏'ဟူ၍ တင်ပြထားပါသည်။ ဤတွင် နိဒါန်း အကြောင်းကို အမြွက်လောက် သိရပါသည်။

'အတွင်းကန်မှာ၊ ကြာနီထောင်သောင်း၊ ကြာကောင်းထောင်ရာ၊ ပွင့်သောခါလည်း၊ မယ်တို့ပန်ရာ၊ ပဒုမ္မာကား မပါသိ။ ယင်း ကြာပွင့်ကား သာယောင့်သာယာ၊ ရခိုင်မှာသာ ပွင့်ခပါမည်။ ယင်း ကြာပွင့်ကို နဂါးအရ ကြိုးလတ်မည်၊ နဂါးမရ၊ တန်ခိုးကြီးစွာ၊ ခြင်သေးသာလျှင် ရလိမ့်မည်။ ခြင်သေးဆွတ်ပြီး၊ ဘုရားကြီးမှာ တင်လတ္တံ့။ ခြင်သေးနှစ်ခု၊ အမြီးလှုပ်ကာ၊ မဟောက်သာ၊ သင်လည်းဘာသာတစ်ခုခြင်သေး၊ အမြီးလှုပ်ကာ ဟောက်လီခါ၊ ပဋိပက္ခခြားနားပြည်ရွာ ပြုလိမ့်မည်။ အရှိတခြား၊ သံတံခါးကို ခြားလိမ့်မည်' ဤကား သိုက်စာပါတည်း။

‘ဖွတ်ကမီးကျောင်းဖြစ်လျှင်၊ ချောင်းမြစ်မခံသာ၊ ကျွန်က သူကောင်းဖြစ်လျှင် တိုင်းပြည်မစည်ရာ’ ဤကား နရပတိ မင်းကြီးမင်းဖြစ်ခါနီး၌ ပေါ်ပေါက်သော တရင်းစကားဖြစ်ပါသည်။ နိဒါန်းစာပါတည်း။

‘ပြတ်လှီသုံးဆယ်၊ ရှိကတည်၊ ကြံစည်ကောင်းခြင်း၊ သံတွဲ မင်း။ ဖြစ်လာမည်လည်း၊ တောသလင်း၊ သံတွဲမြို့ဟောက်၊ အစွယ်ပေါက်သည်၊ လက်ကောက်ဝတ်လောက်ပြီတကား၊ ကြွက်ကားစဉ်လျက်၊ အဆက်နဂါး၊ နောက်ထားရေသူ ကိုးဆက် ဟူ၏၊ မြောက်ဦးအပါး၊ အိမ်ရှိနား၌၊ နဂါးသုံးခွီခွီလတ်မည်’ ဤကား သံတွဲမင်းသား ဘစောသီရိ (မင်းပါးကြီး) မင်းဖြစ် ခါနီး၌ပေါ်သော တပေါင်နိမိတ်စကား ဖြစ်ပါသည်။ နိဒါန်းစာပါတည်း။

**၂၄။ အဲ။** အသံကိုရပ်ကာ၊ ဖြတ်ကာ၊ တန့်ကာ သီဆိုရသော ကဗျာတစ်မျိုးကို အဲဟုခေါ်ပါသည်။ လက်ဟိ ကာလတွင် ‘ဉက္ကာ အဲ’ တစ်ခုတွဲဟိထားပါသည်။ ဗိုလ်မင်းထောင်သားတစ်ဦးထံမှ ရဟိပါသည်။

ဉက္ကာအဲမှ ကောက်နုတ်ချက်တစ်ခုကို တင်ပြပါမည်။ ကေတုမတီတောင်ငူတိုက်ခန်း၌-

‘ဦးစီးကျော်ထင်၊ စစ်ဘုရင်၊ မောင်ပင်ဆင်စီး၊ အမတ်ကြီးကား၊ သျှင်သားအာဇာချလတ်တေ။ အခါမတော်၊ သဉ်ခေါင်ကျော်၍၊ ဆင်ထိန်းဒွါရဂါ၊ နင်ရှိမနိ၊ ဆင်ကိုသံဆင့်အော်ရမည်။ မြင်းထိန်းသားလည်း၊ မြင်းကိုသံဆင့်ကျွီး ရမည်။ ဘောမှုတ်သားလည်း၊ ဘောကိုသံဆင့်မှုတ်ရမည်။ အဝါညီးညီး၊ သိကြားပီးရေ၊ မောင်းကြီးကျားနှယ် ရုံရမည်။ စည်တီးသားလည်း၊ စည်ကိုသံဆင့် တီးရမည်။ လက်သံပေါက်ကို အညီအညာခတ်ပြီးခါကော၊ ဗဒေါသုံး ခါ ကြော်ရမည်။ အလျားငါးလံ၊ ကြီးပြောင်းလံ၊ ကမ္ဘာတည်စ၊ သံပြောင်းမကို၊ မီးကြောင်းခုန်ပင်၊ ကြီးရေပြောင်းကို၊ စက်သီးတင် ရို့၊ တောင်းတင်သျှစ်သောင်း၊ ဇဝါပြောင်းလည်း၊ ပါရရေရေ မြီ ကြောင်းကြက်လိုက်၊ ကြီးရေပြောင်းကို၊ သံဆက်ပစ်တေ’ ဟု ဖွဲ့နွဲ့ ထားပါသည်။

**၂၅။ ဘွဲ့ ။** အတ္ထုပ္ပတ္တိအကြောင်းအရာတစ်ခုခုကို ချီးကျူးဖွဲ့နွဲ့သော ကဗျာတစ်မျိုးကို ဘွဲ့ဟုခေါ်ပါသည်။ အခုကာလတွင် စန္ဒရားဘွဲ့၊ မင်းစောမွန်ဘွဲ့၊ ပိုးဝါဘွဲ့ရို့ကို တွဲဟိထားပါသည်။ ထာမရာဘွဲ့တွင်-

‘စောထွီးလှစွာ၊ မိကုမ္မာကို၊ ဆက်ခလေ့လ။ စီးဆင်၊ စီးမြင်း၊ သယင်လက်ဆောင်၊ ကုံအောင်ထွီပြား၊ လျင်လျားမနီ၊ ငါတည်း မင်းကို၊ ဆက်ခလေ့လေ။ ရွှီဖရုံသီး၊ ဆက်ခလေ့လလေ။ မွိမရုံသီး၊ ပီး ခလေ့လေ။ မြကိုအပင်၊ စိန်ကိုအခက်၊ ရိုးလှသန္တာ၊ နီလာငှဲကို၊ ဆက်ခလေ့လေ။ ရွှီတပင်လည်း ပီးခလေ့လေ’ဟု ဖွဲ့နွဲ့ထားပါသည်။

**၂၆။ တုံးခြင်း၊ ၂၇။ သိုင်းခြင်း၊ ၂၈။ ဟန်ခြင်း။** တုံးခြင်း၊ သိုင်း ခြင်း၊ ဟန်ခြင်းရို့သည်တုံးပွဲ၊ သိုင်းပွဲ၊ ဟန်ပွဲရို့၌ သီဆိုသော အခြင်းများ ဖြစ်ကတတ်ပါသည်။ တုံးကပွဲတွင် ယောကျ်ားသျှေရို့ ပါဝင်ကကတ်ပါသည်။ သိုင်းပွဲတွင် ယောကျ်ားသျှေ မိန်းမသျှေရို့ ရောလျက်ပါဝင်ကကတ်ပါသည်။ ဟန်ကပွဲတွင် မိန်းမသျှေရို့ ပါဝင်ခကတ်ပါသည်။

တုံးအကကို တချို့ကတုံးကြမ်းအကဟုခေါ်၍ သိုင်းအကကို တုံးအကဟုခေါ်ကတ်ပါသ၏။ တုံးအကမှာ

ခပ်ကြမ်း ကြမ်း ကရသော ယောကျ်ားက ဖြစ်ပါသည်။ သိုင်းအကမှာ နှုန်း့ပါသည်။ ဟန်အကမှာ သိုင်းအကထက် ပိုမို နှုန်း့ပါသည်။ ပျော့ပျောင်းပါသည်။ တုံးအကမှာ စစ်တွေဘုန်းကြီးပျံပွဲများ၌ ခေတ်အစားဆုံး ဖြစ်ပါသည်။ မြို့ငယ်များနှင့် ကျေးလက် များ၌ သိုင်းပွဲဟန်ပွဲများ ခေတ်စားပါသည်။ အခုခေတ် စစ်တွေတုံးပွဲများ၌ ခေတ်သစ်ပြ ဇာတ်တစ်မျိုးပေါ်ပေါက်ရန် အားယူနီကြောင်း တွေ့ရပါသည်။

**၂၉။ နတ်ခြင်း ။** ရိုးရာနတ်ကိုးကွယ်ပူဇော်ပသပွဲများတွင် သီဆိုသော အခြင်းတမျိုးကို နတ်ခြင်းဟု ခေါ်ကတ်ပါသည်။ သာခြင်းသီဖွဲ့နည်းနှင့် သီဖွဲ့ထားသဖြင့် နတ်ခြင်းကို နတ်သာခြင်းဟုလည်း ခေါ်ကတ်ပါသိသည်။

နတ်ခြင်းမှာ နှစ်မျိုးပါဝင်ပါသည်။ နတ်ပန်ပွဲ၌ သီဆိုသော အခြင်းကို နတ်သာခြင်းဟုခေါ်၍ နတ်ကပွဲ၌ သီဆိုသော အခြင်းကို နတ်ယဉ်သံကျူးဟု ခေါ်ပါသည်။ နတ်ပန်ပွဲတွင် နတ်သာခြင်းကို နတ်ဆရာမတစ်ဦး တည်းက သီဆိုရပါသည်။ နတ်ကပွဲတွင် နတ်ယဉ်သံကျူးကို နတ်ဆရာမနှင့် ပန်းတျားဆရာရို့ အတိုင်အဖောက် သီဆိုကတ်ရပါသည်။ ထင်ရှားသော နတ်သာခြင်းတစ်ခုကို တင်ပြရပါသော်-

'လှရကြည်ကေ၊ ထွီးမယ်ချောင်းမှာ၊ အဝမှာတတန်၊ ရိုင်နိခံ ရေ၊ အလယ်တရိုး၊ လှရကြည်ကေ၊ ထွီးမယ် ချောင်းမှာ၊ အိုင်ဝန်းတိုး လို့၊ အဖျားတတန်၊ လှရကြည်ကေ၊ ထွီးမယ်ချောင်းမှာ၊ ရီချိုခံရေ။ ယင်ရွဲခြိုလေ၊ ပန်းခြိမ့်မ့်၊ လှရကြည်လေ၊ ထွီးမယ်ချောင်းမှာ၊ ရီညို့ညို့လေ။ ယင်းရွဲခြိုလေ၊ ပန်းခြိပိစပ်၊ လှရကြည်လေ၊ ထွီးမယ် ချောင်းမှာ၊ ဖောင်ချင်းခပ်တေ၊ ကုလားကွက်ကေ၊ လင်းချက်မြည်သံ၊ ကုလားတန်ကေ၊ အညာချောင်းမာ၊ ဖြားမပြန်လေ၊ အပုတ်ကေမြည်သံ၊ သာမွန်ချောင်းမာ ဖြားမပြန်လေ'ဟု ဖြစ်ပါသည်။ မြောက်ဦးမြို့ လက်ကောက်စျေးရပ်နီ ဦးမောင်လှဘော်မိခေါ် နတ် ဆရာမကြီးထံမှ ရဟိပါသည်။

**၃၀။ ပန်းတျားခြင်း ။** နတ်ကပွဲတွင် ပန်းတျားဆရာက ပန်းတျားတီးလျက်ဆိုသောအခြင်းကို ပန်းတျားခြင်းဟု ခေါ်ပါသည်။

နတ်ခြင်း၊ ပန်းတျားခြင်းရို့တွင် အနန္တောအနန္တကံတော့ခန်းမှာ ပဏာမဖြစ်၍ လေးကျွန်းမြင့်မိုရ်တည်ခန်း၊ ရက္ခ မဏ္ဍိုင်တည်ခန်းမှာ အဓိကရဖြစ်ပါသည်။ မယူနတ်ခြင်း၊ ရမောင်နတ်ခြင်း၊ ရမ်းပြည့်နတ်ခြင်း၊ မာန်အောင် နတ်ခြင်း၊ မော်တင်နတ်ခြင်း၊ နတ်မြစ်နတ်ခြင်း၊ ဗိုလ်မင်းနတ်ခြင်း၊ သက်မင်းနတ်ခြင်း၊ ဖလန်မင်းနတ်ခြင်း၊ မြုံမင်းနတ်ခြင်း၊ ဒက္ကားနတ်ခြင်း၊ ရကြည်နတ်ခြင်း၊ ယိုးမကြီးနတ်ခြင်းရို့မှာ တိုင်းပြည်နတ်ခြင်းများ ဖြစ်ပါသည်။ မြောက်ဦးနတ်ခြင်းနှင့် ပြည်စောင့်နတ်နဂါးအခြင်းရို့မှာ အနှစ်သာရ ဖြစ်ပါသည်။ ဤအခြင်းအမျိုးမျိုးကိုလိုက်၍ တီးဟန်တီး ကွက်၊ ဆိုဟန်ဆို ကွက်ပြောင်းလဲတတ်ပါသည်။ တမျိုးစီတမျိုးစီ ဖြစ်ပါသည်။ ယင်းရို့အနက် ထင်ရှားသောပန်းတျားခြင်းတစ်ခု မှာ-

'အာကာပျံဝဲ၊ မြို့သံတွဲ၊ ရီလှည်းယင်းယူ၊ ခေါင်းလောင်းတူ၊ ဆင်ဖြူပိုင်တတ်၊ ခေါင်းလောင်းနတ်၊ တန်းရွဲမှာရွှီတုံး၊ လမုန်းမှာ ရွှီကျော်၊ မအီချောင်းမှာ ဖသတော်၊ နီဝင်လဲပေါ်၊ လတောင်ကျော်၊ ကင်းမော်သူမ၊

အလိုလိုရီချိုထွက်ကော၊ ဒလက်က။ ဟုန်း၀- ကျောက်ဖျား၊ ခေါင်းလောင်းတူ၊ တယူဇနာ၊ ကျွန်းနံသာ၊ လိပ်ပြင်သာကော၊ ပြင်သားစီးလိုက်၊ စီးလိုက်လိုက်၊ လိပ်ပြင်ဖြူကော၊ ပြင်ဖြူ လှိုင်းစွက်၊ လှိုင်းစွက်စွက်။ ကျားနန့်ဆင်ကော၊ မမြင်စီရ၊ လှိုင်း တောင်ယောင်မှာ၊ သျှင်ဟုန်း၀၊ ငဖယုံကော၊ လျှင်စွာစီးကော၊ အီးလတ်ပါလေး’ ဟု ဖြစ်ပါသည်။ မြောက်ဦးမြို့ လော်ကမူရပ်နီ၊ ပန်းတျား ဆရာကြီး ဦးထွန်းလှဦးထံမှ ရဟိပါသည်။

**၃၁။ သံချပ်အမျိုးမျိုး ။** တသံမှာ တသံချပ်ကာ သီဆိုရသော အခြင်းတမျိုးကို သံချပ်ဟု ခေါ်ဆိုကြောင်း မှတ်သားဖူးပါသည်။ သံချပ်ကြီး၊ သံချပ်ငယ်၊ ဆုခံသံချပ်၊ အယဉ် သံချပ်၊ သံချပ်ကြမ်း၊ နဘီသံချပ်ဟု အမျိုးမျိုးဟိပါသည်။

သံချပ်ငယ်မှတပါး ကျန်သံချပ်ရို့မှာ သီဖွဲ့နည်း အတူတူပင် ဖြစ်ပါသည်။ မြန်မာရို့ သီဆိုနီကတ်သော သံချပ်မှာ သံချပ်ငယ် ပင် ဖြစ်ပါသည်။ ရခိုင်ပညာဟိအချို့က သံချပ်ငယ်ကို သံချပ်အမျိုးအစားထဲတွင် မထည့်လိုက်ကတ်ပါ။ သံတိုင်သံဖောက်တမျိုး ဖြစ်၍ သံပေါက်သာဖြစ်သည်ဟု ဆိုကတ်ပါသည်။

**သံချပ်ကြီးပုံစံ။** ‘ရွှိပြည်အောင်ချာရက္ခာတိုင်းဟု၊ နတ်ရွာစာနှိုင်း၊ သမိုင်းတည်၊ တိုင်းရွှိပြည်ခိုင်ဌာနီရပ်တွင်၊ ဦးရစ်မြတ်စွာ၊ မဟာ ဓာတ်ကို၊ ဗြဟ္မာလူနတ် ညွတ်ပူဇော်’ ဟု ဖြစ်ပါသည်။

**သံချပ်ငယ်ပုံစံ ။** ‘ငါရို့လောင်းကိုတုပပြိုင်၊ ဦးချက်ထိုင်မှိုင်ရ အများ။ နင်ရို့ရပ်သားပိုက်ငါးလှေ၊ ရွာတိုင်းလည်လို့ ရောင်းနီ ပါလား။ ငါးမရောင်းပဲ ပွဲကိုဝင်၊ အများလူသျှင်မြင်လို့ မကောင်း ဟု ဖြစ်ပါသည်။

**သံချပ်နဘီပုံစံ ။** ‘တေဇာဝေဖြာသပြေညာနေပမာသို့ ထွန်းတေရပ်သား။ ဝေယန်ဘုံပျံ့ပုံသဏ္ဍာန်မူ စံယူဟန်ကြီးတေ့ ရပ်သား၊ ကြိုးပြတ်မျိုးမြတ် မိုးနတ်သွင်မဆင်မပျင် ယဉ်တေ့ရပ်သား’ ဟု ဖြစ်ပါသည်။

ဤသံချပ်အမျိုးမျိုးကို ပွဲကိုလိုက်၍လည်းကောင်း၊ အခြီအနီ ကိုလိုက်၍ လည်းကောင်း အသုံးပြုကတ်ရပါသည်။ အထူးသဖြင့် ပြိုင်လောင်းပွဲ၊ ရထားပွဲ၊ ထီးတင်ပွဲ၊ ဘုရားတည်သိမ်ဆောက်ပွဲ စသည့်ပွဲကြီး လမ်းကြီးရို့၌ အသုံးပြုကတ်ရ ပါသည်။ အိုးစည်ခြင်းတွင်ဝင်၍ သံချပ်ထိုးရပါသည်။

**၃၂။ ဗျာရတု။** ဗျာရတုမှာ ရတုအနွယ်ဝင်ကဗျာတစ်မျိုး ဖြစ်ပါသည်။ ခြင်သေးလည်ပြန် ကာရန်မျိုး ကာရန်ယူ ရပါသည်။ တချို့က ဆက်ရက်ခုန်ကာရန် ယူနိုင်သိသည်ဟု ဆိုကတ်ပါသည်။

စိတ်ဝင်စားဖွယ် ရာ ဗျာရတုတစ်ပုဒ်မှာ-

'မယ်နီဇေ၊ တောင်ခါးစောင်း၊ မောင်နီဇေ၊ သျှင်ပင်၊ ဆယ်ပြန်ကျောင်း၊ ဆင်နှမောင်း၊ လမ်းကြောင်းဆီး၊ သရက် ပင်ကြီး၊ ရပ်မြိုင်ခေါင်ထီးဝီ၍၊ ကျီးရှိစီ၊ လျှောက်ပါခီ၊ လှပြာသူကို၊ မဆန်း စီချင်ပါ၏လည်' ဟု ဖြစ်ပါသည်။

**၃၃။ ဗျာစကားယင့် ။** ယင့်ယင့်ယူယူ သီဆိုရသော နှစ်ထွေရော စကားပြည် ကဗျာတစ်မျိုးကို ဗျာ စကားယင့်ဟု ခေါ်ဆို သင့်ပါသည်။ ဗျာစကားယင့်တစ်ခုမှာ-

'လက်ပံပင်မှာ၊ ဇရက်ယှေ့ရီစွတ်၊ အတောင်ဖျားကို ဖြန့်းဖြန့်း ခတ်၍၊ အပွင့်ကိုခြီ၊ သီးတံချီချ၊ လက်ပံစဉ်မှာ၊ မကိုယလေ၊ မကို ယ' ဟုပင် ဖြစ်ပါသည်။

**၃၄။ ဇမ်းခြင်း ။** ဉာဏ်ပညာစမ်းခြင်းသဘောဖြင့် အပြန်အလှန် သီဆိုရသောကဗျာတစ်မျိုးကို စမ်းဟု ခေါ်ပါသည်။ စမ်းမှ ဇမ်းပြောင်းလဲလာသည်ဟု အများ လက်ခံထားတတ်ပါသည်။ အချို့က ဆန်းမှ ဇန်းဖြစ်လာ သည်ဟု ကြံဆတတ်ပါသိ ၏။

လယ်ခင်းလယ်တာ၌လည်းကောင်း၊ လရောင်ရွှန်းမြ ညအခါ၌လည်းကောင်း ဇမ်းဆိုလိဟိတတ်ပါသည်။ ချစ်ရီး ဆိုကေ ဇမ်းခြင်းဖြင့် ဆိုတတ်ပါသည်။ ချစ်စကားပြောကေ ဇမ်းခြင်းဖြင့် ပြောတတ်ပါသည်။ ချစ်တင်းနှီးနှောကေ ဇမ်းခြင်းဖြင့် နှီးနှောတတ်ပါသည်။ ကလေယှေ့၊ ကလေမယှေ့ အချင်းချင်းစကေ ဇမ်းဖြင့် စတတ်ပါသည်။

**ပုံစံ(၁)**

**ကလေယှေ့ဆို -** 'အို----လေးလေ အိုလေနှမ၊ တစ်ခွန်းခေါ် ကေ၊ ခေါ်သံမကြား၊ နှစ်ခွန်းခေါ်ကေ၊ ခေါ်သံ မကြား၊ မယ့်နားပြင်မှာ၊ ရွှေခင်လီးလို့ မကြားလားလေ၊ ချစ်တော့မောင်မှာ၊ ညဥ့် ခေါင်သန်နက် ရွာကထွက်လို့၊ အသက်ကို ပုံ၊ ရင်ကတုန်၊ တဟုန်ပြီးကာ၊ လာခရကား၊ ချစ်နှမလေး'။

**ကလေ့မယှေ့ဆို -** 'ဇာကလာကေ ---- ဇာရွာသားရောင်၊ စကားချိုမှာ၊ ပျားသကာလို၊ ထင်ပါရေကား၊ အိုမောင်းမောင်၊ ဒေအသံကို ကြားပြန်ရကေ၊ ရင်ဝကခုန်၊ ဘဝင်တုန်ကေ၊ စည်ဗုံတီးယောင်၊ အိုမောင်မောင်'။

**ကလေယှေ့ဆို -** 'ဝါးနက်ခြုံနန့်၊ ဆူးခြုံတောက၊ တောခြိုးမကူ၊ အိမ်ခြိုးကူယောင်၊ ဖြူယေစိတ်လေ၊ ရှုပဆောင်ကေ၊ မောင်းမောင် စိတ်မှာ၊ အတွင်းလဲပူ၊ ပြင်လဲပူဗျာ၊ အပူယှက်လို့၊ ခာတ်ဖိုဖို့ရာ'။

ဤအထက်ပါ ပုံစံ(၁) ဇမ်းခြင်းကဗျာမှာ လူပျိုလှည့်ရာတွင် သီဆိုသော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။

**ပုံစံ(၂)**

**‘**တောင်ပေါ်ထက်တွင်၊ ကင်းစွန်းပင်လေ၊ ကြီးချင်ပါဘိ၊ မိုး ကိုထိလို့ ပျိုမေရို့ကိုပင်၊ မောင်လိုချင်ကေ၊ လူပင်မသိ၊ စိတ်ကဟိ ရေ။

**ပုံစံ(၃)**

‘တောနက်အချောင်၊ ကူကလောင်၊ ဖိုးခေါင်သံမြူး၊ ဥဩကျူး လို့၊ တန်ခူးမာသ၊ မောင်မောင်စိတ်မှာ၊ လွမ်းနာကျလို့၊ နှမဟိရာ၊ မှန်းလိုက်ခါ၊ ဇာမှာမသိ၊ အတွင်းလဲပူ ပြင်လဲပူကေ၊ နီဆယ်ဆူသို့ မချိမချိယာကားပုယေ့’။

**ပုံစံ (၄)**

‘ဆောင်းနှင်းရာသီ၊ ပွင့်ဝီဝီကေ၊ စာတီပြင်နား၊ တောင်စောင်းဖျားမှာ၊ လှများသခင်၊ မွှီးသဇင်ကို၊ မောင်မြင် လတ်ကေ၊ ချစ်တေ မေ၊ ပုယေ့ထွက်လှမ်း လက်ပီးမေ’။

**ပုံစံ(၅)**

‘တက်လှိုင်းကဆူ၊ ကျလှိုင်းအူကေ၊ ကျောက်ဖြူမြစ်မှာ၊ ရွက်ဖြူဖြူကို၊ လွှင့်ထူကာထား၊ ကုက္ကလံမြောက်ကိုသွားမှ ပြန်ခမေကား ပုယေ့’

ပုံစံ (၁) (၂) (၃) (၄) (၅) ရှိ့မှာ မောင်ကမယ့်ကို တမ်းလွမ်းတသသော အလွမ်းဖွဲ့ဇမ်းခြင်းများပင် ဖြစ်ပါသည်။

**၃၅။ ယာဉ်းသာခြင်းအမျိုးမျိုး**

ယာဉ်းလွဲသောအခါ၌လည်းကောင်း၊ ယာဉ်းထိုးသောအခါ၌ လည်းကောင်း၊ သာသာယာယာ ယင့်ယင့်ယူယူ သီဆိုရသော အခြင်းတစ်မျိုးကို ယာဉ်းသာခြင်းဟု ခေါ်ပါသည်။ ဤသာခြင်းမျိုးမှာ တစ်ပုဒ်တစ်ပုံသဏ္ဌာန်စီ ဖြစ်ပါသည်။ ကာရန်သွားမှာ လက်ာကာရန်သွားမျိုး၊ သာခြင်းကာရန်သွားမျိုး၊ ဆက်ရက်ခုန်ကာရန် သွားမျိုး ခြင်သေးလည်ပြန် ကာရန်သွားမျိုး၊ အဖျားခတ်ကာရန် သွားမျိုးကိုအသုံးများပါသည်။ တစ်ခါတစ်ခါ ယင်းကာရန် သွားရို့ကို ခြီလျက်လည်းကောင်း၊ ရောလျက်လည်းကောင်း အသုံးပြုတတ်ပါသည်။

အချို့က ယာဉ်းသာခြင်းကို သားချော့သာခြင်းဟု ဆိုတတ်ပါသည်။ စင်စစ်ယာဉ်းသာခြင်းမှာ သားချော့ သာခြင်း ထက်တောင် ကျယ်ပါသည်။ ယာဉ်းသာခြင်းတွင် ယာဉ်းလွဲကာ သားကို ချော့သောအခါဆိုသောသာခြင်း (ဝါ) သားချော့ သာခြင်းနန့် အယေ့တိကိုယ်တိုင် ယာဉ်းထိုးသောအခါ သီဆိုသောသာခြင်းနှစ်ရပ်ပါဝင်ပါသည်။ ယင်းကြောင့် ယာဉ်းသာ ခြင်းနန့် သားချော့သာခြင်းကို ထပ်တူမပြုသင့်ဟု ယူဆပါသည်။

အချို့က သားချော့သာခြင်းကို ပြည်သူ့အရွေ့ (Folk Songs) နန့် ထပ်တူယူဆတတ်ပါသည်။ စင်စစ်ပြည်သူ အရွေ့မှာ ယာဉ်းသာခြင်းထက်တောင် ကျယ်ပါသည်။ ပြည်သူအရွေ့တွင် ယာဉ်း သာခြင်းအမျိုးမျိုး အကျုံးဝင်သည့် အပြင် ကျွဲ၊ နွားကျောင်းလျက်သီဆိုသောသာခြင်းများ၊ လယ်ယာလုပ်ကိုင်လျက် သီသောသာ ခြင်းများ၊ ဝါးခုတ်

သစ်ခုတ်လျှင်း သီဆိုသောသာခြင်းများ၊ လှီထိုးလှီခတ်လျှင်းသီသော သာခြင်းများရို့လည်း ပါဝင်ပါသိသည်။ ယင်းကြောင့် ပြည်သူ့အရွှေ့သည် ပိုမိုဘောင်ကျယ်ပါသည်။

**ပုံစံ (၁)** အသူ့ယာဥ်းစင်၊ ဆွဲကြိုးတင်
အပုယေ့ယာဥ်းစင်၊ ဆွဲကြိုးတင်
ဆွဲငင်ယာဥ်းယာဥ်း ကြိုင်းကြိုင်း
ပုခွက်ယေ့၊ ပုယေ့သိပ်မေ
ရွှိနို့သျှင်၊ မိခင်လွဲကေ၊
အိပ်လတ်တေလေး၊ အိပ်လတ်တေ။

**ပုံစံ (၂)** အသူသိပ်ကေ၊ အိပ်ပါမေ
အီးယေသိပ်ကေ၊ အိပ်ပါမေ
အီးယေရင်ခွင် နို့သက်ငင်
နို့သျှင်သားပု၊ မိမျက်ရှု
ပုလုပုလွေ့၊ အိပ်တတ်တေ
ဘားဘာရောက်ကေ၊ မုန့်ပါမေ
ဒိုးတလင်းလက်စွပ်၊ ဝတ်ရမေ
အပုယေ့ ရင်ခွင်အိပ်ကေ
မေသိပ်မေလေး၊ မေသိပ်မေ။

**ပုံစံ (၃)** ဘုရားလက်ဆောင်များ မြောင်ဆီမီး။ မုလေးပွားကေ၊ ကုက္ကားထီးနန့်၊ ကြက်လျှာဒက်စွန်၊ တံခွန်လိပ် လက်။ ပြသာဒ်ပျင်များ၊ စန်းတော်ကြက်လို့၊ သကျမဥ္ဇူ ဆုထူးယူလေ။ ကောင်းမှုတိုးမေ၊ ဆင်းဗုဒ္ဓေကို။ အညီ မေရို့၊ ဖူးကတ်တေလေ။ ပန်းခံယူငင်၊ ခေါင်းထက်တင်။ ဇိသျှင်ခိုးကေ၊ ဝတ်ပြု ရေလေ၊ ဝတ်ပြုရေ။

**ပုံစံ (၄)** အမေလေ၊ ရောက်မလေး။ ပန်းခူးဖို့လေလား ကတ်မေ။ ဝါကျွတ်လတ်ပျာ၊ ပန်းပွင့်ပျာ၊ ပန်းပွင့်ပွင့် ချိန်၊ ပန်းခူးချိန်၊ လစ္ဆဝီပန်း၊ ဘုရားပန်း၊ အနွယ်ခက် ဖြာ၊ ပွင့်တရာ။ ရိုးတံကချီ၊ ပွင့်ဝီဝီ။ ငုံတံညို့ညို့၊ ပွင့် တချို့။ ဘုရားပန်းယင်ပွင့်လတ်ယင့်။ အကျွန်ရို့မှာ ဆွတ်ကတ်ယင့်။ ဆွတ်လို့ရကေ ဇာပျင်မေ။ ဆရာသျှင် ထေရ်ကျော်ကျောင်းလားကတ်မေ။ ကျောင်းကြီး အသျှင် ကန်တော့ယင့်။ ဇေတဝန်မြတ်မွန် ကျောင်း ပန်းတင်ယင့်။ တစ်ယောက်တစ်တိုင်၊ ဆီမီးတိုင်လေ၊ ပြိုင်ပျာထွန်းကေ။ ရှိခိုးမေလေ၊ ရှိခိုးမေ။

ပုံစံ (၁)နန့် (၂)ရို့မှာ သားချော့သာခြင်းများ ဖြစ်ကတ်ပါ သည်။ ပုံစံ (၃)နန့် (၄)ရို့မှာ ကလေ့မယေ့ရို့၏ သဘာဝကို ဖော်ပြ သော ယာဥ်းထိုးလျှင်းသူရို့ကိုယ်တိုင် သီဆိုနိုင်သည့်ယာဥ်းသား ခြင်းများပင် ဖြစ်ကတ်ပါသည်။ ယင်းကြောင့် ယာဥ်းလွဲသာခြင်းနန့် ယာဥ်းထိုးသာခြင်းနှစ်မျိုးကို ခွဲထားသင့်ပါသည်။ ယင်းနှစ်မျိုးလုံး ကို ပေါင်းကာ ယာဥ်းသာခြင်းဟု ခေါ်ဝေါ်သုံးနှုန်းမည်ဆိုပါက ရနိုင်ကောင်း၏ဟု ထင်မြင်မိပါသည်။

**၃၆။ ပြည်သူ့အရွေ့များ (Folk- Songs)**

အင်္ဂလိပ်ဝေါဟာရ ဖို့ခ်ဆုင်းဂ် **(Folk- songs)** ကို ပြည်သူ့အရွေ့ဟု ပြန်ဆိုပါသည်။ ဖို့ခ်ဟူသည် ရင်းမြစ်အားဖြင့် ဂျာမန်စကား ဖြစ်ပါသည်။ ယေဘုယျသဘောကို ဆောင်သောအများ ပြည်သူ **(People in General)** ဟု အင်္ဂလိပ် အဘိဓာန်များ၌ ဖွင့်ဆိုကတ်ပါသည်။ ဆုင်းဂ်ဟူသည် တေးခြင်း၊ အရွေ့ပင် ဖြစ်ပါသည်။ ယင်းကြောင့် ဖိုခ့်ဆုင်းဂ်ကို ပြည်သူ့အရွေ့ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။

ဖိုခ့် (ဂျာမန်ဝေါဟာရဗိုခ့်-Volk)ဟူသည် ကောင်းမြတ်သည့် စိတ်ရင်းစွဲဟိသောပြည်သူကို ဆိုလိုပါသည်။ အထူး သဖြင့် ကျေး လက်ပြည်သူရာ စိတ်ရိုးရင်းစွဲကောင်းမြတ်ကတ်ပါသည်။ ယင်း ပြည် သူရို့၏ ယင်းပိုင်စိတ်ဓာတ်မျိုးကို အနောက်တိုင်းပညာသျှင်ရို့ ဂရုထားမိကတ်ပါသည်။ ၁၈ရာစုခေတ်နောက်ပိုင်းတွင် ဂျာမန်အတွေးအခေါ်ပညာရှင် ဟာဒါ (Herder 1744-1803)က ကျေးလက်ပြည်သူ့စိတ်ဓာတ်သဘောတရား (The Theory of Folk- spirit) ကို တင်ပြခပါသည်။ ထိုအချိန်ကစ၍ ပြည်သူ့အရွေ့၊ ပြည်သူ့ပုံပြင်၊ ပြည်သူ့ယဉ်ကျေးမှုရို့ အရီးပါအရာရောက်လာခပါသည်။

ပြည်သူ့အရွေ့သည် စိတ်ကူးဆန်းကြယ်မှု၊ ခံစားချက်လှုပ် ယှားမှုရို့ကို အခြီခံ၍ ဖွဲ့နွဲ့ထားအပ်သော အရွေ့များပင် ဖြစ်ပါ သည်။ ထိန်းကွပ်မှု၊ ဟန်ဆောင်မှု၊ မြှုပ်ထားမှု၊ လှည့်ထားမှုမပါသော စိတ်ရိုးရင်းစွဲ အခြီခံ အလျောက် ဖွဲ့နွဲ့သီဆိုသောအရွေ့များပင် ဖြစ်ကတ်ပါသည်။

တစ်ခါတစ်ရံ ပြည်သူ့အရွေ့များတွင် ရခိုင့်အနာဂတ် ကျောက်ရိုးသမိုင်းမှ စာသားများ၊ ရှီးဟောင်းအဖွဲ့၊ အခြင်း အရွေ့များမှစာသားများ၊ သိုက်တြင်း-တဘောင်များ၊ သမိုင်းအဖြစ်အပျက်များ၊ ဓလီသုံးအဖွဲ့အရွေ့များ၊ သဘာဝ အဖွဲ့အရွေ့များ ပါဝင်ပါသည်။ ပြည်သူ့အရွေ့ရို့မှာ မှတ်တမ်းတင်ရာတွင် အားနည်းချက်ကြောင့် ကာလ အလိုက်၊ ဒေသအလိုက် ကွဲလွဲနီသည်ကိုတွိဟိရပါသည်။ သို့သော်လည်း ထိုမူကွဲရို့၏အဓိကလိုရင်းသဘော မှာကား များစွာမကွဲလွဲလှပါ။

ပြည်သူ့အရွေ့တွင် ယာဉ်းသာခြင်း အကျုံးဝင်ပါသည်။ ထို့ပြင် ကျွဲ၊ နွားကျောင်းသောအခါ သီဆိုသောအရွေ့ များ၊ လယ်ယာ ထွန်ယက်စိုက်ပျိုးသောအခါ သီဆိုသောအရွေ့များ လှီထိုးခတ်လား သောအခါ သီဆိုသော အရွေ့များ၊ ဇမ်းသာခြင်းများ စသည်ရို့လည်း အကျုံးဝင်ပါသည်။

**ပုံစံ (၁)** မင်္ဂလာယေရိုင်ရိုင်၊ ကြိမ်းသားတုတ်ကို နောင်းနောင်းကိုင်၊ ကယိုင်ကပါး၊ နှင်းမြိုင်မြိုင်ကေ၊ တောင်ချိုင်ကြားမှာ၊ ကျွဲကျောင်းလားရေ၊ အစ်ကိုမပါ၊ ညီမပါ။ ကြိမ်းသားတုတ်ကို နောင်းနောင်းကိုင်ပျာ၊ ကယိုင် ကပါး၊ နှင်းမြိုင်မြိုင်ကေ၊ တောင်ချိုင်ကြားမှာ၊ ကျွဲကျောင်းလားရေ။ ဟူးရေရ ---- ဟူး။ ထွေတောင် ဒေတောင်၊ ချောင်မြောင်တလွှား၊ ပိုးပစဉ်သံ ညံညံသွားသွား။ တောသံလီသံ ဆဆူညံ၊ နှင်းသံဖြောက် ဖြောက်၊ ပေါက် ပေါက်ဖောက်သို့ ကြားရရေ။ ပြောင်တောင်ပြောင်နောင်၊ နက်ပြောင် ခေါင်းလောင်း၊ တောင်ဘယံ မှာ သာငြိမ့်ညောင်းပျာ ကြားရရေ။ ဟူးရေရေ ---- ဟူး။

**ပုံစံ (၂)** သခွားသုံးပင်၊ တောင်အင်တိုင်းမှာ၊ စိုက်တိုင်းရှင်။ တပင်ကောင်းလဲ၊ တောင်းနန့်ထိပ်တင်၊ လွန်လို့ကျ
ပြီး။ ပွင့်တုံပွင့်တုံ၊ ပွင့်တုံလိပ်လက်၊ မထိုးလီကေ့။ ရှိတုံရှိတုံ၊ ရှိတုံလိပ်လက်၊ မထိုးလီကေ့။ အခင်ကြီး
ယေ၊ အရီးယေ။ ဝါးကြခပ်ကိုစိုက်လို့ထား။ ဝယျာဉ် သာ၊ ရီမပီးကေ၊ ရီချိုရေလေ၊ ရီချိုးရေ။

**ပုံစံ (၃)** မောင်ယေ- မောင်ယေ၊ လမူးပိတ်ရာ ခြံချရာတို့ မလားလီကေ့။ ငါးအချင်းချင်း ငါးချင်းမတူ၊ ငါး
ဇမ္ဗူငါးခူစူးကေ အီးလိပ်မေ။ လက်ကိုခေါင်းတင် ဖွဲမီးကင်၊ ရှင်ရှင်လဲကျွီး အဒါအိမ်ကို ဝင်ပျာပြီး။
ပြီးလီကျွန်မ ကျွန်ဆိုးမလေ ကျွန်ဆိုးမ။ ။

**ပုံစံ(၄)** အမျေလေ- ရောက်မလေ၊ မှိုဟင်းခူးစောင်လား ကတ်မေ။ မှိုဟင်းလဲခူး၊ စူးလဲစူး၊ အစူးလဲထွင်၊ နီ
လဲဝင်၊ အိမ်ကိုလဲရောက် မိုးလည်းသောက်၊ ကောက်ကရိကောက်။

**ပုံစံ(၅)** ကနန်းဗိုလ်ခေါင်၊ တဖက်စောင်၊ နတ်တောင်လီလာ ဆီးဆီး။ သျှင်တော်လိုက်လို့-ပြီးပြီး။ ကျောက်ဖျာ
ကြီး- ရီညှေ့တင်၊ ဗူးပင်စိုက်ကေ ရှင်မေလား။ မြစ်ကြီးသီဒါ ငါးကြီးပေါ်၊ မောင်တော်ဖမ်းကေ
ရမေလား။ လောင်းငုတ်တုတ်ရီနံ့သုတ်၊ ကြိုန်ဂေါင် လှီမှာလိုက်ကတ်မေ။ အနောက်ဖလောင်း ပင်းဝါ
ချောင်းရီကောင်း စီ။ စနီ- အင်္ဂါကမ်းနားခွာ။ သောကြာ-ဗမူး ကူးခပ်ကူး။ စကူးလည်းရောက်
မိုးလည်းသောက်။ တန်းထားလည်းကျော် ဗဒေါ ကြော်။ အော်အော်လည်းဆဲ ကြာချစ်ကေလေ၊
ချမ်းသာမြို့မှာ စရိုက်ကေကျရေလေ၊ စရိုက်ကေ ကျရေ။ ။

အထက်ဖော်ပြပါ အရွေ့ကဗျာများမှာ ရခိုင်ဓလေ့၊ ရခိုင်သဘာဝကို ဖော်ပြပါသည်။ ပုံစံ (၁)မှာ ကျွဲကျောင်းသား ချေ တစ်ယောက်၏စိတ်လှုပ်ယှားပုံကို ဖော်ပြထားပါသည်။ သူ့အကြား သူ့အမြင်ကို ယှင်းယှင်းလင်းလင်း သီဖွဲ့ထားပါသည်။ ပုံစံ(၂)မှာ စိုက်ပျိုးခင်း ဥယျာဉ်သာတစ်ခုတွင် သခွားနွယ်ပင်များ ဖူးပွင့်ဝီဝီဆာဆာဟိနိပုံကို သီဖွဲ့ထားပါသည်။ ပုံစံ(၃)မှာ ငါးရှာလားရာသို့ သာမောင်ယေ့ကိုမလိုက်ရန် တားမြစ်ပုံကိုသီဖွဲ့ထားပါသည်။ ပုံစံ(၄)မှာ ရခိုင်ကျေးတောသူရို့ ဟင်းခူးစောင်လားကတ်ပုံကို သီဖွဲ့ထားပါသည်။ ပုံစံ(၅)မှာ လှီလောင်းဖြင့် ခရီးလားရန် စီစဉ် ပုံကို သီဖွဲ့ထားပါသည်။ ဤကဗျာများရို့မှာ ရခိုင့်ပင်ကိုယ်ရိုးရင်းစွဲ သဘာဝကို တင်ပြထားပါသည်။ ကဗျာ၏ ပင်ကိုယ်အနီအထား နန့် ဆိုပုံ ဆိုနည်းရို့မှာ ရခိုင့်ပင်ရင်းအသွင်ထူးလက္ခဏာကို ဖော်ပြထားပါသည်။

ယင်းကြောင့်လည်း ၁၈ရာစုလောက်ကစ၍ ဂရုစိုက်ဖော်ထုတ်လာကတ်သော ပြည်သူ့အရွေ့များသည် အမျိုးသား ရိုးရာ ထုံးတမ်းဓလီရို့ကို စူးစမ်းလိလာရာ၌ အထူးအရီးပါလှပါသည်။ အမျိုးသားစိတ်၊ ပြည်သူ့စိတ်ကို စူးစမ်းလိလာ ရာ၌လည်း အထူးအရီးပါအရာရောက်လှပါသည်။

ဤအခန်း(၁)လင်္ကာတွင် ပါဝင်သောလင်္ကာမျိုး (၃၇)မျိုး ရို့မှာ လင်္ကာနှင့်သက်ဆိုင်သော ပုံသဏ္ဌာန်များပင် ဖြစ်ကတ်ပါသည်။ ဤပုံသဏ္ဌာန် (၃၇)မျိုးတွင် အလွန်များပြားလှစွာသော ပုံသဏ္ဌာန်ရာပေါင်းများစွာ ပါဝင်ကတ်ပါ သိသည်။

# အခန်း(၂)
# စကားပြည်

နိစဉ်သုံးစကားကို ကာရန်၊ နဘီမပါဘဲ ပြည်ပြည်ပြစ်ပြစ် သီကုံးရီးဖွဲ့သည်ကို စကားပြည်ဟု ခေါ်ပါသည်။ ရခိုင်စာပီလောကတွင် စကားပြည်ကျမ်းပေါင်းကား မြောက်များလှစွာ၏။ ကျောက်စာများ၊ ကဗျာကျမ်းများ၊ သဒ္ဒါကျမ်းများ၊ စစ်ကျမ်းများ၊ ဆီးကျမ်းများ၊ နက္ခတ်ကျမ်းများ၊ ဗေဒင်ကျမ်း၊ ဗိသုကာကျမ်းများ၊ ရာဇဝင်ကျမ်းများ၊ ဝတ္ထုပုံပြင်ကျမ်းများ၊ သာသနာကျမ်းများ၊ ရာဇသံကျမ်းများ၊ လျှောက်ထုံးကျမ်းများ၊ သိုက်ကျမ်းများ စသည်ဖြင့် မြောက်များလှပါသည်။ ကျမ်းပေါင်းများစွာမှာ ပျက်စီးလားကတ်ပါယာ။ ပျောက်ဆုံးလားကတ်ရသည်မှာလည်း မနည်းပါယာ။ ပျက်စီးဆဲ၊ ပျောက်ပျက်ဆဲလည်း အများအပြားပင် ဖြစ်ပါသည်။

သကြစ် ၈၁၆-ခု၊ တန်ခူးလဆန်း (၆)ရက်၊ တနင်္လာနိတွင် (အေဒီ ၁၄၅၄) ရခိုင်ဘုရင်နရနုမင်းကြီးနန့် မြန်မာဘုရင် အင်းဝ နရပတိကြီးရို့သည် နွယ်ချိုဖိုးခေါင်တောင်ထက်၌ မိတ်အကြည်ဖွဲ့ ခကတ်ပါသည်။ ယင်းစဉ်အခါ မြောက်ဦးရွှေမြို့တော်သျှင် ရခိုင်မင်းက မြန်မာမင်းအား ပီးပို့သည့် ရာဇသံစကားပြည်ကို ပုံစံ အဖြစ် ကောက်နုတ်တင်ပြလိုပါသည်။

'ဣတိပိသော ဘဂဝါ သွက္ခာတော၊ သုပ္ပဋိပန္နောစသော ဂုဏ်တော်တရား သုံးပါးနှင့်အညီ ပရိယတ္တိ၊ ပဋိပတ္တိ ပဋိဝေဓ သာသနာတော် မညှိုးမနွမ်းစီရ၊ မူလသိက္ခာ၊ မင်းသမ္မာတို့ခံရသော ဘိသိက်တရား၊ ဆယ်ပါးသော မင်းကျင့်၊ ဆဲ့နှစ်ဆင့်သော အင်္ဂါ ကြိယာဒေသ၊ သတ္တကြက်သရီ၊ လေးထွီသင်္ဂဟ၊ နိစ္စာမြဲစွာ၊ အဝိဇ္ဇာနှင့်၊ တဏှာ ပိတ်ပေါင်း၊ သူမကောင်းနှင့်၊ ကင်းကြောင်းလုလ္လကို သာ၊ ပညာဗလပြုလျက်၊ မင်းတို့အား ငါးပါး၌ စရိမာဆုတ်ယုတ် တတ်သော လက်ရုံးမာနအားကို ပယ်၍၊ အနီးအဝီး မရွိုးပကတိ တရားခုနစ်ပါးနှင့် သတ္တဝါတို့ကို စောင့်ထိန်းလျက် အုပ်ကွပ်စီရင် လိပ်ဟိသော မြောက်ဦးရွှေမြို့တော်ကြီး အသျှင်ကြားရောက်လိုက် သည်။ အင်းဝရွှေမြို့တော်သျှင် အကြည်တော်ဟု----- ပင် ဖြစ်ပါ သည်။

စကားပြည်သည်လည်း ရခိုင့်အတွေ့ါ်အခေါ်၊ ရခိုင့်ခံစားချက်၊ ရခိုင့်အပြောအဆိုရို့ကို ဖော်ထုတ်ရာ ပုံသဏ္ဌာန် တစ်ခု ဖြစ်ပါသည်။ ဤပုံသဏ္ဌာန်သည်လည်း အသုံးအတွင်ဆုံး၊ အသုံးအများဆုံးပင် ဖြစ်ပါသည်။ ရခိုင်ရို့၏ အဟောင်းဆုံးနန့် အသုံးအတွင်ဆုံး စာပီပုံသဏ္ဌာန်တစ်ရပ်ပင် ဖြစ်ပါသည်။ စကားပြည် အားကောင်းကေ လူမျိုး အားကောင်းကြောင်းကို ကမ္ဘာ့သမိုင်း အရပ်ရပ်၌ တွိဟိရပါသည်။

## အခန်း (၃)

# လင်္ကာစကားပြည်နှစ်ထွေရော

လင်္ကာစကားပြည်နှစ်ထွေရောဟူသည် လင်္ကာနန့်စကား ပြည်နှစ်မျိုးကို စည်းကမ်းနည်းလမ်းမှန်ကန်စွာ ရောစပ် ထားသောအရီးအဖွဲ့တစ်မျိုး ဖြစ်ပါသည်။ ယင်းပိုင် ရောစပ်လိုက်သောကြောင့် ပေါ်ပေါက်လာသော 'လင်္ကာစကားပြည် နှစ်ထွေရော' မှာ ပုံသဏ္ဍာန်သစ်တစ်ခုပင် ဖြစ်ပါသည်။

ဤပုံသဏ္ဍာန်နန့်ပတ်သက်၍ သုတဗောဓဆန်းကျမ်းမှ ကောက်နုတ်ချက်အချို့ရို့ကို တင်ပြလိုပါသည်။ ဤကျမ်းရင်းကို သက္ကဋဘာသာဖြင့် အိန္ဒိယပညာဟိကာလိဒါသကပြုစုခ၍ ဝေသာလီခေတ် ရခိုင်ပညာသျှင်များက ရခိုင် ဘာသာသို့ ပြန်ဆိုခသည်ဟု ခုခေတ်ရခိုင်စာပီသုတေသီအများက လက်ခံထားကတ်ပါသည်။ ယင်း ဘာသာပြန်ကျမ်းမှာ ကအစကော အဆုံးပီရွက်သျှစ်ရွက် ဟိပါသည်။

'ဝဟာအမ္ဗကပါဏိ၊ ချမ်းမြိုလှစွာ၊ မြိုက်သုဒ္ဓါသို့၊ ကဏ္ဍာသုခ၊ ပိယဝါစာ၊ ဆန်းကြယ်စွာသား၊ စကားဆိုလိုက်၊ အိုအချစ်' ဟု လည်းကောင်း၊

'ဟေကာမိနီ၊ ကာမအရာ၊ လွန်စွာတပ်မက်၊ နှစ်သက်မြတ်နိုး၊ လှသတုံး' ဟုလည်းကောင်း၊

'ဟေဃနကုစယုဂ္ဂေ၊ အကျိတ်မတင်း၊ သားချင်းခက်ထန်၊ သန္တာစက်ဝန်း၊ ရွှီရည်သွန်းလို့၊ ချီးမွမ်းမကုန်၊ အစုံ သားမြတ်၊ လျှပ် လျှပ်လတင် ဂေတိသျှင်' ဟု လည်းကောင်း၊

'ဟေဗာလေ၊ လျှောက်ပတ်ရှုဖွယ်၊ အရွယ်နုလှ၊ အိုနှမ' ဟု လည်းကောင်း။

စာဆိုကြီး ကာလီဒါသက သူရဿတီဒေဝီအား ဤသို့အမျိုး မျိုးဖွဲ့နွဲ့ဖော်ကာ ကဗျာဂါထာကိစ္စရို့ကို မီးမြန်း ဆွေးနွေးပါသည်။ ဤအဖွဲ့ရို့မှာ ရခိုင်စာပီလောကတွင် အဟောင်းဆုံးဖြစ်သော လင်္ကာစကားပြည် နှစ်ထွေရောဖြစ်သည် ဟု ဆိုနိုင်ပါသည်။

နောက်ကာလရို့တွင်လည်း ဤပုံသဏ္ဍာန်မျိုး ခေတ်ကိုလိုက်၍ အမျိုးမျိုးပေါ်ထွန်းခပါသိ၏။ ကျယ်ဖို့စိုးလို့ ဤမျှပင်တင်ပြပါ ရစီ။

## အခန်း(၄)

# အဖွင့်

အဖွင့်ဟူသည် သက္ကဋစာပီ၌ မဖော်ပြပါ။ ပါဠိစာပီ၌ရာ အဖွင့်ကို ဖော်ပြပါသည်။ ဘုရားဟောပါဠိတော်ကို ဖွင့်ဆိုသော အဋ္ဌကထာ၊ ဋီကာဟူသရွှိသည် အဖွင့်ချည်းဖြစ်ပါသည်။

ရခိုင်စာပီလောကတွင် ဗုဒ္ဓပါဠိတော်ကို ရခိုင်ဖြင့် ဖွင့်ဆိုသောကျမ်းများ၊ သက္ကဋ၊ ပါဠိကဗျာကျမ်း၊ ဆန်းကျမ်း များကို ဖွင့်ဆိုသောကျမ်းများ၊ ဓမ္မသတ်ကျမ်းတို့၏အဖွင့်ကျမ်းများ အထင်အရှားဟိသဖြင့် အဖွင့်ကို ရခိုင်စာပီ

လောကဥ္စ တစ်ခန်းပီး ထားဖွယ်အကြောင်းဟိပါ၏။

သို့သော် အဖွင့်စာပီများမှာ လက်ာနန့်သော်လည်းကောင်း၊ စကားပြည်နန့်သော်လည်းကောင်း၊ လက်ာစကား၊ ပြည်နှစ်ထွေ ရောနန့်သော်လည်းကောင်း၊ သီဖွဲ့ထားသော စာများဖြစ်နီသည်ကို တွိဟိရပါသည်။ ယင်းကြောင့် ရခိုင်စာပီ သုတေသီအပေါင်းရို့ စဉ်းစားဖွယ်ပင် ဖြစ်ပါသည်။

ဤအပိုင်း (၂)တွင်ပါဝင်သော အခန်း (၄)ခန်းမှာ ရခိုင်စာပီ၏ ပုံသဏ္ဌာန်အသီးသီးရို့ကို အမြွက်မျှတင်ပြ ရခြင်းရာ ဖြစ်ပါသည်။

## ရခိုင်စာပီညွှန့်ပေါင်း (Anthology of ArakaneseLiterature) နန့် ရခိုင်စာပီသမိုင်း (History of ArakaneseLitrature)

အတွက် ဤစာတမ်းသည် တစွန်းတဆစ်လောက် အကျိုးသက်ရောက်ကေ အကျွန်ကျေနပ်မှုဖြစ်ဖို့ အမှန်ပါ။ အစွာကြောင့်ဆိုပါကေ ဤနှစ်ကျမ်းပေါ်ထွက်ကေ ရခိုင်ကဗျာကျမ်းရခိုင်သဒ္ဒါ ကျမ်း၊ ရခိုင်အဘိဓာန်ကျမ်းရို့ ပေါ်ထွက် နိုင်ပါဖို့။ ယင်းကျမ်းယင်း ကျမ်းရို့ပေါ်ထွက်လာကေ ရခိုင်စာပီဘောင်ကို ရခိုင်အများ၊ လူသားအများ ဖတ်ရှုလိလာ နိုင်ပါဖို့။ ယင်းကေရခိုင်ကို ပိုမိုနက်နဲစွာ နားလည်နိုင်ပါဖို့။ အချင်းချင်းနားလည်ပါကေ အချင်းချင်း ညီမျှစွာ၊ ချစ်ကြည်စွာ၊ လွတ်လပ်စွာ၊ ငြိမ်းချမ်းစွာ အတူတူနီထိုင် တတ်ပါဖို့။ စောစောကတင်ပြခသည့်အတိုင်း ဤဟောပြောချက်၏ အဓိက ရည်ရွယ်ချက်၊ အဓိကအကျိုးမျှော်မှန်းချက်လည်း ဇချင့်တိပင် မဟုတ်ပါလား။

ရခိုင်စာပီပုံသဏ္ဌာန်အသီးသီးရို့နန့် ဖွဲ့ထားသော ရခိုင်ကဗျာအသီးသီးရို့တွင် ပါဝင်သည့်အကြောင်းအရာ အရပ်ရပ်ရို့ကို တကန့်စီစီ ကန့်ကြည့်ဖို့ဆိုကေ ယေဘုယျအားဖြင့် အမျိုးအစား (၆)မျိုး တွိဟိပါသည်။

(၁) ဗုဒ္ဓသာသနာရီးနန့်ဆိုင်သော အကြောင်းအရာ။

(၂) ရခိုင်သမိုင်းကြောင်းနန့်ဆိုင်သော အကြောင်းအရာ။

(၃) မြီသျှင်ပဒေသရာဇ်စနစ်နန့်ဆိုင်သောအကြောင်းအရာ။

(၄) အရိစ္စတို ကရေစီစနစ်နန့်ဆိုင်သော အကြောင်းအရာ။

(၅) ရခိုင်သဘာဝဝန်းကျင်နန့်ဆိုင်သော အကြောင်းအရာ။

(၆) ရခိုင်လူနီမှုစနစ်နန့်ဆိုင်သော အကြောင်းအရာဟူ၍ ဖြစ်ပါသည်။

ဤအချက်(၆)ချက်ကို အနုစိတ်ဟောပြောဖို့ဆိုကေ သီးခြား ခေါင်းစဉ်တစ်ခုနန့် ဟောပြောရဖို့ ယူဆမိပါသည်။ ကျယ်လည်း အလွန်တရာ ကျယ်ဝန်းပါဖို့၊ ယင်းအတွက်ကြောင့် တမျိုးတဖုံအား ဖြင့် အမြွက်မျှ အနှစ်သာရကို ကောက်ယူပြီးကေ အချက်သုံးချက် စုလိုက်ပါသည်။ ယင်းအချက် သုံးချက်ကို အပိုင်း(၃)တွင် တင်ပြ လိုက်ပါသည်။

အပိုင်း(၃)

# ရခိုင်ကဗျာတွင် တွေ့ဟိရသော အတွေးအခေါ်ကြီးသုံးရပ်

(က) ရက္ခမဏ္ဍိုင်ရခိုင်ကိုဖွဲ့သော အတွေးအခေါ်များ၊

(ခ)အရိစ္စတိုကရေစီသဘောတရားသက်ဝင်ရာအတွေး အခေါ်များ၊

(က) ရခိုင့်ရုပ်ပတ်ဝန်းကျင်ကို ထင်ဟပ်ပြသော အတွေးအခေါ်များ၊

(၁) သဘာဝအဖွဲ့အနွဲ့များ

(၂) ပြည်သူ့ကဗျာများ

(၃) ကဗျာသစ်များ

ဟူ၍ ဤအပိုင်းတွင် ပါဝင်မည့် အတွေးအခေါ်ရို့ကို အစီ အစဉ်ချထားပါသည်။ ဤအချက်အလက်များ ရို့သည် ရခိုင်စာပီ၏ ရခိုင်အတွေးအခေါ်ကို ထင်ဟပ်ပြနိုင်ဖို့လို့ ယူဆပါသည်။ စာမစုံ ပီမစုံ ဖြစ်နီရသဖြင့် အားမလိုအားမရ ဖြစ်လျက်နန့်ပင် တင်ပြလိုက်ရပါသည်။

အပင်တိုင်း အပင်တိုင်း အရည်ဖွံ့ဖြိုးလာကေ ဖူးသည်၊ ငုံ သည်၊ ပွင့်သည်၊ ယင်းပိုင်ပင် လူတိုင်းလူတိုင်း အရည်ဖွံ့ဖြိုးလာကေ ခံစားသည်၊ တွေးခေါ်သည်၊ ဖွင့်ဟပြောဆိုသည်၊ ဖွင့်ဟရီးဖွဲ့ သည်၊ ထိုလူ့အခံအစား အတွေး အခေါ်ကို အဖူးအမုံနန့် တင်စားလိုပါသည်။ ထိုအပြောကို အဖွဲ့အနွဲ့ကို ပန်းနန့်တင်စားလိုပါသည်။ အပင်မှ ပန်းပွင့်ရေ ပိုင် လူ့ခံစားချက် လူ့တွေးခေါ်ချက်မှ ကဗျာပွင့်လန်းလာသည်ဟု ဆိုလိုပါသည်။ ပန်းသည် ဩကာသလောကကို တန်ဆာဆင်ရေပိုင် ကဗျာသည် သတ္တလောကကို တန်ဆာဆင် သည်ဟု ဆိုလိုပါသည်။ ယင်းပိုင်ပင် ရခိုင်ပန်းသည် ဩကာသလောကကို တန်ဆာဆင်၍ ရခိုင့်ကဗျာသည် ရခိုင်လူမှုအဖွဲ့ အစည်းကို တန်ဆာဆင်သည်ဟု ဆိုလိုပါသည်။ စင်စစ်ရခိုင်ပန်း၊ ရခိုင်ကဗျာရို့သည် ရခိုင်ပြည်နန့် ရခိုင်လူ့အဖွဲ့အစည်းကို တင့်တယ်စီသည်၊ လှပစီသည် မဟုတ်ပါလား။

## (က) ရက္ခမဏ္ဍိုင်၊ ရခိုင်ကိုဖွဲ့သောအတွေးအခေါ်များ

သီရိဂုတ္တကုန်းတော်ကား ရက္ခမဏ္ဍိုင်တည်း၊ ယင်းကုန်း၌ မဟာမုနိစက်ကိုတည်ကာ ရခိုင်မင်းအဆက်ဆက် ပူဇော်ခကတ် ပါသည်။ ယင်းကို ရခိုင်ခေတ်အဆက်ဆက် အထူးကြည်ညိုကာ ဦးထိပ်ထားခကတ်ပါသည်။ စောင့်ရှောက် ခ ကတ်ပါသည်။ ပညာဟိအပေါင်း ချီးကျူးဖွဲ့ဆိုခကတ်ပါသည်။

မဟာမုနိစက်မတည်မီ ပထမဓညဝတီမြို့တည်နန်းတည် မင်းဖြစ်သော မာရယုဘုရင် (ဘီစီ-၃၃၂၃-၃၂၁၆) သည် လည်းကောင်း၊ ဒုတိယဓညဝတီမြို့တည်နန်းတည်မင်းဖြစ်သော ကံရာဇာကြီး (ဘီစီ ၁၅၀၅-၁၄၆၈)သည် လည်းကောင်း၊ ဤရက္ခိုင်မဏ္ဍိုင် သီရိဂုတ္တအောင်မြီနက်သန်ကို အမွန်တမြတ်ထားခ ကြောင်းကို ရာဇဝင်အစောင် စောင်၌ ဖတ်ရှုရပါသည်။

တတိယဓညဝတီမြို့တည်နန်းတည်မင်းဖြစ်သော မဟာစန္ဒသူရိယမင်း (ဘီစီ ၅၇၈-၅၂၆)သည်

ဂေါတမဗုဒ္ဓ၏ ကိုယ်စားတော် မဟာမုနိကို ကြီးကျယ်ခမ်းနားစွာ သွန်းလုပ်ပြီးကေ ရက္ခမဏ္ဍိုင် ကို စိုက်ထူခပါသည်။ မဏ္ဍိုင်ကုန်းတော်နန့် ရုပ်တုတော်ကို ယင်းကာလကစ၍ ယနိထက်တိုင် ရခိုင်တိုင်း ရခိုင်တိုင်း အမွန်အမြတ်ထား ဟိတတ်ပါသည်။

သူရိယဆက် ၂၅-ဆက် (ဘီစီ ၅၇၈-အေဒီ ၃၂၇)၊ စန္ဒရားဆက် ၉-ဆက် (အေဒီ ၃၂၇-၇၆၉) လက်ထက် ရို့တွင် ရက္ခမဏ္ဍိုင်နန့် မဟာမုနိစက်ကို အထူးဂရုထားခကြောင်းကို ရခိုင်ရာဇဝင် ရခိုင်ရာဇပုံရို့၌ ဖတ်ရှုရပါသည်။ ယင်းပိုင် ကြည်ညိုလာခကတ်ရာမှာ အေဒီ ၁၁၀၃-ခုထိ ဖြစ်ပါသည်။

အေဒီ ၁၁၀၃တွင် ရခိုင်ပြည်အရှိဘက်က ဝင်ရောက်လာကြသောပျူရို့သည် မဟာမုနိစက်ကို ဖျက်ဆီးပစ်ခ ကတ်ပါသည်။ ဒုတိယပုရိမ်မြို့တည်နန်းတည် ဒသရာဇာမင်းကြီး(အေဒီ ၁၁၂၃-၁၁၃၉)သည် ရက္ခမဏ္ဍိုင်ကို သီရိဂုတ္တရ ကုန်းတော်၌ ခိုင်ခိုင်နောင်းနောင်း မွမ်းမံစိုက်ထူခပါသည်။ မဟာမုနိစက်ကို ကောင်းကောင်းမွန်မွန် ပြန်လည်စိုက်တည် ထားခပါသည်။ ယင်းနောက် ကိုယ်စားတော်၏ ကိုယ်စားတော်များ သွန်းလုပ်ကြောင်း ကတည္ဍ ကုန်းတော်၌ မဟာမုနိ ကိုယ်စားတော်တစ်ဆူကို တည်ထားကြောင်း ရခိုင်ရာဇဝင်၊ ရခိုင်ရာဇပုံရို့၌ ဖတ်ရှုရပါသည်။ ကတည္ဍကုန်းမှ မဟာမုနိ ကိုယ်စားတော်မှာ (အေဒီ ၁၇၈၄)တွင် အဖျက်ခံရကြောင်း တွိဟိရပါသည်။

ရခိုင်စာပီတလျှောက်တွင် ရက္ခမဏ္ဍိုင်နန့် ရခိုင်အမျိုးကို ဖွဲ့ဆိုချက်မှာ ဇာတိဂုဏ်မာန်တက်ကြွဖွယ်ပင် ဖြစ်ပါသည်။

အေဒီ ၇ရာစုက စာဆိုတော် အိမ်ရှိမိဖုရား သုဝဏ္ဏာဒေဝီက 'ကတိုးအနံ့လို၊ သင်းပျံ့မွှီးကြိုင်၊ သျှစ်ရပ်လှိုင် သည်၊ မဏ္ဍိုင်ချက် မြှုပ်သိုထက်၊ နဂိုရ်ပြည်ဝေသာလီ၊ ဓညနှစ်ခန်း၊ နှစ်ပြည်မှန်းသည်၊ ထီးနန်းအစီစီတည့်၊ မျိုးသာကီစဉ်မပျက်၊ နှစ်ပေါင်းရှည်ကြာ၊ မဟာ နွယ်ရိုးတက်၏' ဟု အမျိုးဂုဏ်၊ မဏ္ဍိုင်ဂုဏ်ကို တက်တက်ကြွကြွ ဖော်ကျူးဖွဲ့ဆိုခပါသည်။

အေဒီ ၈-ရာစုက စာဆိုတော် ဓမ္မဇေယျအမတ်ကြီးက 'စ- ကိုမူကား စန္ဒသူရိယ မင်းလှပြည်သျှင်၊ တောင်းပန်လျှင်ကေ၊ သျှင်ပင်ကိုယ်စား၊ သွန်း၍ထားသည်၊ ဖူးမများလွယ်ကာ၊ လွယ်ကာသော်လည်း၊ ဟန်စီလေ၊ ဟန်စွလေ'ဟု ရက္ခမဏ္ဍိုင်ကုန်းတော်၌ ကိုယ်စားတော်ကို စန္ဒသူရိယမင်းကြီး တည်ထားကိုးကွယ်ခကြောင်း ဖွဲ့ဆိုခ ပါသည်။

အေဒီ ၉-ရာစုတွင် ပဥ္စာဘုရင်မင်းကြီးဖြူသည်လည်းကောင်း၊ ၁၂-ရာစုတွင် ပုရိမမ်မြို့တော်သျှင် ဒသရာဇာ မင်းကြီးသည် လည်းကောင်း၊ ၁၃-၁၄ရာစုတို့တွင် လောင်းကြက်မြို့တော်သျှင် အလောင်းမင်းဖြူသည် လည်းကောင်း၊ မင်းထီးဘုရင်ကြီးသည် လည်းကောင်း၊ မဏ္ဍိုင်နန့်ကိုယ်တော်ကို အထူးတလည် ဦးထိပ်ထားကာ ပူဇော်ခကြောင်း တွိဟိရပါသည်။

၁၅-ရာစုတွင် ကျမ်းတတ်အကျော် အသျှင်သီလဝံသမထေရ် မြွတ်က 'သပြီပူရ၊ ရက္ခမဏ္ဍိုင်၊ ဂုဏ်ပျံ့လှိုင်သည်၊ ရခိုင်ဘုံချာ' ဟု လည်းကောင်း

နရနုမင်းတရားကြီးက 'ဇမ္ဗူမဏ္ဍိုင်၊ ရွှေရခိုင်ဝယ်၊ သျှစ်ဆိုင်ရပ်မင်း၊ ခွန်းသွင်းဖျင်ပြော၊ သဘော်စင်းပြွံဆိတ် မည်းတည်း" ဟူ၍လည်းကောင်း။

စာဆိုတော် ဖဒူမင်းညိုက 'ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှေနန်း' ဟု လည်းကောင်း၊

'မဟာသမတ်၊ နွယ်မပြတ်လျှင်၊ အထွတ်ထိပ်မိုး၊ ပြည့်ပြည်စိုး သည်၊ မျိုးလည်းလွန်မြတ်ထူးတည့်လေ' ဟု လည်းကောင်း၊ မဏ္ဍိုင်ဂုဏ် မျိုးရိုးဂုဏ်ကို ဖော်ကျူးကာ တက်ကြွစွာသီဖွဲ့ခကတ်ပါသည်။

၁၆-ရာစုတွင် စာဆိုတော် ဉက္ကာပျံက 'ရွှေပြည်မဏ္ဍိုင်၊ ရခိုင်ခေါ်မှန်း၊ သုံးတောင်နန်းထက်' ဟု ဟံသာဝတီ၌ အောင်ပွဲခံနီစဉ် မဏ္ဍိုင်ဂုဏ်ကို ဖော်ကျူးသီဆိုခပါသည်။

၁၇-၁၈ ရာစုရို့တွင် နရပတိကြီး (၁၆၃၈-၁၆၄၅)၊ စန္ဒဝိဇယ (၁၇၀၉-၁၇၃၁)စသော ဘုရင်ကြီးရို့သည် ရက္ခမဏ္ဍိုင်ကို အထူးပြုဂုဏ်ဖော်ကာ နောင်အနာဂတ်အတွက် ရည်ရွယ်ပြီး အနက်အနဲစီစဉ်ဆောင်ရွက် ခကတ်ပါသည်။ စန္ဒဝိဇယဘုရင်ကြီး၏ စစ်အောင်မြင်ခြင်းအကြောင်းကို ဖွဲ့နွဲ့သည့် ဝိဇယစစ်အောင် ဧခြင်းတွင်လည်း မဏ္ဍိုင်နန့် တိုင်းပြည်ထီးစည်နန့်မင်းဆက်၊ မပျက်မစီး ခိုင်ခိုင်မမာမာဟိခပုံကို 'ရက္ခမဏ္ဍိုင်၊ စိုးပိုင်ကြငှန်း၊ နန်းနှင့်ထီးစည်၊ ပြည်နှင့်မင်းဆက်၊ မပျက်မကွဲ၊ နန်းပွဲမြင့်ကြ'ဟု သီဖွဲ့ခပါသည်။ ထို့ပြင် နရအဘယရာဇာ (၁၇၄၂-၁၇၆၁)၏ အမိန့်တော် ပြန်တမ်းကဗျာတစ်ပုဒ်တွင်လည်း 'လူဗိုလ်ငြိမ်းချမ်း၊ လမင်းထွန်းသို့၊ ရွှေနန်းမဏ္ဍိုင်၊ ရခိုင်တော်စွန်း၊ ဘုံကြငှန်းထက်၊ ဖုံးလွှမ်းအာဏာ၊ မင်းရီးရာနှင့်' ဟု ရက္ခမဏ္ဍိုင် သာယာပုံ အာဏာစက်ထက်ပုံရို့ကို သီဖွဲ့ခပါသည်။

ရခိုင်မင်းဆက်ပြတ်ပြီးနောက် ၁၈-ရာစု၊ ၁၉-ရာစုနှင့် ၂၀ ရာစုအစပိုင်း ကာလရို့တွင် သီဖွဲ့ခကတ်သော ရခိုင်စာပီကဗျာ အရပ်ရပ်ရို့မှာ ရကာဇမဏ္ဍိုင်ကို တက်ကြွစွာ ဖော်ကျူးခသည်ချည်း ဖြစ်ပါသည်။

၁၈-ရာစုခေတ်တွင် ရမ္မာဝတီရမ်းပြည့်မြို့နယ်မှ ကင်းဆရာဟု စာဆိုကြီးတစ်ဆူပေါ်ထွန်းခပါသည်။ ယင်းစာဆို က ရက္ခ မဏ္ဍိုင်၏ ရမ္မာဝတီကျွန်းကြီးသာယာပုံကို အောက်ပါအတိုင်း ဖွဲ့နွဲ့ခပါသည်။

'ရက္ခမဏ္ဍိုင်၊ ကျော်ကြားလှိုင်သား၊ ခရိုင်အထဲ၊ မြစ်ညာကဲ လျှက်၊ လက်ဝဲခွာယှော်၊ လက်ယာတောင်မှ၊ တောင်သမုဒ်ဆီ၊ နတ်နာဂီတို့၊ ပါရမီကျော်၊ ဘုန်းကြောင့်ပေါ်သား၊ အုတ်အော်ပင်လယ်၊ ပျော်ပါးဖွယ်နှင့်၊ မြနှယ်မြရောင်၊ မြရိပ်ဆောင်သည်၊ မြတောင်မြတော၊ မြရောင်ကျောသည်၊ မနောရမ္မာ၊ ကျွန်းဒီပါထက်'ဟု သီဖွဲ့ခပါသည်။ ဆရာတော်နှင့် ခေတ်ပြိုင်စာဆိုတို့လည်း အလားတူ ဖွဲ့နွဲ့ခကတ်သည်ကို အများပင်တွေ့ဟိရသည်ပင် ဖြစ်ပါသည်။

၂၀ရာစု ပထမပိုင်းလောက်တွင် ရခိုင်ပြည်၊ စစ်တွေမြို့၊ ဘုရားများသိမ်၌ ရခိုင်လူငယ်များ နိုးကြားရေး အသင်းကို ဖွဲ့စည်းခကတ်ပါသည်။ ယင်းအသင်းဖွင့်ပွဲ၌ ဖတ်ကြားခသော မင်္ဂလာသြဘာရတုမှာ-

'မင်္ဂလာဇေယျာ မှိုပေါင်းစုံသား၊ ရွှေဘုံမဏ္ဍလ၊ တိုင်းရက္ခတွင်၊ ကာလပဝေ၊ အတီတေက၊ နေနွယ်ဝံသ၊ သာကီယတို့၊ ရာဇာဓမ္မာ၊ ကျင့်ဆယ်ဖြာနှင့် သီတာရီချမ်း၊ ထိပ်ထက်ဆမ်းသို့၊ ရွှင်လန်းကြည်သာ' ဟု ရက္ခမဏ္ဍလ၊ ရက္ခမဏ္ဍိုင်ကို ချီးကျူးဖွဲ့ဆိုခကတ်သည်ကို တွိသိရပါသည်။

၂၀-ရာစုအလယ်ပိုင်း မြန်မာပြည်လွတ်လပ်ရီး ရပြီးနောက်တွင် ရခိုင်ခေါင်းဆောင်တစ်ဦးဖြစ်သော ဆရာကြီး ဦးအောင်သာဦးက ရက္ခမဏ္ဍိုင်အကြောင်းကို ဖွဲ့နွဲ့ပြီးလျှင် အောက်ပါအတိုင်း သတိပီးထားပါသည်။

'ရခိုင်သားလေ၊ သာစွလေ၊ အောင်မြေမဏ္ဍိုင်၊ တိုင်းရက္ခိုင်၊ ရခိုင်သာစွ၊ မဏ္ဍလဝယ်၊ ရှီးကအခြေ၊ ခုအခြေကို၊ သေချာတပ်အပ်၊ ပြန်သုံးသပ်၍၊ အမှတ်ထင်ထင် တွေးဆင်ခြင်လော' ဟု ဖွဲ့ဆိုကာ သတိပေးတင်ပြထားပါသည်။

ဤကဗျာများတွင်သာမက ပြည်သူ့အရွေ့ဟု ခေါ်ဆိုနိုင်သော ပန်းတျားခြင်းတွင်လည်း ရက္ခမဏ္ဍိုင်ကို ရခိုင် စိုးမိုးရသည်ဟု တက်တက်ကြွကြွသီဖွဲ့ခဲ့ပါသည်။ မြောက်ဦးပန်းတျားခြင်းတွင် 'ရခိုင်မဏ္ဍိုင်၊ ရခိုင်ညွန့်ဖူး၊ မင်းဗာ တည်ကေ၊ ရွှေမြောက်ဦး၊ မင်း ဗာတည်ကေ၊ ရွှေမြောက်ဦးလေး၊ ရက္ခမဏ္ဍိုင်၊ ရခိုင်စိုး၊ ရက္ခမဏ္ဍိုင်၊ ရခိုင်စိုးလေး' ဟု ပင် ဖြစ်ပါသည်။

ထို့အပြင် ဘုရားဗျာဒိတ်တော် ဆယ့်နှစ်ခန်းနှင့် နတ်သား သိုက်ကိုးဆယ့်ကိုးသိုက်ကို ပေါင်းစုဖွဲ့နွဲ့အပ်သော ဝိသကြံသိုက် တွင် 'ရခိုင်မဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ' ဟုလည်းကောင်း

"ချမ်းမြိမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ၊ ရခိုင်သားလေ၊ သာစွလေ' ဟုလည်းကောင်း။

မဏ္ဍိုင်သည် ပြည်အချက်အချာဖြစ်ကြောင်း၊ မဏ္ဍိုင်သည် ချမ်းမြသာယာလှကြောင်းရို့ကို ကြည်နူးနှစ်သိမ့်စဖွယ် သီခဲ့ပါသည်။

၂၀ရာစုခေတ်ကဗျာဆရာရို့လည်း ရခိုင်မှု၊ ရခိုင်ဟန်ကို ဖော်ကာ မဏ္ဍိုင်ဂုဏ်ကို မိမိရရဖွဲ့ဆိုတတ်သည်လည်း အများပင် ဖြစ်ပါသည်။

ရက္ခမဏ္ဍိုင်ကို ရခိုင်စာဆိုတော်များ၊ ရခိုင်ကဗျာ ဆရာများရို့ရာမက မြန်မာစာဆိုတော်မများ၊ မြန်မာကဗျာဆရာများ၊ ဘင်္ဂလီစာဆိုတော်များ၊ အင်္ဂလိပ်စာရီးဆရာများရို့ကပါ ဖော်ကျူး ဂုဏ်တင်ခကတ်ပါသည်။ ဤနေရာ၌ ကျယ်အံ့စိုး၍ အင်္ဂလိပ်စာရီး ဆရာကြီး မောရိစ်ကောလိစ်၏ 'မဟာမုနိနိုင်ငံတော်' 'The Land of the Great Image By Maurice Collis' ခေါ်စာအုပ်မှ ကောက်နုတ်ချက်အချို့ဖြင့်ရာ ယှင်းလင်းပါရစီ။

ယင်းစာအုပ်၏ စာမျက်နှာ ၂၀၅၊ ၂၀၆ 'Possessing the White Elephant and the Mahamuni he (Mun Razagri) had a right to call himself the champion of Buddhism. Arakan --- become the centre of the Buddhist World' ဟု ရေးသားထားပါ သည်။

မင်းရာဇာကြီးမှာ ဆင်ဖြူတော်ကို ပိုင်တော်မူသည့်အပြင် မဟာမုနိကိုယ်စားတော်၏ ဒါယကာတော်ဖြစ်တော်မူသဖြင့် ဗုဒ္ဓသာသနာတော်၏ ဒါယကာတော်ကြီး အမှန်ခေါ်ထိုက်ကြောင်း၊ ရခိုင်ပြည်မှာ ဗုဒ္ဓသာသနာတော်ကြီး၏ အချက်ချာမဏ္ဍိုင်ပင်ဖြစ် ကြောင်း ရီးသားထားပါသည်။

ယင်းစာအုပ်စာမျက်နှာ ၁၆၈တွင် 'The Buddha had died in 543 B.C. Altogether 2173 years had elapsed since then, and for that immense period the image of the Founder of the Religion had remained on aSirigutta, the oldest, the most mysterious, the most holy object in the world. The relics, detailed to the deciples on Selagiri had all been found and enshrined. Arakan was sacred country; it was the heart of Buddhism, and he (King Thirithudamma) as its king, was the most notable Buddhist ruler in existence.

Grave indeed was his responsibility. He had not only to maintain the state as the homeland of the Arakanese race, but as the one place on earth where an authentic shape of Tathagata was preserved, a possession of greater potency than the most precious relics' ဟု ရေးသားထားပြန်ပါသည်။

ဗုဒ္ဓမြတ်စွာသည် ဘီစီ ၅၄၃တွင် ပရိနိဗ္ဗာန်ပြုလီပြီး ရှည်လျားလှစွာသော နှစ်ပေါင်း ၂၁၇၃ နှစ်တွင်လွန်လီသည့် တိုင်အောင် ဗုဒ္ဓ၏ကိုယ်စားတော်သည် သီရိဂုတ္တကုန်းတော် (ရက္ခမဏ္ဍိုင်)၌ စံစားလျက်ပင် ဟိပါသည်။ ဤကိုယ်စားတော်မြတ်ကား ကမ္ဘာပေါ်တွင်အဟောင်းဆုံး၊ အသိခက်ဆုံး၊ အမြင့်မြတ်ဆုံးရတနာပင် ဖြစ်ပါသည်။ သေလာဂီရိ ကျောက်တော်တောင်ထိပ်မှ ဗျာဒိတ်တော်ထားခသော ဓာတ်တော်မွီတော်ရို့ကို ဌာပနာ၍တည်ထားကိုးကွယ်ခရကား ရခိုင်ပြည်မှာ မြင့်မြတ်သောတိုင်းပြည်တစ်ပြည် ဖြစ်ပါသည်။ ထို့ပြင် ဗုဒ္ဓသာသနာတော်၏အချက်အချာမဏ္ဍိုင်ပင် ဖြစ်ပါသည်။ ထိုတိုင်းပြည်၏ ဘုရင်သီရိသုဓမ္မကား မှတ်လောက်သားလောက်သော ဗုဒ္ဓဘာသာဝင် ဘုရင်မြတ်တစ်ပါးဖြစ်ပါသည်။ အမှန်စင်စစ် ဘုရင်မြတ်၏တာဝန်များမှာ အရီးကြီးလှပါသည်။ ဘုရင်မြတ်မှာ လူမျိုးတို့၏ဖွားသန့်စင်ရာ ရခိုင်ပြည်ကိုရာ အုပ်ချုပ်စောင့်ရှောက်ရမည် မဟုတ်သီး၊ ဓာတ်တော်မြတ် မွီတော်မြတ် အပေါင်းရို့ထက် ထွတ်မြတ်တော်မူလှသော ဗုဒ္ဓကိုယ်စားတော်စစ် စံစားရာ ရက္ခမဏ္ဍိုင်ကိုလည်း ကိုးကွယ်စောင့်ရှောက်ရမည် ဖြစ်ပါသည်ဟူ၍ ရီးသားထားပါသည်။

ဤမျှလျှင် ရက္ခမဏ္ဍိုင်သည် အဓိကဖြစ်ပါသည်။ ခေတ်အဆက်ဆက် ထင်ရှားခပါသည်။ ရခိုင်လူမျိုးရာမက ရခိုင်နန့် ဆက်ဆံဖူးသမျှ လူမျိုးရို့လည်း ရက္ခမဏ္ဍိုင်ကို အဓိကထားကတ်ကြောင်း သိသာနိုင်ပါသည်။

စင်စစ် ရခိုင်ရို့အဖို့ မဏ္ဍိုင်သည် ရခိုင်၊ ရခိုင်သည် မဏ္ဍိုင် ဖြစ်ပါသည်။ ရက္ခမဏ္ဍိုင်သည် ရခိုင့်ကြည်လင်ရာ၊ ရခိုင့်ခိုင်မြဲရာ၊ ရခိုင့်အလယ်အချက်အချာ ဖြစ်ရာ၊ ရခိုင့်ကိုယ်ပြဌာန်းရာပင် ဖြစ်ပါသည်။

ယင်းကြောင့် အသျှင်နာဂိန္ဒမော်ကွန်း၌ 'အမျိုးသီလ၊ နှစ်ဌာနကို၊ ပြည့်ဝမဏ္ဍိုင် စောင့်စွမ်းနိုင်၍၊ ရခိုင်နာမ၊ ဘွဲ့မည်လှဖြင့်၊ အနွတ္တသညာ၊ ခေါ်အပ်စွာတည်း' ဟု သီဖွဲ့ခခြင်း ဖြစ်ပါသည်။

ရှီးရှီးခေတ်က ရခိုင်မျိုးကို စောင့်ရှောက်ခြင်း၊ ရခိုင်သီလကို စောင့်ရှောက်ခြင်းကြောင့် 'ရခိုင်' ဟူသောနာမည် နန့် လိုက်ဖက်ကြောင်း၊ မဏ္ဍိုင်ပြည့်ဝကြောင်းကို ဤမော်ကွန်းအရ သိကြရပါယာ။ ငါရို့ခေတ်တွင် 'မဏ္ဍိုင်' ကို ပိုမို နက်နဲစီရဖို့၊ ပိုမိုသိမ်မွီစီရ ဖို့၊ ပိုမိုကျယ်ဝန်းစီရဖို့၊ ပိုမိုပြည့်ဝစီရဖို့၊ ပိုမိုတိုးတက်စီရဖို့ပင် ဖြစ်ပါသည်။

## (ခ) အရိစ္စတိုကရေစီ သဘောတရားသက်ဝင်ရာအတွေးအခေါ်များ

အရိစ္စတိုကရေစီဟူသည် သုခမိန်သူကောင်းမျိုး အုပ်ချုပ် ခြင်းကို ခေါ်ပါသည်။ ရခိုင်ပြည်တွင် ပဒေသရာဇ်မြို့သျှင်ခေတ်က ဘုရင်စနစ်နန့် အရိစ္စတိုကရေစီစနစ်နှစ်ခု ထွန်းကားနိကြောင်းကို တွိရပါသည်။ ဤစနစ်နှစ်ခု သဟဇာတဖြစ်နီကတ်ကေ၊ တနည်း ကြောင်းကျိုးဆက်ညီညွတ်နီကတ်ကေ တရားနန့်ဓားထက်မြက်နီသဖြင့် မဏ္ဍိုင် ဂုဏ်ရာင် ထိန်ပြောင်ထွန်းလင်းခပါသည်။ ရှီးရှီး ခေတ် အဆက်ဆက်က ဘုရင်တိုင်းလက်ထက်တွင် ပြည်ထိန်းသုခမိန်ပြီးပြုတ်ခသည်ဟု မဟိခပါ။ သုခမိန်ကြီးတစ်ပါး ထွန်းလာကေ မင်းဆက်သုံးလေးငါးဆက် ထိန်းကွပ်လားတတ်ပါသည်။ ပြည်ထိန်း သုခမိန် အာဏာလုသည်ဟုလည်းမဟိဘူးခပါ။ မင်းမကောင်းကေ မျုးမတ်ပြည်သူညီညွတ်၍

မင်းသစ် မြှောက်ကတ်သည်ချည်း ဖြစ်ပါသည်။ မင်းအားနည်းလွန်းမှရာ အမတ်ရို့ အာဏာသိမ်းကတ်ပါသည်။ သို့သော်လည်း သုခမိန်ပြည်ထိန်းအမတ်ကြီးကို မထိပါးကတ်ပါ။

ရခိုင်သမိုင်းတွင် သုခမိန်အုပ်ထိန်းရီးစနစ် ဇာလောက်လောက်ထွန်းကားခသနည်းဆိုသည်ကို ပေါ်ထွန်းခသည့် ပြည်ထိန်းသုခမိန် အကျော်အမော်များကို လိလာကြည့်က သိသာနိုင်ပါသည်။

သီရိရာဇာမင်းလက်ထက် (ဘီစီ ၆၀၈-၅၇၈)မင်းတုန်းစား ဝိမလအမတ်ကြီး၊ ပြောင်းပြာစား ဒေသကျော်ထင် အမတ်ကြီး၊ စန္ဒသူရိယမင်းလက်ထက် (ဘီစီ ၅၇၈-၅၂၆)တောင်ကုပ်စား ဓမ္မ ဇေယျအမတ်ကြီး၊ သူရိယကေတုမင်း လက်ထက် (အေဒီ ၂၇၃-၃၂၇)သောင်းတီးစားဥတ္တမသီရိကျော် အမတ်ကြီးစူဠစန္ဒရားမင်း လက်ထက် (အေဒီ ၇၃၃-၇၆၉)စစ်တကောင်းစား ဝိဓူရအမတ် ကြီး၊ ဒသရာဇာမင်းလက်ထက် (၁၁၂၃-၁၁၃၉ အေဒီ) ကဝိကျော်အမတ်ကြီး၊ ငနုလုံးမင်းလက်ထက် (အေဒီ ၁၂၄၆-၁၂၅၀) ဝိမလ အမတ်ကြီး၊ မင်းထီးဘုရင် လက်ထက် (အေဒီ ၁၂၈၃-၁၃၈၉)စစ် တကောင်းစား ဝိမလအမတ်ကြီး၊ နရမိတ်လှမင်းစောမွန်ကြီး လက်ထက် (အေဒီ ၁၄၀၄-၁၄၀၆)၊ (၁၄၂၉၊ ၁၄၃၀-၁၄၃၃)ဝိမလအမတ်ကြီး၊ လေးမြို့စားကဝိကျော်အမတ်ကြီး၊ မင်းဗားဘုရင် လက်ထက် (အေဒီ ၁၅၃၁-၁၅၅၃) စစ်တကောင်းစား မဟာပညာကျော်အမတ်ကြီး၊ သီရိသုဓမ္မာရာဇာ လက်ထက် (အေဒီ ၁၆၂၂-၁၆၃၈)လေးမြို့စား ငလက်ရုံးအမတ်ကြီး၊ နရပတိကြီးလက်ထက် (အေဒီ ၁၆၃၈- ၁၆၄၅) ပြည်စိုးကြီးဓမ္မဇေယျ၊ ကျောင်းထိုင်ဆရာတော်ကြီး တကျိပ်နှစ်ပါး၊ နရအဘယရာဇာမင်းလက်ထက် (အေဒီ ၁၇၄၂- ၁၇၆၁)အမတ်ကြီး ကောင်းကျော်ထင်စား (မြကျော်ဦး)၊ စန္ဒပရမရာဇာမင်းလက်ထက် (အေဒီ ၁၇၆၁-၁၇၆၄) စိန်တင်စား အမတ်ကြီး (ရွှေသဲ)၊ စန္ဒဝိမလမင်းလက်ထက် (အေဒီ ၁၇၇၇) အမတ်ကြီး ဓားပိုင်ကြီး စိန်တင်မြို့စား သီရိမလ္လာဒေဝီ (မိပန်းရံ)စသည်အားဖြင့် ရခိုင်သမိုင်းတလျှောက်တွင် သုခမိန်အမတ်တော်များ ပေါ်ပေါက်ခကတ်ပါသည်။ အမတ်တော်ရို့၏ အဆက်အနွယ်မှာ မဟာပညာကျော် အမတ်ကြီး၏ အထက်အောက် အဆက်အနွယ်များ ဖြစ်ကြောင်း လိလာသိဟိရပါသည်။ စန္ဒပရမရာဇာက အမတ်ကြီးရွှေသဲအား မိန့်ကြားရာတွင် မဟာပညာကျော်ရို့၏အစူအစဉ်မှာ အဘိရာဇာ၊ ကံရာဇာကြီးရို့ အနွယ်ဖြစ်ကြောင်း ပါဟိပါသည်။ ဤအချက်ကို ထောက်ဆကြည့်ပါကေ၊ ရှီးရှီးခေတ်က ရခိုင်မင်းမျိုးမင်းနွယ်တစ်ခုထဲမှ အုပ်ချုပ်ရီးနန့် အုပ်ထိန်းရီးကို တာဝန်ခွဲဝီကာ စီမံခကြောင်း၊ တရားနန့်အားကို စနစ်တကျချကာ မဏ္ဍိုင်ဂုဏ်ကို အမြင့်မားဆုံးမြှင့်တင် ထားခကြောင်း သိသာရ ပါသည်။

ရခိုင်သမိုင်းတလျှောက်တွင် ဘုရင်က တိုင်းပြည်ကို အုပ်ချုပ်ပါသည်။ ပညာဟိက အုပ်ထိန်းပါသည်။ သံဃာတော်က နာယကအဖြစ် ကြီးမှူးပါသည်။ တောင်ငူမင်းတရား ရွှေထီးချီလာကြောင်း သတင်းစကားနန့် ပတ်သက်၍ မဟာပညာကျော်အမတ်ကြီးက မင်းဗားဘုရင်အား လျှောက်တင်သောအခန်း၌ ‘လို့တိုင်ကိုကြိုး ထိန်းပါသည်။ ပြည်ကို အမတ်ကြီးထိန်းပါသည်’ ဟုပါသည်ကို ထောက်ဆက ဤအဆိုထင်ရှားမှန်ကန်ကြောင်း သိရပါသည်။ တဖန် မြန်မာ တောင်ငူအမတ်ကြီး ကျော်ထင်နော်ရထာအား ရခိုင်အမတ် ပြည်စိုးကြီးဓမ္မဇေယျက ပြောကြားသောစကား၌ ‘အကျင့်မဟိ အမျိုးမစောင့်သောမင်းယုတ်သည် အကယ်၍ စိုးမိုးအံ့၊ ထိုမင်းအား အမတ်ကောင်းတို့သည် မမှားမယွင်းစီရာ၊ အသက်မငဲ့ လျှောက်တင်ရမြဲဖြစ်သည်။ မင်းနှင့် အမတ်တို့စုံလျက်

ဆိုးသွမ်းလတ်သော် သံဃာတော်တို့ ကျိုးကြောင်း ပြသဟောပြောဆုံးမရ မြဲ ဖြစ်သည်’ ဟု ပါဟိပါသည်။ ဤသည်ကို ထောက်ဆကြည့်ကေ၊ ယင်းအဆို ပိုမိုထင်ရှားကြောင်း ပိုမှန်ကြောင်း သိရပါသည်။

ရှိုးရခိုင်ကျမ်းဂန်းဟောင်းတွင်လည်း ‘ရှိမြိုဦးခိုင်၊ နိုင်ငံပိုင်မူ၊ တိမ်းယိုင်ဟိလမ်း၊ အကျင့်သွမ်းသော်၊ မင်းကျွမ်းဝင်ဘိ၊ မတ်ကဝိ တို့၊ နှိုင်းညှိကန်ပြား၊ မင်းပါးလျှောက်သင့်၊ ကြီးမြင့်ဂုဏ်သျှင်၊ နားမဝင်၍၊ မင်းပင်ကျင့်ရာ၊ တူစွာစရိုက်၊ မင်းလိုလိုက်၍၊ မတ်မိုက်နှင့်မင်း၊ သင်းပင်းညီစွ၊ ပြပြန်ကြမူ၊ ဓမ္မသဘင်၊ မင်္ဂလာကျော်၊ သံဃာတော်တို့၊ အဟောတဝ၊ ရှိုးကမင်းပေါင်း၊ မှူးမတ်ကောင်းတို့၊ မစောင်းတည့်မတ်၊ ကျင့်ဝတ်ကျမ်းဂန်၊ မလွန်မယုတ်၊ ဖော်ထုတ်ပြသ၊ ဆုံးမထုံးစ၊ လှျူခံသူမြတ်၊ ရဟန်းဓာတ်နှင့်၊ လျှောက်ပတ်သင့်စွာ၊ ပြောဆိုရာသည်၊ စဉ်လာနိဂုံး ရှိုးကျင့်ထုံး’ ဟု ပါဟိပါသည်။ ဤကျမ်းထွက်စကားမှာ ယင်းအဆိုကို တိုက်ရိုက်ဖော်ညွှန်းပီးသော အမြစ်အနှစ်ပင် ဖြစ်ပါသည်။

ပညာဟိသုခမိန်ဟူသည် ရခိုင်ရို့က ကျမ်းဂန်တတ်ကျွမ်းရုံနန့် လုံလောက်သည်ဟု မယူဆကတ်ပါ။ ကိုယ်ကျင့်တရားကောင်းနန့် ပြည့်စုံဖို့လည်း လိုပါသိသည်။ အဘယမဟာရာဇာမင်းအား စိန်တင်စားအမတ်ကြီး ရွှေသဲ လျှောက်ထုံး၌ ‘အသျှင်မင်းမြတ်၊ သူမိုက်တို့သည် ပိဋကတ်ဗေဒင်ကိုသင်၍ တတ်စီကာမူ၊ ပညာဟိသူတော်ကောင်းစသော အမြင့်အနိမ့်၊ အယုတ်အမြတ်အတိတ် အနာဂတ်ကို ဆုံးဖြတ်နိုင်သည်မဟုတ်ပါ။ အတတ်ပညာကြောင့် ချင်းတို့နစ်လီရာသည်’ဟု ပါဟိချက်ကို လိလာကြည့်ပါကေ၊ ရခိုင်ပြည်ထိန်း သုခမိန်အကျော်အမော်ရို့မှာ သာမန်ပညာ တတ်များမဟုတ်ဘဲ ပညာဟိစစ်စစ်များဖြစ်ကတ် ကြောင်းကို သိသာနိုင်ပါသည်။ အထက်က အမတ်ပြည်စိုးကြီး ဓမ္မဇေယျ စကားကိုထောက်ချင့်ကလည်း ပြည်အတွက် အသက်ကိုမငဲ့ကတ်သော အာဇာနည်ပညာဟိများပင် ဖြစ်ကတ် ကြောင်းကို သိသာရပါသည်။

ဘုရင်ဟူသည်မှာလည်း လက်ရုံးမာနကို မထောင်ထားရ။ ယင်းခေတ်က အားသည်တရားမဟုတ်၊ တရားသည် အားဖြစ် သည်၊ တရားမဲ့စွာ အားစကားပြောသူကို လူယုတ်လူမိုက်ဟု မော်ကွန်းထိုးခကတ်ပါသည်။ သို့သော် ရခိုင် ဘုရင်ရို့ကား အားကိုစု၍ တရားနန့်ထိန်းကတ်ပါသည်။ အားဟိသော်လည်း အားကိုဦးစား မပီး၊ အားနန့်သူတထူးကို အနိုင်မခံကတ်၊ သူရန်လိုကလည်း အားနန့်တွန်းလှန်မောင်းထုတ်လိုက်ကတ်သည်ရာ များသည်။ မင်း ဗာဘုရင်ကြီးက မြန်မာအမတ် ကျော်ထင်နော်ရထာအား မိန့်ကြား ချက်ကိုကြည့်ပါ ‘ရှိမဟိသောကန်၊ ဆန်မဟိသော စပါး၊ တရား မဟိသော မင်းမျိုး၊ ဆိုးကောင်း မသိသောမီး၊ ခရီးရောက်ရာလား၍ ကြွက်ကိုစားသည့်မြွီ၊ ဤသတ္တဝါ ငါးဦးတို့သည် ပဥ္စဘုတ်၊ သူတော်ကောင်းတို့မှီခိုရန် မအပ်၊ အကျိုးအပြစ်ကိုလည်း မသိ၊ ထိုသတ္တဝါတို့ဟိရာ အရပ်ဒေသ၌ အရှည် မထွန်းလင်းနိုင်ရာ၊ ရန်သူ မျိုးငါးပါးနှင့် ဆက်ဆံရများလီသည်ပင်။ အစ်ကိုတို့ တောင်ငူမင်း လည်း လက်ရုံးမာနအားလွန်သည်၊ ပညာဟိနှင့် နီးကပ်ပါစီဦး’ဟု မိန့်ထားပါသည်။ မြောက်ဦးခေတ် ရခိုင်နိုင်ငံကြီးကို ထူထောင်ခသော မင်းဗာဘုရင် ကိုယ်တော်တိုင်က လက်ရုံးမာနကို ရှုတ်ချထားကြောင်း တွိနိုင်ပါသည်။ တိုင်းပြည်ကို အစိုးရသောမင်းဟူသည် လက်ရုံးရည် မာနထောင်လွှားလို့မရ၊ နှလုံးရည် ပြည့်ဝဖို့လိုကြောင်း ရည်ညွှန်း၍မိန့်ထားချက်ပင် ဖြစ်ပါသည်။

တဖန် မဟာပညာကျော်က မြန်မာဘုရင် တပင်ရွှေထီးအား လျှောက်ထားချက်ကို ကြည့်ပါ။ ‘အသျှင်မင်းမြတ်၊ လက်ရုံးအားကို အလိုဟိသောမင်းသည် ရန်ပို၍ ထိုပြည်သူတို့သော်လည်း လက်ရုံးမာနအားကြီး

ခြင်းကြောင့် စည်းစိမ် မရှည်၊ ရန်သူငါးပါး ဆက်ဆံများလေသည်။ နှလုံးအားကို အလိုဟိသော တိုင်းပြည်၌မင်းတို့၏ ပြည်သူသည် အပူသောက ကင်းခြင်းကြောင့် မိဘသားမြီးစဉ်လာ သပြာတောင့်တင်း မကုန်ဆက်ဆံ ခံစားလျက် မပျက်စည်ထွန်း၍ ဘုရားစသော သူတော်ကောင်းတို့ အချီးအမွမ်းကိုခံရကြောင်းနှင့် ပညာဟိများမှာထားတော်မူပါသည်' ဟု တင်ပြထားပါသည်။ ဤအချက်ရို့ကို ကြည့်ပါကေ၊ ရှီး ရခိုင်မြီသျှင်ပဒေသရာဇ်ခေတ်က လက်ရုံးရည် နှလုံးရည်နှစ်ပါးတွင် လက်ရုံးမာန ထောင်လွှားခြင်းကိုပယ်၍ အားနန့် တရား၊ ဝါ၊ လက်ရုံးရည် နှလုံးရည် မျှတမှုကို အဓိကထားကြောင်း သိသာနိုင်ပါသည်။

အမတ်သံကိုင်နောင်ကို သံတွဲမြို့စား ခန့်အပ်ဖို့ကိစ္စနန့်ပတ်သက်၍ မဟာပညာကျော်က မင်းဖလောင်းကြီးအား လျှောက်ထားချက်၌ 'နှလုံးရည်ဟိသောသူ၌ လက်ရုံးရည်မှာ အလွန်ဟိအောင်ပြုနိုင်ကြောင်း' ဟု လည်းကောင်း၊ 'လက်ရုံးရည်မှာ လူမိုက် အတတ်နှလုံး၏ အစီအကျွန်သာ ဖြစ်ပါသည်။ နှလုံးရည်ဟိသော သူအား အမှုအပေါင်း ကြီးကုန်ပါသည်' ဟု လည်းကောင်း ပါဟိပါသည်။

ဤအချက်ချက်ကို ထောက်ဆကြည့်ကေ ရခိုင်ဘုရင်ရို့သည် လက်ရုံးမာန မလွန်ကဲဘဲ နှလုံးရည်ပညာသျှင် သုခမိန်ရို့နန့် လက်တွဲကာ ပြည်ကိုအုပ်ချုပ်ကြောင်း၊ သံဃာတော်ရို့ကိုအမှူးထား ကြောင်း ကောင်းစွာသိဟိနိုင်ပါ သည်။ လက်ရုံးနှလုံးကို မယုတ် မလွန်စီပဲ ပြည်ကြီးဝန်ကို ထမ်းဆောင်ကြောင်းကို သီဟိုဠ်မင်း၏ ရွှီပီသဝဏ်စာနန့် ပတ်သက်၍ မင်းဖလောင်းကြီးအား မဟာပညာကျော်အမတ်ကြီး လျှောက်တင်ချက်တွင် တွိရပါသည်။ 'အသျှင် မင်းမြတ်၊ ရှီးပညာ ဟိရို့စကားထုံးပုံရပ်အဆို၌ 'မီးလွန်သော်ချစ်သည်။ ရီလွတ်သော် ပျစ်သည်' ရာဇပုံတွင် လည်း 'ပြည်ကြီးဝန်ကို၊ အိုးတန်ဆန်ခတ်၊ မင်းကျင့်ဝတ်နှင့်၊ လျှောက်ပတ်သင့် စွာ၊ စီရင်ရာသည်' ဟု ပါဟိကြောင်း ဆိုထားပါသည်။

ရခိုင်ပြည်တွင် မြီသျှင်ပဒေသရာဇ်စနစ် ထွန်းကားစဉ်ကာလက လေးမြို့မြစ်ခေတ် (အေဒီ ၈၁၈-၁၄၀၆)၊ မြောက်ဦး ခေတ် (အေဒီ ၁၄၃၀-၁၇၈၄)ဘုရင်ရို့၏ အမိန့်မှာတမ်းများကို ပင်ကြည့်ကြည့်၊ ပြည်ထိန်းသုခမိန်ရို့၏ လျှောက်ထုံးများကိုပင် ကြည့်ကြည့်၊ တရားမဲ့၊ ဓားမဲ့ သက်ဦးစံပိုင်စနစ် မထွန်းကားခ ကြောင်းကို သိရပါသည်။

လောင်းကြက်မြို့တော်သျှင် မင်းထီးဘုရင်ကြီး၏ မုဒ္ဒါဘိသိက်အမိန့်မှာတမ်းတွင် 'မင်းသားမင်းဆွီမှူးမတ် တို့မှာလည်း လူအသက်ကို မပိုင်။ ဆင်းရဲသားတို့ကို အသက်ဆုံးအောင် မသတ် မညှစ်စီနှင့်၊ မင်းသားမင်းဆွီ မှူးမတ်တို့ ပြည်သူအသက်ကို အသီသတ်လျှင် အဆောင်အရွက် အရာအထူးစားကျေးမြို့ရွာကိုသိမ်း၊ မင်းသားမင်းဆွီဖြစ်လျှင် မရိတ်ချောင်းဖျား၊ မြုံတို့အရပ်ကိုပို့၊ မြို့ စားမှူးမတ်လွန်လျှင် မာန်အောင်သို့ပို့၊ သံတွဲစာ၊ မင်းတံုးစား၊ မောက်သူဇစား၊ သိလက်စား၊ ဒါဂါစားငါးယောက်မှာ ရှီးမင်းတို့ လူအသက်ကိုအပ်ကြောင်း ထုံးစံဟိသည်အတိုင်း သီပြစ်သီဒဏ် ရောက်သူဖြစ်လျှင် ထွက်ချက်မီးချက်ကို တင်ပြလျှောက်ထား၍ စီရင်စီ' ဟု ပါဟိသဖြင့် တရားလက်လွတ် လူ့အသက်ကို မပိုင် ကြောင်း၊ သီပြစ်သီဒဏ်ဟိသူကိုပင် စစ်ကြောမေးမြန်းပြီးမှရာ စီရင်ရထုံးဟိကြောင်း တွိရပါသည်။

တဖန်တုံလည်း မင်းကြမ်းနှင့် အမတ်သွမ်းတို့ အုပ်ချုပ်ကေ စစ်ပွမ်း၍ ပြည်သူပင်ပမ်းကြောင်းကို စစ်တကောင်း မြို့စား မဟာဇေယျသိန်ဘွဲ့ခံ ပြည်ထိန်းအမတ်ကြီး မဟာပညာဝံသက မင်းရာ ဇာကြီးအား

လျှောက်တင်သောထုံး၌ တွေ့ရပြန်ပါသည်။ ထို့ပြင် ယင်းမင်းဆိုးအမတ်ဆိုးရို့မှာ ပုဂ္ဂိုလ်သုညများဖြစ်ကတ်သဖြင့် သူရို့ထုံးကို မသုံးစွဲအပ်ကြောင်း၊ ပယ်ဖျက်အပ်ကြောင်းကိုလည်း တင်လျှောက်ထားပါသည်။

'သူတထူးကို ဖျက်ဆီးတတ်သော သုညမင်းတို့သည် ကိုယ့်အသက်စည်းစိမ်ကိုသာ စုံမက်၍ သူတပါးအား သနားခြင်းကင်း သောကြောင့် ရက်ရောလိသည်၊ ထိုသူတို့သည် မှန်သောတရားကို မသိ၊ မှားသောအမှုကိုသာ လိလာ၍ ထိုမင်းသို့ထံလည်း ပညာဟိ ထွန်းလင်းရိုးမဟုတ်၊ လက်ရုံးမာနခက်ထန် ထောင်လွှားသူတပါးကို ဖျက်ဆီးတတ်သော သူသာလျှင် ထွန်းလင်းရာသည်။ အသျှင်မင်းမြတ်၊ သတ္တဝါတို့ စလိတပြည်တမြို့က အကယ်၍ စစ်ပွဲဟိလတ်မူ ပြည်သျှင် မင်းလည်းလိမ္မာ၊ ပညာဟိအမတ်လည်း စစ်မှူးဖြစ်လတ်မူ သတ္တဝါမသီ၊ နှစ်ပြည်မင်းပင် မိတ်ဝင်လီရာသည်။ မင်းကြမ်း အမတ်သွမ်းကို စစ်မှူးစစ်ကွပ်အပ်ပြန်ကလည်း မိမိကလူ၊ ပြည်သူပြည်သားလည်း သီကြီများစွာ၊ တိုင်းတပါး သူလည်း သီကြီများစွာ၊ ချမ်းသာမရ ဟိတတ်ပါသည်။ ယင်းသို့ တရားအလွန်ဆိုးသွမ်း သောမင်း၊ အမတ်ရို့လက်ထက် မိမိဆိုးသွမ်း သမျှ ကို ထုံးပြု၍ထားခဲ့သော အက္ခရာစာပီတို့သည် ထုံးကောင်း မဟုတ်၊ ထုံးဆိုးထုံးသွမ်း၊ သာသနာတော်မှ အပဖြစ်သော သုညမင်းတို့ထုံး၊ ဘုရားစသောသူတော်ကောင်းတို့ မကြိုက်၊ သူမိုက်လက်သုံးသာ၊ ထိုစာ ထိုထုံးတို့ကို မင်းကောင်း အမတ်ကောင်း ပညာဟိတို့မသင် မကြားမမှတ်၊ ထုံးသက်သီမပြုပါ" ဟု တွေ့ရပါသည်။

ထို့ပြင် မင်းရာဇာကြီး၏ အမိန့်တော်မှာတမ်းတစ်စောင်တွင် 'ပြည်သူတို့ တရားစကားမှာလည်း တရားသူကြီး ပြည်စိုးတို့ ရှိုးထုံးစံအတိုင်း စီရင်စီ၊ ဆိုရန်ဟိသမျှကို အကောက်လာလျှင်လည်း အကောက်ဉာဏ်နှင့် သာဆို၊ အဖြောင့် ရောက်လျှင်လည်း ဖြောင့်မတ်စွာဆို၊ တံစိုးပဏ္ဏာ မျက်နှာကြီးငယ်မလိုက်နှင့်၊ ဘုရားသခင် သာသနာတော်ရီး၊ ငါအသျှင် ကျေးဇူးသစ္စာ၊ ပြည်သူတို့မျက်နှာကို သာထောက်' ဟုပါဟိပါသည်။ တရားဥပဒေကို ဂရုစိုက်ရန်၊ တံစိုး ပဏ္ဏာစားကာ အဆင့်အတန်းမခွဲခြားရန် သာသနာတော်၊ ဘုရင်မင်းမြတ်နန့် ပြည်သူလူထုကိုသာ တိုင်းပြည်၌ အဓိကထားရန်ရို့ကို အမိန့်တော်ဖြင့် ညွှန်ကြားထားကြောင်းကို တွေ့ရပါသည်။

တဖန် 'ရီမြီပိုင်သောမင်းနှင့်အမတ်မတရား၊ တံစိုးပဏ္ဏာခံယူခြင်း စည်လီသော် ထိုအရပ်၌ သူခိုးဓားပြ လူဆိုးသူ သွမ်းပွား၍ စစ်မက်စည်လီရာသည်။ လူဆိုးလူသွမ်းစည်လီသော် အမှုစီရင်ရာ မဏ္ဍပ်စည်ရာသည်။ မဏ္ဍပ်စည်လီသော် အပျော်အရွှင်သဘင် စည်လီရာသည်၊ သဘင်စည်လီသော် အလင္ကီရဟန်း စည်လီရာ သည်။ အလင္ကီရဟန်း စည်လီသော် သိုက်ဓာတ်ဓမ္မသတ် ဗေဒင် အင်း မန္တာန် ယတြာမှုစည်လီရာသည်။ သိုက်ဓာတ် ဗေဒင် စည်လီသော် ဆီးပီးသမား စည်လီရာသည်။ ဆီးပီးသမားစည်သော် လုပ် တိုင်းစည်လီရာသည်။ သတ္တနိကံ ထိုခုနစ်ပါးသော ယုတ်စွာအမှုကို စုံလီသော် ဘုရားအဆုံး မတော်မတည်၍ ကပ်သုံးပါးရောက်လီရာသည်။ ယင်းသို့ သော အကြောင်းခုနစ်ပါးကိုသာ နှလုံးထားတော်မူ ပါ တကာတော်မင်းမြတ်' ဟူ၍ ဇေကစာရဂိုဏ်း၊ အရည ဝါသီအသျှင် ဓမ္မသာမိမထေရ်က မင်းရာဇာကြီးအား မိန့်ကြားတော်မူ ဖူးသည်။ ဤမိန့်မြွက်ချက်သည်ကား ရဟန်း တော်ရို့ နိုင်ငံရီး၌ ကြီးမှူးကြပုံသာဓကတစ်ခုပင် ဖြစ်ပါသည်။

မင်းရာဇာကြီးကား မြောက်ဦးခေတ်၏ ခေါင်းဆောင်တစ်ဦးဟု သတ်မှတ်နိုင်လောက်အောင် ပြည်ကျိုး ဆောင်ခသော မင်းကောင်းတစ်ပါး ဖြစ်ပါသည်။ မင်းရာဇာကြီးသည် မိမိလည်း ကောင်းစွာ ပြည်ကျိုး ဆောင်သည်။

နောက်နောင်လတ္တံသော မင်းရို့အားလည်း မင်းကောင်းဖြစ်နိုင်အောင် သားတော်မြေးတော် မြစ် တော်ရို့ကို ကောင်းစွာပျိုးထောင်ပီးတော်မူသည်။ ယင်းတွင်မက လွန်လီပြီးသော အတိတ်ကာလက မင်းဆိုးမင်းကြမ်းရို့ ကိုလည်း ရှုတ်ချတော်မူသည်။ မျိုးတော်ဆီွတော်ဟု မဖုံးမဖိ ပွင့်လင်းပြတ် သားစွာ ဝိဖန်ထောက်ပြထားခပါသည်။

'ရှီးဖြစ်သော နိဇင်္ဂလမင်းလက်ထက် မင်းလက်ယာသူ၊ ရန်မျိုးသူ၊ အမြတူ၊ ပဲဖြူ၊ ငဆတ်အို၊ မင်းပတိ၊ ဤခုနစ် ယောက်မင်းတို့သည် အရိုးအမျိုးမမှန်၍ အယုတ်အလွန်အပြုအကျင့်များလီသည်။ ငါတို့မင်းရို့ကလည်း စန္ဒသူငယ်၊ မင်းဘီးလူး၊ ဥဇနာငယ်၊ နရမိတ်လှ မင်းလေးယောက်သည် အမျိုးစောင့်သော အကျင့်မဟု၊ အပျော် အရွှင်သဘင်မှု သာလိလာလျက် အတ္တနောမတိ သူစိတ် ကြိုက်ရာနှင့်ပြုလီ၍ သာသနာတော် နွမ်းရိ၊ ပြည်သူ ညှိုးငယ်၍ ရာဇသုည ဖြစ်လီသည်။ မင်း ၁၅-ဆက်တို့ လက်ထက်ထုံး ဥပဒေ၊ မှူးမတ်အဆောင်အရွက်၊ အမည် အရည်ပီးခဲ့သမျှကို မမှတ်မသား မထွင်စီနှင့်၊ ပီးခဲ့သည့် စာတိုစာရှည်ဟိလျှင် ကုန်စင်အောင်သိမ်း' ဟူ၍ မိန့်ထား တော်မူခသည်။

တဖန်မင်းရာဇာကြီး၏ အမိန့်တော်မှာတမ်းကို လိလာခြင်းဖြင့် ပြည်သူတို့ ဗုဒ္ဓတရားတော်၌ မိလျော့မှုမဟိ အောင် အပါယ်မှ လွတ်ကင်းအောင် ဘုရားဦးဆောင်လမ်းပြပီးရကြောင်းကို သိသာ နိုင်ပါသည်။

'တပြည်တစ်မြို့ အစိုးရသောမင်းမူလည်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းတို့ ဓလိ၊ ပြည်သူတို့ကို အပါယ် လေးပါး မလားစီရပြသဆုံးမတော်မူမြဲ ဖြစ်သည်။ ပြည်သူတို့လည်း ကောင်း သောအလီအကျင့်ကိုသာ ကြိုက်သင့်သည်။ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါးတို့သည် သီလတိကာ ပညာဟိအလိ မှန်သည်' ဟု မိန့်ဆိုထားတော် မူသည်။

ယင်းကြောင့် မြို့သျှင်ပဒေသရာဇ်စနစ်လွှမ်းမိုးသော ရှီးခေတ်ရခိုင်လူမှုအဖွဲ့အစည်းတွင် ပြင်းထန်သော သက်ဦးဆံပိုင်စနစ် အဆီးအတားမဟိ မထွန်းကားခဟုဆိုနိုင်ပါသည်။ ဘုရင်အုပ်ချုပ်ရီး၊ သုခမိန်အုပ်ထိန်းရီး၊ သံဃာ ကြီးမှူး ရီးရို့ချိန်ကာ ထွန်းကားခသည်ကိုရာ တွိရပါသည်။ ယင်းဇုနန့် ထိုခေတ်က အရိစ္စတို ကရေစီ ထွန်းကားခ သည်ဟု ဆိုနိုင်ပါသည်။ ဤအရစ္စတိုကရေစီ တွင် ဗုဒ္ဓတရားတော် အနှစ်တည်လျက် ပါနီသည်ကို တွိနိုင်ပါ သည်။ အရိစ္စတိုကရေစီသည်ပင် ရခိုင်စာပီတလောကလုံးကို အစအဆုံး လွှမ်းထားသည်ဟု ဆိုနိုင်ပါသည်။ ခြွင်းချက် ကင်းလိမ့်မည်ကား မဟုတ်ပါ။

၁၅-ရာစုခေတ်တွင် ရခိုင်-မြန်မာအချစ်အကြည် မဟာမိတ် ဖြစ်ခပါသည်။ ယင်းအခါက နရနုမင်းကြီးက အင်းဝနရပတိမင်း ကြီးအား ပီးပို့သော ရာဇသံတွင်-

'ဣတိပိသော ဘဂဝါ၊ သွက္ခာတော်၊ သုပ္ပဋိပန္နော စသော ဂုဏ်တော်တရား သုံးပါးနှင့်အညီ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒ သာသနာတော် မညှိုးမနွမ်းစီရ၊ မူလသိက္ခာ၊ မင်းသမ္မာတို့ ခံရာသော ဘိသိတ်တရား၊ ဆယ်ပါး သော မင်းကျင့်၊ ဆယ့်နှစ်ဆင့်သောအင်္ဂါ၊ ကြိယာဒေသ၊ သတ္တကျက်သရေ၊ လေးထွေသင်္ဂဟ၊ နိစ္စမြဲစွာ၊ အဝိဇ္ဇာနှင့် တဏှာ ပိတ်ပေါင်း၊ သူမကောင်းနှင့်၊ ကင်းကြောင်း လုံ့လကိုသာ၊ ပညာဗလပြုလျက် မင်းတို့အား ငါးပါး၌ စရီမာ ဆုတ် ယုတ်တတ်သော လက်ရုံးမာနအားကိုပယ်၍၊ အနီးအဝီးမရွီး၊ ပကတိတရား ခုနစ်ပါးနှင့် သတ္တဝါတို့ကို စောင့်ထိန်းလျက် အုပ်ကွပ်စီရင်လိဟိသော မြောက်ဦးရွှေမြို့တော်ကြီးအသျှင် ကြားရောက်လိုက်သည်။ အင်းဝ

ရွှေမြို့သျှင် အကြည်တော်’ ဟူ၍လည်းကောင်း၊

‘အလာကောင်းလျက်၊ အပြန်မစောင်းစီရ၊ ကိုယ်ကမကွာ၊ သမ္မာသျှစ်ထပ်၊ စစ်ကွပ်လိမ်မာ၊ ပညာလက်နက်၊ ပိုးပရွက်သို့၊ စစ်တက်လာကြ၊ လောကသူပုန်၊ ရန်သူပုန်ကို အကုန်သတ်ဖြတ်၊ အခွာတတ်မှ၊ မြတ်ရာသို့ ရောက်ရမည် အကြောင်းကို ကြား ရောက်လိုက်သည် အကြည်တော်’ ဟုလည်းကောင်း ရေးဖွဲ့ထားပါသည်။

ဤရာဇသံစာမှာ မြောက်ဦးဘုရင်တစ်ပါး၏ စိတ်ဓာတ်ကို ဖော်ပြထားပါသည်။ ဤစာ၏ အနှစ်သာရမှာ နှလုံးရည်နှင့် လက်ရုံးရည်ကို ချိန်ထားခြင်းပင် ဖြစ်ပါသည်။ နှလုံးရည်မှာ ဗုဒ္ဓ၏ အလိုတော်နှင့်ညီသော နှလုံးရည်မျိုးကို ထူထောင်ဖို့ ရည်ညွှန်းထား ပါသည်။ လက်ရုံးရည်မှာ ဆုတ်ယုတ်တတ်သော လက်ရုံးမာနအားကို ပယ်ခွာထားသော လက်ရုံးရည်မျိုးကို စုစည်းဖို့ ရည်ညွှန်းထားပါသည်။

တဖတ်ထုံးဟောင်းနိဒါန်းကျမ်း၌-

‘မင်းတို့သိက္ခာ၊ စောင့်အပ်ရာသည်၊ သာသနာရီး၊ မထွီးစီရ၊ သင်္ဂဟကို၊ နိစ္စပြုပေ၊ များဝေနေအား၊ တရား မှန်ကြောင်း၊ ကောင်းသောလုံ့လ၊ အားထုတ်မှတည့်၊ လောဘတဏှာ၊ အဝိဇ္ဇာဖြင့်၊ မိစ္ဆာကျင့်ဆိုး၊ စစ်မထိုး အပ်၊ ပညပ် တစ်ချက်၊ အိပ်စက်ရန်နှုံကြမ်း၊ ပွဲလမ်းပျော်ရွှင်၊ ထွက်ဝင်သွားလာ၊ မများစီရာ၊ မှူတကာကို၊ ယုတ္တာယုတ္တိ၊ ဆင်ခြင်ညှိ၍၊ ဇာတိ မြောက်များ၊ သူ့စကားကို၊ ကြားကထိုးထွင်း၊ ချက်ချင်းသိပေ၊ ဆိုတတ်စေတည့်၊ ပရမေထူး၊ ကျေးဇူးမြတ်လှ၊ မိဘဆရာ၊ သူနာသူမွန်၊ တမန်တလိုက်၊ နှုတ်ပိုက်တသွယ်၊ သူငယ်တစ်ဦး၊ အရှူးကျိုးကန်း၊ ရှိလမ်းသက်သီ၊ ရီမြီသခင်၊ မင်းမာန်ဝင်၍၊ ပြစ်တင်ကျူးလွန်၊ မင်းဒဏ်အာဏာ၊ မပီးရာတည့်၊ ဥာတကာ သာချင်း၊ သင်းပင်းတဖော်၊ ဆွီမျိုးတော်ကို၊ မလျော်နှိပ်စက်၊ ရမ္မ ဖုံးလွှမ်း၊ မညှင်းပမ်းကောင်း၊ တကြောင်းတမူ၊ သူ့လူ ကိုယ်သား၊ မမှားဂတိ၊ မငြိစီရာ၊ ဘဏ္ဍာတုတ်ခွန်၊ မလွန်ရှီးမှီး၊ အသီးအပင်၊ သည်တွင်ခံမူ၊ ဆယ်စုတစ်ပုံ၊ လုံးစုံပြီးပြီ၊ အစီအသုံး၊ ပြည်ပခုံးက၊ စသည်ရံပတ်၊ အမတ်တို့မှာ၊ အင်္ဂါသျှစ်ပါး၊ ရည်သွားနက်တိမ်၊ စည်းစိမ်နိမ့်မြင့်၊ ထားသင့်တတ်ငြား၊ ဂုဏ်ကိုးပါးသည်၊ မင်းအား အလုံး၊ စောင့်သည့်ထုံး’ ဟု လည်းကောင်း၊

‘ဇေယျာကြွင့်န်း၊ စိုးစံမြန်းသည်၊ ရွှေနန်းသျှင်၊ ဂုဏ်ကိုးအင် မင်းတို့မှာ၊ တရားမစောင့်၊ ထီးဖြူဆောင်းတို့၊ အကြောင်းကိရိယာကား၊ သတ္တဝါပေါင်းတို့အား၊ အနီးအဝီးမရွီး ပညာများကို လက်သုံး ဓားပမာ၊ ထက်အောင်သွီး၍၊ ဆိုရီးဟိလတ်ရာလည်း၊ ယုတ္တာယုတ္တိညှိ၊ ဂတိမလိုက်၊ တိမ်တိုက်ချွန်းလွှား၊ မိုးကြိုးသွားသို့၊ စကားတည်ကြည်၊ အရှည် ထွန်းလင်းဘိအောင်၊ ကဝိလူသမ္မာကြားသော်နှစ်မြို့၊ သမ်းမသျှိုသည် မင်းတို့လက္ခဏာတည့်၊ ရတနာစုံပြည့်ဖြိုး၊ နဝရတ် ဂုဏ်၊ ကိုးပါးချုံသည်၊ လောက်လုံမင်းကောင်းမျိုးတို့၊ ကျင့်ရိုးဖြည့်အင်္ဂါ၊ အပရိဟာနိ၊ ကျေးဇူးဟိသည်၊ သတိမလွတ် သာတည့်၊ ကျမ်းအများ သင်္ဂဟ၊ မခစီလို၊ ဖြဟ္မစိုရ်မူ၊ နှလုံးဖြူ၍၊ မယူတည့်မတ်ရာ၏၊ ဗဟုသုတဆိုသည်မှာ၊ စကားနဂ္ဂိ၊ ကြားတိုင်းသိစီရာသား မီးပုစ္ဆာလာသမျှ၊ ရှုရှုပြီးပြီး၊ သူ့အနီကို၊ ရိပ်ခြီတတ်မှတည့်၊ ဉာဏ ဉာဏ်မဏ္ဍိုင်၊ ဒသဆယ်ချက်၊ ယွင့်မကွက်အောင်၊ ရွှေလက်မြဲစွာကိုင်၍၊ ခရိုင်တိုးတပါး၊ စကားနှုတ်ဆက်၊ မေတ္တာယှက်အောင်၊ အမျက်မလွန်၊ ထုံးနည်း ညွှန်လျက်၊ မတ်မွန်စီလွှတ်ထားသျှင့်၊ မိုက်မမှားအဝိဇ္ဇာ၊ မိစ္ဆာဖုံးလွှမ်း၊ မင်းကြမ်းမင်းဆိုး၊ နည်းကိုခိုး၍၊ စစ်ထိုးမပြုရာတည့်၊ လုပ်စာသီးပွင့်မျိုး၊ ဆယ်ညှိုတဘို့၊ မင်းတို့အခွန်၊ မလွန်ခံစား ရိုးက၊ တိုး၍မယူသာ၊ သူလျောင်လျှောက်ထား၊ ကုန်းစကားကြောင့်၊ အမှားမဆိုရာသည်၊ မဟာဓမ္မရာဇ်တို့ စောစစ်’

ဟု လည်းကောင်း၊ နိုင်ငံရှိ အုပ်ချုပ်ရီးအတွက် မင်းတို့ဆောက် တည်ရာ ဂုဏ်ကိုးပါးကို သီဖွဲ့ထားပါသည်။ အရိုစ္စတိုကရေစီ သဘောတရားသက်ဝင်သော အဖွဲ့အနွဲ့များပင် ဖြစ်ပါသည်။

ယင်းထုံးဟောင်းနိဒါန်းကျမ်း၌ပင်-

'ပြည်ကြီးအချာ၊ ရာဇာပဝရ၊ နရိန္ဒတို့၊ ပြည်မမှုကွပ်၊ ယုံအပ်သူအား၊ ဂုဏ်သျှစ်ပါးမှာ၊ ပညာဆန်းကြယ်၊ ပရိ ယာယ်လည်း၊ ဆိုဖွယ်မပဟိ၊ ကတိမြောက်များ၊ စကားကွိကောက်၊ သူတစ်ယောက်လည်း၊ ထွင်းဖောက်သိတတ်၊ တည့်မတ် သစ္စာ၊ ပဏ္ဍာမကြိုက်၊ ရင်၌တစ်ပါး၊ မခြားမှန်စွာ၊ အာဏာတန်ခိုး၊ မိုးသို့ဆစ်ထစ်၊ ပစ်လိမ့် လန့်ကြောက်၊ တစ်ယောက်မှုကုံ၊ ပိုက်ချုံတိုင်းရီး၊ မထွီးထင်ပေါ်၊ သျှစ်ရပ်ကျော်၍၊ ပြည်တော်သာဘိ၊ မြတ်ကဝိသည်၊ အသိပြည့်စုံ ဂုဏ်သျှစ်ပုံ'ဟု ပြည်ထိန်းပြည်ကွပ်ဖြစ်သော မှူးမတ်တို့ ဂုဏ်သျှစ်ပါးတို့ကို ဖွဲ့ဆိုထားပါသည်။ ပြည်ကို ထိန်းကွပ်ရာတွင် ပညာဟိ သုခမိန်ရှိ့ကျင့်ဆောင်ရမည့် တရားသျှစ်ပါးပင် ဖြစ်ပါသည်။

ဤကဲ့သို့သော ဂုဏ်နန့်ပြည့်စုံသည့် မင်းနန့်အမတ်တို့အညီအညွတ် အုပ်ချုပ်ထိန်းကွပ်တေ တိုင်းပြည် တည်တံ့ကြောင်းကို ယင်းကျမ်းတွင်ပင် 'မင်းနှင့်အမတ်၊ ညီညွတ်တမူ၊ အကျင့်တူသော်၊ လူလည်း ကြည်ညို၊ ပဟိုရ်အောင်ချက်၊ ထီးကနက်လည်း၊ မပျက်စည်ထွန်း' ဟု သီဖွဲ့ထားပါသည်။

အကယ်၍ အကြင်မင်းကြမ်းနန့် အကြင်အမတ်သွမ်းရှိ့ရာ တိုင်းပြည်မှာ အာဏာရထားကေ ရန်စစ်ပွား များ၍ ထိုမင်းထို အမတ်ရှိ့သည် သီခြင်းမလှသီရမည် ဖြစ်ကြောင်း၊ မင်းသုညသာ ဖြစ်ကြောင်း၊ ပြည်ဒုက္ခဆင်းရဲ ရောက်ရကြောင်း၊ မင်းနန့်အမတ်ကောင်းကေ တိုင်းပြည်အေးချမ်းကြောင်းတို့ကို ယင်းထုံးဟောင်း နိဒါန်းကျမ်း၌ ဆိုထားသည်ကား-

'အမတ်သွမ်းနှင့်၊ မင်းကြမ်းတသွန်၊ မာန်တခွန်ကို၊ ကဲလွန်စတင်၊ ကိုယ်ရှင်ကိုယ်ဝယ်၊ အလမွါယ်သို့၊ အန္တရာယ် ရောက်၊ ပြီးပေါက်လမ်းမှား၊ သီပျောက်ငြားသည်၊ တရားမရ မင်းသုည' ဟု လည်းကေင်း

'မင်းလည်း မင်းကြမ်း၊ အမတ်သွမ်းနှင့်၊ အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင်မူ၊ ပြည်သူရိပ္ပတ်၊ မင်းတည်းမြတ်က၊ အမတ်ထိုတူ၊ ပြည်သူမညှိုး၊ စစ်ထိုးမပဟိ၊ မရိသတ္တဝါ၊ ရိစာမယှား၊ ခိုးသားမပေါ်၊ မြင်မြော်သသူ၊ ကြည်ဖြူမြတ်နိုး၊ ရိခမိုးသို့' ဟု လည်းကောင်း ဖွဲ့ဆိုထားပါသည်။

တဖန် ပြည်ကိုအုပ်ချုပ်သောမင်းနှင့် သာသနာတော်ကို စောင့်ရှောက်ကတ်သော ပြည်ကိုကြီးမှူးကတ် သော ရဟန်းတော် ရှိ့မှာ ကြီးစွာစောင့်ထိန်းရကြောင်း၊ မင်းမှာ ဘိသိက်မင်္ဂလာတွင် ခံယူထားသော သစ္စာတရား မြဲမြံရကြောင်း၊ ရဟန်းရှိ့မှာ သိမ်ဝင် သိက္ခာတရား မြဲမြံရကြောင်းကို အမှာစာတမ်းထုံးတွင်-

'ရဟန်းတို့မှာ၊ ကမ္မဝါတင်၊ သိမ်ဝင်သိက္ခာ၊ ခမာတရားမြဲရ ကြောင်း၊ မင်းတို့မှာလည်း၊ ဘိသိက်ခံရာ၊ သမ္မာ မင်းမြတ်ကောင်း' ဟု လည်းကောင်း၊

ရာဇပုံတွင် 'ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး' ဟုလည်းကောင်း သီဖွဲ့ထားပါသည်။

သာသနာဝန်ထမ်း ရဟန်းတော်တို့ကို နိုင်ငံတော်ကြီးမှူးစီရာမှာလည်း အရညဝါသီဇကေစာရဂိုဏ်းဝင် ရဟန်းတော် များရာ ကြီးမှူးရပါသည်။ မြောက်ဦးခေတ် မင်းရာဇာကြီးလက်ထက်မှာ အသျှင်ဓမ္မသာမိမထေရ်မြတ်

ကို နိုင်ငံအကြီးအမှူးအဖြစ် ရွေးချယ်ပုံမှာ သာဓကပေင် ဖြစ်ပါသည်။ ထို့ပြင် ကိုယ်ကျိုးရှာသော ရဟန်းတော်ကို ဘုရင် ကိုးကွယ်ဆည်းကပ်က ဆရာလည်း ငရဲမီးမှာချစ်၍၊ တကာတော်လည်း အပါယ်ဘုံ၌နစ်ရဖို့ ဖြစ်ကြောင်းကို သေနင်္ဗျူဟာ ကျမ်းတွင်-

'ရပ်ကျိုးကိုရှာ၊ သဃ်ာတော်အား၊ သဒ္ဓါပွား၍၊ မင်းများပြည်သျှင်၊ တိုင်းခွင်အုပ်ကွပ်၊ အခွင့်အပ်မူ၊ ရိပ္ပတ် သိက္ခာ၊ ပါယ်လေးရွာ၌၊ ဆရာလည်းချစ်၊ တကာနစ်လိမ့်' ဟု ဆိုထားပါသည်။

ယင်းကြောင့်လည်း 'မင်းတို့သိက္ခာ၊ စောင့်အပ်ရာသည်၊ သာသနာရေး၊ မထွေးစီရ' ဟု ထုံးဟောင်းနိဒါန်းကျမ်း ၌ နိုင်ငံရေးနန့် သာသနာရေးကို ပြတ်ပြတ်သားသားခွဲခြားထားခြင်း ဖြစ်ပါသည်။ ဘုရင်ရို့ ဆောက်တည်ရသော ဂုဏ် တစ်ပါးပင် ဖြစ်ပါသည်။

ဤသို့အားဖြင့် ရခိုင်စာပီအရပ်ရပ်ကို လိလာသုံးသပ် ဝီဖန်ကြည့်ပါကေ ဗုဒ္ဓသဘောတရား အနှစ်တည် လျက် ပါသော အရိစ္စတိုကရေစီ လွှမ်းနီကြောင်းကို တွိရပါသည်။ မင်း၏အားနန့် တရားချိန်ထားပုံ၊ ပြည်ထိန်း အမတ်တော်ရို့ ထိန်းကတ်ပုံ၊ သံဃာတော် ရို့ ဗုဒ္ဓအလိုတော်အတိုင်း ပြည်၌အမှုအဆောင်လုပ်ကတ်ပုံ ရို့မှာ ယင်းခေတ် ယင်းအခါက ကမ္ဘာတစ်ခွင်လုံးတွင် အမြင့်ဆုံးစံပင် ဖြစ်နီပါသည်။ ဗုဒ္ဓဘာသာနိုင်ငံများအထဲတွင် ငါရို့ရခိုင်နိုင်ငံလောက် ဇာနိုင်ငံမျှ တရားဓမ္မနန့် ခေတ်အရှည် မအုပ်စိုးနိုင်ခကတ်ပါ။ 'သာသနာနန့်မင်း၊ မင်းနန့် ပြည်သူ'ရို့ကို ဂရုဓမ္မပြုကာ အုပ်ချုပ်ရီး ချမှတ်နိုင်ခသောနိုင်ငံကို ယင်းခေတ်ကမ္ဘာတွင် ရှာကြည့်ပါကေ ငါရို့ရခိုင်နိုင်ငံ ကိုရာ တွိရမည်ဖြစ်ပါသည်။

## (ဂ) ရခိုင့်ရှုပ်ပတ်ဝန်းကျင်ကို ထင်ဟပ်ပြသော အတွေးအခေါ် များ

ရခိုင့်ရုပ်ပတ်ဝန်းကျင်သည် ရခိုင့်ခံစားချက်၊ ရခိုင့်တွေးခေါ် ချက်ကို ပီးပါသည်။ ယင်းမှ ခံယူချက်၊ ရပ်တည် ချက်၊ ဦးတည်ချက်၊ ရည်ရွယ်ချက် စသည်ရို့ ဖြစ်ထွန်းလာကတ်ပါသည်။

ရခိုင်မျိုးရိုးဗီဇနန့် ရခိုင်ရုပ်ပတ်ဝန်းကျင်သည် ရခိုင်ကို ပျိုး ထောင်ပီးပါသည်။ တည်ထောင်ဖန်ဆင်းပီးပါ သည်။ ရခိုင့်ပျိုးထောင်မှု၊ ရခိုင့်တည်ထောင်ဖန်ဆင်းမှုသည် ရခိုင်ဘောင်ပင် ဖြစ်ပါသည်။ ရခိုင်ဘောင်တွင် ဇာဟိပါသနည်း ဆိုကေ ရခိုင်ဘောင်တွင် ရခိုင်ဗီဇနန့် ရခိုင့်ရုပ်တရားက ပီးထားသောစိတ်ဓာတ်ဟိပါသည်။ ယင်းစိတ်ဓာတ်ကားရခိုင့် စိတ်ဓာတ်ပင် ဖြစ်ပါသည်။ ရခိုင့်စိတ်ဓာတ်တွင် တည်ကြည်ရင့်ကြတ်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ ရှင်လန်းတက်ကြွခြင်း၊ စောင့်ရှောက်နိုင်စွမ်းခြင်းရို့ ပါဝင်ပါသည်။ ဤစိတ်ဓာတ်ကို ရခိုင်ရိုးတောင်တန်း၊ ရခိုင်လယ်တောယာမြီနန့် ရခိုင်ပင်လယ်ပြင်ရို့က ပီးအပ်ပါသည်။ ရခိုင့် ရုပ်တရားများက ပီးအပ်ပါသည်။ ရခိုင်စိတ်ဓာတ်ကို မှီကာခံယူချက်၊ ရပ်တည်ချက်၊ ဦးတည်ချက်၊ ရည်ရွယ်ချက်စသည်ရို့ ဖြစ်ထွန်း လာခြင်းသည် ရခိုင်ဘောင်တွင် ဖြစ်ထွန်းလာခြင်းပင် ဖြစ်ပါသည်။ ဇပိုင်ရခိုင်စိတ်နန့် ပြည့်စုံကုံလုံခြင်းသည် ရခိုင်ပီသဖြင်းပင် ဖြစ်ပါသည်။ ရခိုင်ဖြစ်ခြင်း၊ ရခိုင်ဟိခြင်း၊ ရခိုင်တိုးတက်ခြင်းပင် ဖြစ်ပါသည်။ အဖြစ်တရား၊ အဟိတရား၊ တိုးတက်ခြင်းတရားဟိကေ ရခိုင် မတိမ်မမြုပ် မပျက်စီးနိုင်ပါယာ။

ဤရခိုင်စိတ်သည် ရခိုင်ဗီဇ၊ ရခိုင်ရုပ်ပတ်ဝန်းကျင်မှ ဖြစ်ပေါ် လာရကား ရခိုင်စိတ်မှ ဖူးပွင့်လာသော

ရခိုင် ကဗျာများတွင် ရခိုင်ဗီဇ၊ ရခိုင်ရုပ်ပတ်ဝန်းကျင် ထင်ဟပ်လျက် ပါလာရသည်သာ ဖြစ်ပါသည်။ ယင်းကြောင့် ရခိုင်ကဗျာကို လိုလာကြည့်ပါကေ ရခိုင်ဗီဇ၊ ရခိုင့်ရုပ်ပတ်ဝန်းကျင်ကို ထင်ဟပ်ပြသော အတွေးအခေါ်များကို တွိဟိရမည် အမှန်ပင် ဖြစ်ပါသည်။ ယင်းအတွေး အခေါ်များ သက်ဝင်ရာ ရခိုင်ကဗျာအဖွဲ့အနွဲ့များကို (ဇနိရာ၌ လက်ာတွက်၍ ပြောလိုပါသည်။ )ယေဘုယျအနီနန့် ခွဲကြည့်ကေ (က) သဘာဝအဖွဲ့အနွဲ့များ၊ (ခ) ပြည်သူ့ကဗျာ များ၊ (ဂ)ကဗျာ သစ်များဟူ၍ သုံးမျိုးတွိရပါသည်။

## သဘာဝအဖွဲ့အနွဲ့များ

လူသည် သဘာဝ၌တည်၏၊ သဘာဝကို လူသည် နှစ်သက်မြတ်နိုး၏၊ သဘာဝကြောင့် လူသည် လူ့အဓိပ္ပာယ်ကို ဆောင်နိုင်စွမ်း၏၊ ရခိုင်သည် ရခိုင်သဘာဝ၌တည်၏၊ ရခိုင်သဘာဝကို ရခိုင်မြတ်နိုး၏၊ ရခိုင် သဘာဝကြောင့် ရခိုင်သည် ရခိုင့်အဓိပ္ပာယ်ကို ဆောင်နိုင်စွမ်း၏။ ရခိုင်သဘာဝ၌တည်သော ရခိုင်လူမှုအဖွဲ့အစည်း တစ်ရပ်လုံးသည် ရခိုင်သဘာဝကို နှစ်သကက်မြတ်နိုးခြင်းဖြင့် ရခိုင်သဘာဝအဖွဲ့အနွဲ့များကို သိဖွဲ့ခပါသည်။ ယင်းကြောင့် ရခိုင်သဘာဝအဖွဲ့အနွဲ့များကို ရခိုင့်အဓိပ္ပာယ်ကို ဆောင်လျက် ဟိနိကတ်ခြင်းပင် ဖြစ်ပါသည်။ ရခိုင့်သဘာဝအလှအပကို ထင်ဟပ်ပြလျက် ဟိနီကတ်ပါသည်။

အေဒီ ၇-ရာစု၊ ဝေသာလီကျောက်လှိုကားခေတ်တွင် အိမ်ရှိ မိဖုရားစောပြည့်ညိုက 'သိန်ကန်မိန်တွင်၊ ဆယ့်နှစ်ခွင်ကို လွမ်းပင် စည်မြင့်၊ ကြာရှည်တာအကူး၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင် လီမြူးက၊ ပြိုက်သွယ်နူးစီး သွယ်ဖြာ၊ မတတ်သာခီ၊ ဤထွီထွီကို၊ ကြည့်လီသမျှသာတည့်။ ပင်တိုင်မှာ ရွက်ညှာကြွီ၊ လီပြင်းခတ်လိုက်၊ ပုရစ်စီစီနန့်၊ ငှက်ရှိမောင်နှံစုံ၊ နွဲ့လည်ချင်းယှက်၊ ပန်းနုခက်ကို၊ ယူလျက်နှုတ်ဝယ်ငုံရယ့်၊ စာခွံ့တုံ့ရှင်နှစ်လို့၊ တထူးထွေလာ၊ ဘာသာလူလို၊ မကိုနှုတ်နယ့် တို့ရယ့်' ဟု သီဖွဲ့ထားပါသည်။

ဤအဖွဲ့အနွဲ့တွင် ရွက်နုလှန်ချိန် သဘာဝအလှအပကို ချီးကျူးသီဆိုထားပါသည်။ နွီတပေါင်း တောင်လီ ပြင်း ကြောင်း ရွက်ဟောင်းညှာ ကြွီလတ်သော် ဖူးပုရစ်တစီစီနန့် ခပ်သိမ်းတော တောင်အလှဆောင်နီပုံကို သီဖွဲ့ထားခြင်းပင် ဖြစ်ပါသည်။ ပုရစ်ဖူးပုရစ်နုနန့် လှပနီသော ရခိုင်တောတောင်သဘာဝတွင် ကျီးငှက်မောင်နှံ ချစ်တုံတင်နီကတ်ပုံကို စပ်ဖွဲ့ထားလိုက်သော် သဘာဝသည် ပိုမိုသက်ဝင်လာပါသည်။ ပိုမိုလှုပ်ရှားလာပါသည်။ ယင်းကြောင့် သိဂီရ ရသမြောက်သော အဖွဲ့တစ်ခု ဖြစ်လာပါသည်။

'တောင်ညိုဗွီချာ၊ ကျွန်းလက်ယာထက်၊ သီဒါရစ်ခွီ၊ သံတွဲမြို့ ဝယ်၊ အုပ်ထွီဖျင်ပေါင်းမများ တောင်းသည်၊ ဆွီပေါင်းမျိုးလယ်၊ ကောင်းကင်ကြယ်သို့၊ နီဖွယ်ကစ၊ သာမောလှသျှင့်၊ နမဟူပြီး၊ မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပီးဖူးက လည်း၊ ဘုရားလှကျော်၊ ဉာဏ်တော်ဝင်းမော့၊ တန့်တော့တစ်ဦး၊ ဂူကြီးဂူငယ်၊ သိမ်လယ်ရိတ်တွင်း၊ ရုပ်ဆင်းနှစ်ဆူ၊ အတူရှိဆိုင်၊ ဘုရားပြိုင်၍၊ လေးတိုင်ပြုငြား၊ တည်ထားသင့်စွာ၊ လေးမျက်နှာလည်း၊ ရွှေသား ရွှေပျောင်း၊ လျှံတမောင်းနှင့်၊ ညိုးတောင်းဗျာပါ၊ ညိုကင်းမှာကို၊ ဥက္ကာကောင်းမှု၊ ရုပ်တုနှစ်ဆူ၊ ညီနောင်တူတို့၊ ဆုယူဆုပြည့်၊ တောင်းကုန်လှည့်ဟု' သံတွဲ မိဖုရား စောယင်မိက ဖွဲ့နွဲ့ထားပါသည်။

ဤအဖွဲ့အနွဲ့တွင် ရွက်နုလှန်ချိန် သဘာဝအလှအပကို ချီးကျူးသီဆိုထားပါသည်။ နွီတပေါင်း

တောင်လီပြင်း ကြောင့် ရွက်ဟောင်းညှာ ကြွေလတ်သော် ဖူးပုရစ်တစီစီနန့် ခပ်သိမ်းတောတောင်အလှဆောင်နီပုံကို သီဖွဲ့ထားခြင်းပင် ဖြစ်ပါသည်။ ပုရစ်ဖူးပုရစ်နုနန့် လှပနီသော ရခိုင်တောတောင်သဘာဝတွင် ကျီးငှက် မောင်နှံ ချစ်တုံ တင်နီကတ်ပုံကို စပ်ဖွဲ့ထားလိုက်သော် သဘာဝသည် ပိုမိုသက်ဝင်လာပါသည်။ ပိုမိုလှုပ်ရှားလာပါသည်။ ယင်းကြောင့် သိင်္ဂါရရသမြောက်သောအဖွဲ့တစ်ခု ဖြစ်လာပါသည်။

‘တောင်ညို့ဗွီချာ၊ ကျွန်းလက်ယာထက်၊ သီဒါရစ်ခွီ၊ သံတွဲ မြို့ဝယ်၊ အုပ်ထွီဖျင်ပေါင်းမများ တောင်းသည်၊ ဆွီပေါင်းမျိုးလယ်၊ ကောင်းကင်ကြယ်သို့၊ နီဖွယ်ကစ၊ သာမောလှသျှင့်၊ နှမဟူပြီး၊ မတ်ကြီးကျော်သူ၊ အလှူဒါန၊ ပီးဖူး ကလည်း၊ ဘုရားလှကျော်၊ ဉာဏ်တော်ဝင်းမော၊ တန့်တော့တစ်ဦး၊ ဂူကြီးဂူငယ်၊ သိမ်လယ်ရိတ်တွင်း၊ ရုပ်ဆင်း နှစ်ဆူ၊ အတူရှိဆိုင်၊ ဘုရားပြိုင်၍၊ လေးတိုင်ပြုငြား၊ တည်ထားသင့်စွာ၊ လေးမျက်နှာလည်း၊ ရွှေသာရွှေပျောင်း၊ လျှံတမောင်းနှင့်၊ ညှိုးတောင်းဗျာပါ၊ ညိုကင်းမှာကို၊ ဥက္ကာကောင်းမှု၊ ရုပ်တုနှစ်ဆူ၊ ညီနောင်တူတို့၊ ဆုယူဆုပြည့်၊ တောင်းကုန်လှည့်ဟု’ သံတွဲမိဖုရား စောယင်မိက ဖွဲ့နွဲ့ထားပါသည်။

ဤအဖွဲ့အနွဲ့တွင် ဒွါရာဝတီမြို့၏အလှအပ၊ အတင့်အတယ်ကို တင်ပြထားပါသည်။ သီဒါရစ်ခွီ စီးဆင်း နီသော သံတွဲမြို့သည် လှပ၏၊ ဘုရားပုထိုး သိမ်တော်ကူတော်ရို့နန့် တင့်တယ်ပုံရို့ကို ကြည်နူးမြတ်နိုးမိရာမှ ဤ အဖွဲ့အနွဲ့ကို သီဖွဲ့နိုင်ခြင်း ဖြစ်သည်ဟု ဆိုသင့်ပါသည်။

ချေင်းစာဆိုကြီး ဖဒူမင်းညိုကား ဆိုင်းဆိုင်းမြိုင်းမြိုင်း၊ ပြိုင်း ပြိုင်းမားမား ရပ်တည်နီသော ရိုးတောင်တန်းကြီး၊ ပင်လယ်ပြာ ရီအတက်အကျနန့် တင့်တယ်လှပနီသော ကစ္ဆပနဒီမြစ်၊ ကြယ် သောက်ရှုးပိုင် တောက်ပနီသော မြောက်ဦး ရွှေမြို့တော်ရို့ကို မိမိ၏အမြင်မှာ စွဲမက်မိသည်နန့်အမျှ ဂုဏ်မြောက်အောင် ချယ်မှုန်းသီဖွဲ့ခပါသည်။ ‘ကစ္ဆပနဒီ၊ ဤသည်ညာမွန်၊ ယဉ်ထန်တဖက်၊ ပင်လယ်ထွက်မှ၊ နှစ်ဖက်ကမ်းခြီ၊ ဖြားရီမှီဝယ်၊ ရှိဆီပြုဗ္ဗာ၊ အာကာ မှီခိုင်း၊ တောင်ပြိုင်း ပြိုင်း၌၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှီနန်း၊ တည်လတ်ထွန်းသည်၊ ဤကျွန်းဇမ္ဗူ၊ ထူးတည့်လေ’ ဟုပင် ဖြစ်ပါသည်။

ဤအဖွဲ့အနွဲ့မှာ ပန်းချီကွက်ပေါ်အောင် ဖော်ကျူးသီကုံးထား၍ ပသာဒဂုဏ်မြောက်ပါသည်။ ရခိုင့်အလှ အပဖြစ်သော ပင်လယ်နန့်တောင်၊ တောင်နန့်ပင်လယ်ကို ဖွဲ့နွဲ့ရာတွင် ရခိုင်ဌာန်၊ ကရိုဏ်း ပီပီသသဖွဲ့ဆိုထားသဖြင့် မဓုရတာဂုဏ်လည်း  မြောက်ပါသည်။

တဖန် စကြာလည်ရတုတစ်ပုဒ်နန့် ကျော်ကြားခသော နန်းတွင်း မိညိုသည် မိမိကိုယ်နန့် ခိုင်းနှိုင်းဂုဏ်ဖော် ရာ တွင် ရခိုင်ပီပီ ဖွဲ့ဆိုခပါသည်။ စာဆိုသည် မိမိ၏ထူးခြားထက်မြက်သော အမြင်အကြားကို ဖော်နိုင်စွမ်းသည်။ စာဆိုသည် ရိုးတောင်၏တည်ကြည်ခမ်းနားနီသော အမြင်ကြောင့် တောင်တကာတွင် အမြတ်ဆုံးဖြစ်သော တရားထူး အဘိဓမ္မာ ဟောကြားရာတွင် မြင့်မိုရ်တောင်ကို ဂုဏ်ဖော်ကာ ‘တောင်တွင်မြင့်မိုရ်’ ဟု သီကျူးခပါသည်။ ရခိုင်မြို့တော်တွင် ပိတောက်ဗဟိုရ်စည်သံသည် ထိန့်ထိန့် ရိုက်ကြိုးမြည်ဟီးနီသည်၊ ပိတောက်စည်တန်ခိုးကြောင့် ပုဂံပြည် ကြီး ခဏခဏ ထိတ်လန့်ပြိုပျက်ရသည်ဟု ဆိုဟိပါသည်။ ယင်း သို့သော် ဗဟိုရ်စည်တော်ကို ဂုဏ်ဖော်ကာ ‘စည်တွင်ဗဟိုရ်’ ဟု ချီးကျူးခပါသည်။ နောက် “နန်းတွင်းမိညို’ ဟု ခိုင်းနှိုင်းတန်ဆာ ဆင်ကာ စကြာပိုဒ်စုံကို သီဖွဲ့လိုက်ပါသည်။ စာဆို၏ ဥပမာ လင်္ကာဆင်လိုက်သော အဖွဲ့အနွဲ့မှာနက်နဲပါသည်။ သိမ်မွိပါသည်။ ယင်းကြောင့်

လည်း အင်းဝသူ မိဖြူက နောက်လိုက်ကာ စကြာပိုဒ်စုံတစ်ပုဒ် သီဖွဲ့ခသည် မဟုတ်ပါလား။

မြောက်ဦးခေတ်လယ်၏ သဘာဝစာဆို အကျော်အမော် ဥက္ကာပျံ၏ လက်ရာများကို လိလာဆန်းစစ်ကြည့်ကြကား ရခိုင်တောတောင်သဘာဝမှာ မျက်ရိပ်ထင်ထင်ပေါ်လွင်လာပါသည်။

'ဟေမန်ကုန်ပြောင်း၊ လတပေါင်းသည်၊ ချမ်းဆောင်နှီကာလ၊ တပေါင်းမင်းလွင်၊ ရွက်ကျင်တောင်လီထက၊ ကြွီကျပင်တကာ၊ ဖူးရစ်နုဆောင်၊ သီကုံးယောင်သို့၊ ခြောက်ရောင်စိမ်းရွှေဖြာလျက်၊ ရှုခီသော်လွမ်းဖွယ်တိ၊ သီးပွင့်တကာ၊ ပင်တိုင်းမှာလျှင်၊ ချိန်ခါ အညီညှိသို့၊ ကြည့်သရှိလွမ်းအောင်ဖန်၊ ရွက်ကျင်ဆွတ်ခြို၊ တပေါင်းလီတိုက်ပြန်က၊ ကုံးသီဟန်ပုံမခြား၊ ညှာစိမ်းရွှေတူ၊ ငွေတူပန်း ကြွက်နားတည်း' ဟု ဆယ့်နှစ်ရာသီရတုတွင် တပေါင်းလကို ဖွဲ့ဆိုထားခပါသည်။

ရခိုင်ပြည်တွင် တပေါင်းလအခါ၌ မုတ်သုန်တောင်လီ ရိုက်ဆော်တိုက်ခတ်လာတတ်ပါသည်။ ရွက်ဟောင်းရွက်ကျင်တောသည် ယင်းအခါ ရွက်ကြွီတောအဖြစ်သို့ ပြောင်းလဲလားပါသည်။ ရွက်ကြွီတောကား လွမ်းစဖွယ်ပါ၊ သို့သော် ဖူးပုရစ်နုထွက်လာ သောအခါ ရွက်ကြွီတောသည် အားသစ်ဆန်းလာပါသည်။ ထိုနုပျို သစ်ဆန်းလာသောတောအလှတွင် ညှာစိမ်းပန်း၊ ရွှေတူပန်း၊ ငွေတူပန်း၊ ကြွက်နားပန်း ဖူးပွင့်လာကေ လှပတင့်တယ်လာပါသည်။ ယင်းရခိုင်နှီအလှကို သဘာဝစာဆိုတော်က ဖော်ပြပါ အတိုင်း အနုစိတ်မှုန်းခြယ်ထား ခပါသည်။

တဖန်စာဆိုတော်သည် 'နဝရတ်မျက်ရံ' ချိပိုဒ်စုံရတုတွင် 'ငေါ ဘိုးခေါင်ပြင်၊ တန်းတင်ရီဆင်း၊ သလင်းကာချ၊ ထုံးအိုင်မနှင့်၊ မြ လည်းမြညို၊ ညိုလည်းနည်းများ၊ ရည်သွာဆန်းကြယ်၊ ပင်လယ်သမုဒ်၊ ထိုမယုတ်တည်း၊ တော်ထုတ်ငင်ယူ၊ ရီတမူလည်း၊ ဖောင်းဖြူလွမ်းထိပ်၊ ရိပ်ကြီးပုထင်၊ သို့သဘင်ကို၊ မြင်ဘိမူသည်၊ မည်သူ လက်မဦးလှာသော်ဝ်' ဟု ငေါဘိုးခေါင်ရိုး တောင်တန်းနန့် ပင်လယ်ပြင်သဘာဝကို ရခိုင်အသိ ရခိုင်ဟန်နန့် ထက်ထက်မြက်မြက် ဖွဲ့ဆိုထားခပါသည်။

'အောက်အာကာဗ္ဗိ၊ ဝါယောထွိ၍၊ လီထက်ကားရီ၊ ရီထက်မြီနှင့်၊ ပထဝီဟူ၊ ထူထူနှစ်သိန်း၊ လေးသောင်းကိန်းထက်၊ ရံထိန်း စကြာဝဠာ၊ ညီစွာဝန်းလည်၊ ကျောက်တိတည်သား၊ လှည့်လည် ပတ်ရစ်၊ သမုဒ်မြစ်မှ၊ တက်သစ်ဖြိုးမျှ၊ ပဒ္မာန္တနတ်၊ တန်းခိုးမြတ်ကြောင့်၊ ရဟတ်နှင့်တင်၊ စက်နှင့်ငင်သို့၊ ကောင်းကင်ကသာ၊ နတ်တေဇာဖြင့်၊ သီတာရိခဲ၊ လှစ်ခွဲတိမ်ကြား၊ ယန္တရားစက်၊ လျှံလက်လည်ဝန်း၊ လှည့်၍ထွန်းသား၊ ရစ်သန်းပြိုးပြောင်၊ ဘယက်ရောင်နှင့်၊ စက်ရောင် လျှံတက်၊ တလက်လက်လင်း၊ တဝင်းဝင်းနှင့် အုန်း အင်းတိုက်မောင်း၊ ရိုက်ခြောင်းပွဲတင်။

ကောင်းကင်အလုံး၊ မည်းမည်းဖုံးမျှ၊ ရွှာလကလျှင်' ဟု မိုးရွာရခြင်း၏သဘောကို သိပ္ပံဆန်ဆန် တင်ပြဖွဲ့ဆိုထားပါသည်။ မြီထုတည်နီပုံ၊ ပင်လယ်ရီခိုးရီငွေ့ကြောင့် မိုးရွာပုံသဘောကို တင်ပြဖွဲ့ဆိုချက်မှာ ခုခေတ်သိပ္ပံသဘောနန့် နီးစပ်လှပါသည်။ ဧပိုင် သိပ္ပံသဘောကို စာဆိုသည် ပင်လယ်ပြင်သဘာဝကြောင့်ရာ ရသည်ဟုဆိုနိုင်ပါသည်။ ပင်လယ်ပြင်ကို မမြင်ဘူးသောဒေသ၌ဆိုလျှင် မိုးတိမ်အချစ်ဖွဲ့၊ အလွမ်းဖွဲ့လောက်နန့်ရာ အချိန်ကုန်ဘဝကုန် ဖွဲ့နွဲ့နီပါ လိမ့်မည်။ အခုမူကား သဘာဝ၏သွန်သင်မှုကြောင့် တိုးတက်သောအတွေးတစ်ရပ်ကို ဖော်ကျူးနိုင်ခ ပါသည်။

ရခိုင်ရိုးတောင်နန့် ရခိုင်ပင်လယ်ကို စာဆိုတော် ဥက္ကာပျံပိုင် အမြတ်တနိုးထားသော စာဆိုတော်များက လည်း နောက်ပိုင်းကာလများပင် ပေါ်ပေါက်ခပါသည်။ ယင်းစာဆိုများအနက် ကင်းဆရာနန့် တန်းခိုးဆရာ ထွန်းရို့မှာ ထင်ရှားသော သဘာဝစာဆိုများ ဖြစ်ကတ်ပါသည်။

တစ်ခါက စာဆိုကြီး ကင်းဆရာသည် မိမိဇာတိချက်ကြွေရမွာ မြိုနန့် ခွဲခွာနီခရပါသည်။ ယင်းစဉ် ရခိုင့်အလှအပ သဘာဝကိုဖွဲ့ကာ ဖြည်သိမ့်ခရပါသည်။ ယင်းအဖွဲ့အနွဲ့တွင် ပါဟိသော ရခိုင်ဟန်တစ်ပါးဖြစ်သော ချိုညက်သိမ်မွိမ့ သဘောမှာ အလွန်ထင်ရှားလှပါသည်။ 'ရှည်လျားကာလ၊ ကျွန်းရမ္မကို၊ တတရှုရှု၊ နှင်းအူအူနှင့်၊ မင်းကူမညင်း၊ မုန်ကင်း တွဲလွဲ၊ တပို့တွဲတွင်၊ လွန်ပွဲမမှီ၊ ရာသီသာမော၊ ကျီးကြက်တောနှင့်၊ ဥသြသံညှင်း၊ အလွန်ပျင်းခဲ့' ဟု ဖွဲ့ဆိုခပါသည်။

ကင်းဆရာ၏ စာဟန်သည် ချိုညက်သိမ်မွိသလောက် ထိမိ လှပါသည်။ ယင်းကြောင့်လည်း ရခိုင်ပြည်သူတို့ အသည်းကို ဆွဲဆောင်နိုင်စွမ်း ဟိခပါသည်။

သာခြင်းစာဆို တန်းခိုးဆရာထွန်းက သတ္တာထာနုသာခြင်းတွင် 'ရဟတ်သမျှ၊ ဝေရမ္မဟု၊ နာမတွင်လိုက်၊ ဝေါဟာမည်ကေ၊ လီနှင့်တိုက်ကာ၊ ရီမြစ်သမုဒ္ဒရာ၊ ယမုံနာနှင့်၊ ဂင်္ဂါမည်တွင်၊ မြစ် ပင်လယ်မှာ၊ ရီရဟတ်ကို၊ လီဓာတ် ငင်က၊ ကောင်းကင်တိမ်တိုက်၊ မှိုင်းမှိုင်းမှုန်မှုန်၊ မိုးရိပ်ချုံပျာ၊ အကုန်မိုက်လို့၊ လျှပ်စစ်ပြက်ကာ၊ လီလျှင်လိုက်လို့၊ တော်ရိုက်လာသော်၊ သီတာတရိုး၊ ကျွတ်ကျွတ်ဆူကေ၊ ယက်ဖြူမိုးလို့' ဟု ဖွဲ့နွဲ့ထားခပါသည်။

စာဆိုသည် မုတ်သုန်မုန်တိုင်း ကျနီသော ရခိုင်ပင်လယ်ပြင်ကို မြင်ဖူးတွိဖူးပေမည်။ ယင်းအမြင် ယင်းအတွေ့ကို ဤသာခြင်း၌ ထည့်ဆိုထားပါသည်။ ရခိုင့်ခံစားချက်တစ်ရပ်ကို သာခြင်းကဗျာနန့် ဖွဲ့နွဲ့ထားခြင်းပင် ဖြစ်ပါသည်။ စာဆိုသည် ပင်လယ်ပြင်၏ အကြမ်းလှကိုရာ ဖွဲ့ကသည်မဟုတ်၊ အလွမ်းလှကိုလည်း တစ်မျိုး တစ်ဖုံ သီဖွဲ့ထားခပါသီ၏။ ဓမ္မဝိဇယသာခြင်းတွင် ဖွဲ့ဆိုထားခခြင်း ဖြစ်ပါသည်။

'သည်းတွင်မယေကြွီလု၊ လေးမျက်နှာကို၊ မယ်မျှော်ရှုက၊ ဝမ်းနုဝမ်းပါး၊ ဒီလှိုင်းသံလေ၊ ညံဂယက်ကေ၊ ယက်သော သောနန့်၊ အုံ့ဩစဖွယ်၊ အပြောကျယ်ကေ၊ ပင်လယ်နဒီ၊ လှိုင်းချီချီနန့်၊ မှိုင်းရီပျပျ၊ တမြမြကေ၊ ကမ်းစမမြင်၊ သျှစ်ခွင်တိုင်း က၊ မှိုင်းမှုန်ဆင်ပျာ၊ မင်းလွင်ဝိုင်းအုံ၊ မြူခိုးချုံကေ၊ အမွှုန်ဆော်နှိုး၊ ရီလဟာလေ၊ သီဒါရိုးမှာ၊ မိုးသံလီသံ၊ လှိုင်းဂယက်ကေ၊ ယက်တက်သံနှင့်၊ တော်သံလည်းကျူး၊ ဝါယောမည်လေ၊ တောင်လီဖြူးလို့၊ မျှော်ရှုတိုင်းပင်၊ ဘော်ကွဲသူရို့၊ ပူလို့ ကျွမ်းအောင်၊ လွမ်းမှုဆင်ရေ' ဟု ဖွဲ့သီထားပါသည်။

ဤအဖွဲ့မှာ ရခိုင်ပင်လယ်သဘာဝ အလှအပကို ဖွဲ့ဆိုထားခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ စုန်လီ တိုက်ခတ်လာကေ ဟိမန္တာမှ အဇရောက်လာပါသည်။ ရခိုင်တောတောင်၊ ရခိုင်ချောင်းမြစ် ပင်လယ်အားလုံး တစိမ့်စိမ့်ချမ်းလာကတ်ပါသည်။ ပင်လယ်ပြင်မှာ အယင်ကပိုင် မာန်မုန်မထန်ဘဲ သာသာယာယာ ဟိနီပါယာ၊ မုတ်သုန်မာန်လှိုင်း မဟုတ်ဘဲ၊ ယက်လှိုင်းယှေရာ တဖျတ်ဖျတ် ရိုက်ခတ်နီကတ်ပါသည်။ ခပ်သိမ်းမြစ်ခွင် ပင်လယ်ပြင် မှာလည်း မင်းလွင် မြူခိုး ချုံလွှမ်းလျက် ဟိနီပါသည်။ ယင်းပိုင် ဆောင်းအလွမ်းလှကို စာဆိုက ပဖာမင်းသမီး အလွမ်းဖွဲ့၌ ဖွဲ့ဆိုထားလိုက်ရာ ပိုမိုရသမြောက်လားပါသည်။

အခုခေတ်သစ်တွင် အထူးသဖြင့် ၂၀ရာစုအလယ်ပိုင်း တစ်ဝိုက်တွင် ရခိုင်ကဗျာဆရာရို့သည်

ရခိုင်သဘာဝကို ကြည်နူးသာယာရုံရာမက ချီးကျူးရုံရာမက ကြည်ညိုဦးညွတ်ခကတ်ပါသည်။ ရန်ကုန်တက္ကသိုလ် ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ ဓညဝတီမဂ္ဂဇင်းနန့် ရခိုင်ပြည်မှ ထုတ်ဝေသော စာစောင်များရို့တွင် လက်လှမ်းမှီသလောက် လိလာကြည့်ကေ အောက်ပါအတိုင်း တွိဟိရပါသည်။

တက္ကသိုလ်ဓူဝံက ‘မောင်တို့ ရခိုင်ပြည်’ကဗျာတွင် ရခိုင်သဘာဝကို ကြည်ညိုစွာ ဦးညွတ်ကာ ဖွဲ့ဆိုထား ပါသည်။ ယင်း ကဗျာဖြင့် အဘရခိုင်အား ဦးညွတ်ကြောင်းကို ကဗျာသျှင်ကိုယ်တိုင် ပွင့်ပွင့်လင်းလင်း ဖော်ညွှန်းခ ပါသည်။

‘မောင်တို့နီသည် ရခိုင်ပြည်တည့်၊ ရှိဆီတခွင်၊ မြို့အပြင်ဝယ်၊ ဝေဟင်မြင့်ခေါင်၊ ရိုးမတောင်ကား၊ မြရောင် ဆိုင်းဆိုင်း၊ ပြိုင်းရရိုင်းတည့်’ ဟု လည်းကောင်း၊ ‘မောင်တို့နီသည်၊ ရခိုင်ပြည်တည့်၊ နောင်ဆီတခွင်၊ ပင်လယ်ပြင်ဝယ်၊ ရီယဉ်ပြည့်အီး၊ လှိုင်းဖွီးဖွီးနှင့်၊ ပြီးသည်ဂယက်၊ ဝီပွက်ပွက်တည့်၊ ဖြားတက်ဖြားကျ၊ သောင်ကမ်းစလည်း၊ လွလွဖြူရိပ်၊ ရွှေရောင်ဖိတ်လျက်’ ဟုလည်းကောင်း ဖွဲ့ဆိုထားခပါသည်။ ရခိုင်တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၂) စာမျက်နှာ (၆၈)။

ဆရာအောင်စုံ၏ ‘မိခင်အား ပန်ကြားချက်’ ကဗျာမှာ ရခိုင် သဘာဝကို အမိသဖွယ် ကြည်ညိုကြကြောင်း တင်ပြချက်ပင် ဖြစ် သည်ဟု ဆိုသင့်ပပါသည်။ (ရခိုင့်တန်ဆောင်မဂ္ဂဇင်း အတွဲ(၁) အမှတ်(၃) အဖွင့်ကဗျာ)

‘ကြံ့ကြံ့တိုင်း၍၊ ------- ဆိုင်းဆိုင်းဆင့်ဆင့်၊ မိုးသို့စွင့်သား၊ မားမြင့်မှိုင်းမြ၊ ဤရိုးမကား၊ ဌာနသာစည်၊ ငါ့မိပြည်၏၊ ခန့်ထည်ဝင့်ကြွား၊ စွမ်းခွန်အားတည်း။ မြမြမောင်း၍----ခနောင်းဖွဲ့ရစ်၊ ဆယ့်နှစ်အုံ့ဖွယ်၊ အပြောကျယ် သား၊ ရစ်သွယ်ပိုက်တုပ်၊ မြသမုဒ်မှာ၊ ငါမာတာ၏၊ နက်စွာဂမ္ဘီ၊ ပညာဆိုတည်း။ လွလွဖွီး၍--- ညစ်ကျိုးမဆာ၊ သောင်ငွေ ယံကား၊ စံဘက်လွတ်ကင်း၊ သတင်းလှိုင်ပျံ၊ ကြိုင်သံကြည်ရှား၊ ငါမယ်ဘွား၏၊ တရားခက်ဝီ၊ ကျက်သရီ တည်း’ ဟု ရခိုင်သဘာဝ၏အနှစ်သာရကို ဖော်ထုတ်ဂုဏ်တင်ထားပါသည်။ ရခိုင်သဘာဝမိခင်အား ကြည်ညိုပူဇော် ထားပါသည်။

ကဗျာဆရာမင်းညိုက ‘ရခိုင်တန်ဆောင်’တွင် ရခိုင်သဘာဝ၏သတ္တိကို ဂုဏ်ဖော်ထားပါသည်။ (ရခိုင် တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၄)၊ စာမျက်နှာ (၈)။

‘ငါ၏ခန္ဓာ၊ ကြံ့ခိုင်စွာဖြင့်၊ ပေါ်လာတိုင်းခြား၊ ရန်သေးမားကို၊ မားမားမတ်မတ်၊ ခံတပ်ကတုတ်၊ ရင်ဖြင့်လုပ် လျက်၊ မဆုတ်မနစ်၊ တွန်းပစ်ဖြိုလှန်၊ အတန်တန်တည့်၊ အဏ္ဏဝါနှယ်၊ နက်လှိုးကျယ်လည်း၊ သွယ်သွယ်ဖန်ဖန်၊ တပါးရန်ကို၊ မကျန်သုတ်သင်၊ မောင့်စွမ်းအင်ကို၊ တိုင်းခွင်အနှံ့ ကြားစီလွှံ့ခဲ့’ ဟု သီဖွဲ့ထားပါသည်။ ရခိုင်သဘာဝ၊ ရခိုင်ဘဝက ပီးအပ်၍ ရဟိလာသော ရခိုင့်သတ္တိ၊ ရခိုင့်ဇာနည်စိတ်ဖြင့် ကဗျာသီဖွဲ့ထားခြင်းပင် ဖြစ်ပါသည်။

နောက်သံတွဲမောင်သင်းမွန်နန့် စစ်တွေစောနောင်ရို့ကကား ရခိုင့်သဘာဝကို ချီးကျူးဖွဲ့ဆိုခကတ်ပါသည်။ မောင်သင်းမွန်ကက သူ၏‘ငွေသောင်ကမ်းမှ’ ကဗျာများတွင် ‘ပုန်းညက်ဝီဆိုင်း၊ ညိုပြာမှိုင်း၍၊ ငွေလှိုင်းတေးသံ၊ ချိုမြ လျှံသော၊ ကမ်းယံသောင်ခြေ၊ ပုလဲမြေသို့၊ စိတ်ပြေလက်ပျောက်၊ အလည်ရောက်စဉ်၊ တစ်ယောက်သောသူ၊ ကျွန်ုပ်မူကား၊ ဖြူပြာဝါနု၊ အစုစုသော၊ ခရုဂုံးခွံ၊ လှရာမွန်ကို’ဟု ရခိုင်ပင်လယ်သောင်ကမ်း၏ အလှအပကိုဖွဲ့ဆိုထား ပါသည်။ (ရခိုင့် တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ် (၈)၊ စာမျက်နှာ (၁၃)။

စောနောင်ကလည်း နွေမိုးဆောင်း ရတုသုံးပါးတွင် ရခိုင်ပုလဲ သောင်ကမ်းသာယာပုံ၊ လှပပုံ၊ လှုပ်ယှားပုံရှိ့ကို သီကျူးခပါသည်။ သူ၏ 'ပုလဲသောင်'ကဗျာတွင် 'ပင်လယ်ဖြားရီပြည့်ပြည့်ပုန်း၊ လှိုင်းရိုက်သံချို တဖြုန်းဖြုန်း၊ နီလုံးမဝင့်တဝင်၊ ဆည်းဆာတွင် သောင်ပြင်ပင်လယ်ကမ်း၊ ရွှေရည်လျှမ်း' ဟု နွှီရတု၏ညဆည်းဆာ ချိန် ရခိုင်ပုလဲ သောင် အလှကို ရခိုင့်ခံစားချက်အတိုင်း၊ ရခိုင်ကဗျာ ပုံသဏ္ဌာန်ဖြင့်၊ ဖွဲ့ဆိုထား၍ ခုခေတ်ရခိုင်သဘာဝအဖွဲ့များ အနက် ရခိုင်ပီသသော လက်ရာကောင်းတစ်ပုဒ်ပင်ဟု ဆိုနိုင်ပါသည်။ သူ၏ 'ကြောင်လိမ်လှေကားကဗျာ' စာအုပ်တွင်ပါဝင်သော 'ယာဉ်းလွဲစင်နှင့် လက်ခုပ်သံ' ကဗျာစုမှာ ရခိုင်ကဗျာပင် ဖြစ်ပါသည်။

မောင်ကောက်စံ (ရခိုင်ပြည်)ကကား 'ရိုးတောင်မပြိုပါစီနှင့်' ကဗျာတွင် ဖောက်ပြန်သူအချို့ရို့၏ ဖောက်ပြန်သော အတွေးအခေါ်တိကို ဝီဖန်ထားပါသည်။ ဖောက်ပြန်သူရို့သည် ရခိုင်ဗီဇ၊ ရခိုင်သဘာဝ၊ ရခိုင်ရုပ်ဘဝကို နားမလည်၊ သူရို့ စိတ်ကူးလည်ကာ ဘောင်ချော်တိုင်း စခန်းချော်တိုင်း ရခိုင်ကို ပုံအမျိုးမျိုး ညွှန်းချင်ကတ်ပါသည်။ ယျေဘုယျအားဖြင့် ရခိုင်အတိုင်း သူရို့ဖြစ်သင့်ပါလျက် သူရို့အတိုင်း ရခိုင်ဖြစ်လာအောင် ကြိုးစားချင်ကတ်ပါသည်။ သူရို့ ကြိုးစားချက် အချည်းနှီးဖြစ်လာကေ ရခိုင်ကို အပြစ်ဆိုတတ်ကတ်ပါသည်။ ရခိုင်ကို ဖျပ်လို့ဖျက်ဆီး ကြံစည်လာတတ်ကတ်ပါသည်။ ဤအဖြစ် ဤအလုပ်မျိုးကို ရခိုင်တိုင်း မခံနိုင်၊ ရခိုင်ထဲမှ ရခိုင်တစ်ဦးဖြစ်သူ မောင်ကောက်စံကား သူ့ခံပြင်းချက်ကို ဤကဗျာဖြင့် တင်ပြခပါသည်။ ရခိုင်သဘာဝကို ရခိုင်ကို အကျိုးပြုပါသည်။ ရခိုင့်သဘာဝကြောင့်ရာ ရခိုင်ထင်ရှားပါသည်ဟု ဆိုထားပါသည်။ ရခိုင့်သဘာဝပျက်ကေ ရခိုင်ပြည်ပျက်ရဖို့ပင်ဟု တင်ပြထားပါသည်။ (ရိုးလှသန္တာကဗျာများ (၁၉၆၈-၁၉၆၉)စာမျက်နှာ (၂၁၊ ၂၂၊ ၂၃)

'တို့တိုင်းပြည်လျှင်၊ တောင်စဉ်တောင်ရိုး၊ တောင်ကိုကိုးပြီး၊ တောင်ခိုးတောင်ငွဲ၊ ပင်လယ်ငွဲဖြင့်၊ ယနိကြီးပွားနီပါသည်။ ရိုးတောင်ရိုးကို ရီခိုးငွဲတိုက်၊ မိုးရွာလိုက်၍၊ မြို့ရွာစပါးစိုက်နိုင်၏၊ ပင်လယ်ပြင်ထက်၊ ရီငွဲတက်၍၊ မိုးစက်ရွာသွန်းစီနိုင်၏၊ ပင်လယ်ခြောက်ခန်း၊ တောင်တန်းပြိုပျက်၊ ထိုနိရက်တွင်၊ မိုးစက်မဖြာ၊ ထိုမြီယာသည်၊ ပျက်စီးမည်တည့်။ တိုင်းပြည်စီးပွား၊ စပါးဇာမှာ စိုက်နိုင်ရာသိမ့်၊ ပြည်ရွာပျက်ကိန်း ကြုံချိမ့်မည်' ဟု သီဖွဲ့ထားပါသည်။ ဖောက်ပြန်သူရို့ကို အကျိုးပြုဝီဖန်ထောက်ပြကာ၊ ရခိုင်သဘာဝ၏ ကျေးဇူးတရားကို တင်ပြထားပါသည်။

အကယောင်းပင်၊ ရခိုင်သဘာဝသည် လှပတင့်တယ်ပါသည်။ တည်ငြိမ်ခမ်းနားပါသည်။ နက်နဲသိမ်မွိပါသည်။ တက်ကြွရွှင် လန်းပါသည်။ ယင်းတွင်မက ရခိုင်သဘာဝကား ကုံလုံပြည့်ဝစွာ ရခိုင်ပီသပါသည်။ ရခိုင်ကို ဖွားသန့်စင် ပီးသော ရခိုင်အမိ ရခိုင်အဘဖြစ်ပါသည်။ ရခိုင့်ရတနာသုံးပါး၊ ရခိုင့်အနန္တေအနန္တငါးပါး ဖြစ်ပါသည်။ ရခိုင်စိတ် အပေါင်းကို ပီးစွမ်းနိုင်သော ရခိုင်ရုပ်တရားကြီးပင် ဖြစ်ပါသည်။ ယင်းကြောင့် ငါရို့သည် ရခိုင်သဘာဝကို ကြည်ညိုစွာ ဆည်းကပ်ရမည်၊ ဂုဏ်ဖော်ရမည်၊ ရခိုင်ထဲက ရခိုင်တစ်ဦး ဖြစ်အောင် မြှုပ်နှံရမည် ဖြစ်ပါသည်။

## ပြည်သူ့ကဗျာများ

ပြည်သူ့ကဗျာဟူသည် ပြည်သူ့အကြောင်းကို သီဖွဲ့သော ကဗျာဖြစ်ပါသည်။ ပြည်သူရို့တောင်းဆိုချက် (ဝါ) တိုင်းပြည်၏ရုပ်ဘဝတောင်းဆိုချက်ကို အသံအဆင်တန်ဆာ၊ အနက်အဆင် တန်ဆာရို့နန့်ဖွဲ့ဆိုသော ကဗျာဖြစ်ပါသည်။

ပြည်သူဆိုသည်မှာလည်း စံစားသော အတန်းအလွှာ၊ ဖောက်ပြန်သော အတန်းအလွှာရို့ကိုပယ်၍ တိုင်းပြည် အကျိုးကို ဆောင်ရွက်သော၊ ကျယ်ဝန်းသောလူထုကို ဆိုလိုသည်ဟု ယူဆကတ်ပါ သည်။ ယင်းပြည်သူ၏ ခံစားချက်၊ တွေးခေါ်ချက်၊ တောင်းဆိုချက်ရို့ကို ဖော်ကျူးသီဖွဲ့ကေ (ဝါ) တိုင်းပြည်၏ ရုပ်ဘဝအကြောင်းကို ဖော်ကျူးသီဖွဲ့ကေ ယင်းအဖွဲ့အနွဲ့သည် ရုပ်ကျသောကြောင့် ပြည်သူ့ကဗျာဖြစ်လာပါသည်။ ပြည်သူကို ကိုယ်စားပြု သောကဗျာ၊ ပြည်သူပိုင်ဆိုင်သောကဗျာ ဖြစ်လာသည်ဟု ယူဆကတ်ပါ သည်။

၁၆ရာစုခေတ်တွင် ပေါ်ပေါက်ခသော သဘာဝစာဆိုကြီး ဥက္ကာပျံသည် ဆယ့်နှစ်ရာသီဖွဲ့ရတုကို ဖွဲ့ဆိုခပါ သည်။ နယုန်လဘွဲ့နန့် တော်သလင်းလဘွဲ့တွင် လယ်သမားဘဝကို ဖွဲ့ဆိုထားခပါသည်။ ၁၉-ရာစုခေတ် သာချင်း စာဆိုကြီး တန်ခိုးဆရာထွန်းကလည်း လယ်သမားဘဝကို ဆယ့်နှစ်ရာသီရတုတွင် သီဖွဲ့ထားခပါသည်။ လယ်သမား သည် ရခိုင်ပြည်တွင် အရီအတွက်အများဆုံး၊ အနိမ့်ကျဆုံး၊ အဖိနှိပ်ခံရဆုံး လူတန်းစား ဖြစ်ပါသည်။ ခေတ် အဆက်ဆက်တွင် အောက်ခြေခံကနီကာ ရခိုင်လူ့အဖွဲ့အစည်းကို ထမ်းဆောင်ထားခပါသည်။ သို့သော် ယင်းအခြေခံ လူတန်းစားကို ဂရုစိုက်သူ ယှားပါးလှပါသည်။ နန်းတွင်းစာဆိုကြီး ဥက္ကာပျံကမူကား ရခိုင်လယ်သမားဘွဲ့ကို ကောင်းစွာ သီဖွဲ့ခပါသည်။ နယုန်လဘွဲ့တွင် ‘ပေါ်ဆန်းပြန် နယုန်လ၊ သမုဒ်ရီငင်၊ တောင်လီတင်၍၊ ကောင်းကင် မှိုင်းဝီမျှတည့်၊ သွန်းဆင်းကျရွာပြန်လှာ၊ သောင်းဇမ္ဗူဝယ် သျှင်လူမျိုး လေးဖြာရို့၊ ထွန်သွားရှာ ကျွဲနွားတပ်၊ လယ်ချောင်း တောတောင်လုပ်ဆောင်မျိုးချလတ်က၊ ဆွတ်ဆွတ်ပူလောင်ဝီ၊ ကျီးငှက်သပြင်း၊ မြီမှာနင်းလို့၊ မိနောက်ပျံလိုက်သည်တည့်။ ဘယသာကေတူတကွ၊ တောင်ချင်းချုံကာ၊ ဖော်စုံပျံမြူးကြ၏’ ဟုလည်းကောင်း၊ တော်သလင်းလဘွဲ့တွင် ‘ကောက်သီးဝင်းဝင်း၊ တော်သလင်းသည်၊ လွမ်းတင်း ဖို့ရာမြင်မိ၊ ကိုင်းတစ်ခွင်အလုပ်သား၊ အသီးကောက်ပင်၊ မွမ်းဖျင်သားမယားနယ့်’ ဟု လည်းကောင်း ဖြစ်ပါသည်။ (ဆရာထွန်း၏ ဆယ့်နှစ်ရာသီရတု အကြောင်းကို ကြားဖူးပါသည်။ ပျောက်ဆုံးနီသဖြင့် မတင်ပြလိုက်နိုင်ပါ။

ဥက္ကါအဲ၊ ထာမရာဘွဲ့၊ ပိုးဝါဘွဲ့၊ ပဲယာသူဘွဲ့ရို့တွင်လည်း လယ်သမားအကြောင်း သီဖွဲ့ထားချက်အများကို တွိဟိရပါသည်။ ဥက္ကာအဲတွင်-

‘ယာသည်သားကား၊ ယာသားတသွယ်၊ ယာတောင်ထက်မှာ၊ ပျော်ပါသည်ကား။ ယာခင်းထက်မှာ၊ အခြီ တန်းတင်၊ ခင်ကိုလည်းငင်၊ ကျူးရို့ပင်ဟု၊ ကောက်မှည့်ရဲရဲ၊ ကျီးသဲသံနှင့်၊ ကျီးနီဝါဝါ၊ သံတျာတျာနှင့်၊ ခြည်ခေါင်း မြိုင်မြိုင်၊ ယာတောင် ထက်မှာ ကပ္ပျာပြိုင်ရို့။ ကြက်မောက်ပန်းနှင့်၊ ဒန်းပန်းအပြည့်၊ နားဝယ်တွဲရို့၊ တွဲလင်းမာယာ၊ ကပ္ပျာသံဆင့်၊ တယင့်ယင့် ကို၊ ဆိုရို့ပင်ဇာ၊ ယာသီလာမှာ၊ ပျော်ပါသည်ကို၊ မြင်လတ်မေလေ’။

‘အရာတင့်တယ်၊ လယ်သည်သားသည်၊ လယ်သားတသွယ်၊ လယ်ဇင်းခါမှာ၊ မြင်လတ်တေလေ၊ ရမနီ ထမ်းပိုး၊ သျှော်နီကြိုးနှင့်၊ နွားနှစ်ကောင်ကို၊ ယှဉ်းချင်းတပ်ရို့၊ အဆောအလျင်၊ လယ်သည်သားမှာ၊ နွားကိုနှင်ရို့၊ ရတုကြုံကြုံ၊ လယ်သည်များမှာ၊ လယ်ကို ထွန်ရို့၊ မြင်လတ်မေလေ’ ဟူ၍ ဖွဲ့ဆိုထားပါသည်။ လယ်သမား ဘဝ၊ ယာသမားဘဝရို့ကို တစိတစောင်း တင်ပြထားခြင်း ဖြစ်ပါသည်။

ရခိုင်မင်းဆက်ပြတ်ပြီးနောက် ရခိုင်တစ်မျိုးလုံး ထွားထွားပျက်၍ မြူမှုံပြာမှုံလွင့်သကဲ့သို့ လွင့်ပါးခကတ်ရ ပါသည်။ ဗြိတိသျှလက်အောက် ရောက်ပြန်လာသော် ရခိုင်တစ်မျိုးသားလုံး အိပ်မောကျပါလားပါသည်။

ယင်းအချိန်တွင် ပြည်သူ့ဘက်တော်သား တော်လှန်ရေးခေါင်းဆောင်ကြီးများ ပေါ်ပေါက်လာကတ်ပါသည်။ မင်းသားကြီးရွှေပန်း ဒေးဝန်ကြီး အောင်ကျော်ရှီ၊ မြို့သူကြီး အောင်ကျော်ဇံစသူရို့ပင် ဖြစ်ပါသည်။ ဤခေါင်းဆောင်ကြီး သုံးဦးကား တော်လှန်ရီး စာဆိုတော်များ ဖြစ်ကတ်ပါသည်။ ပြည်သူ့ စာဆိုတော်များဟုလည်း ဆိုသင့်ပါသည်။

၁၉၄၈-ခု၊ လွတ်လပ်ရီးရပြီးနောက်တွင်ကား ထူးထူးခြားခြား လှိုခြင်းသံချပ်တစ်ခု ပေါ်လာပါသည်။ ယင်း သံချပ်မှာ သမရိုးကျ သံချပ်မျိုး မဟုတ်ပါ။ ပြည်သူရို့ အဖိနှိပ်ခံရပုံ၊ အညှင်းဆဲခံရပုံကို တင်ပြထားသော ပြည်သူ့ကဗျာ တစ်ပုဒ်ပင် ဖြစ်ပါသည်။

'ပြည်ရခိုင်မှာ လူအများ၊ သောကအိုးနှင့် ပြောမကုန်၊ ကမ်းကုန်ယမ်းကုန် လုံးစုံမိုက်၊ ဓားပြတိုက်လို့ ပြောင်ပြောင်စင်၊ ရွှေ ငွေလုံးစုံအားလုံးပျောက်၊ မောင်ကောင်းလောက်နှင့် သုံးစွဲကာ၊ သုခချမ်းသာ ဇာမဟိ၊ ဆားငပိနှင့် မတုံးရှည်၊ ငါးခြောက်ဝယ်လို့ စားသောက်ရ၊ ရွှေစငွေစ အားလုံးစင်၊ စပါးခြင်လို့ အရောင်းလား၊ စစ်သားများနှင့် ဘမ်းလို့ယူ၊ စိတ်ပူပူနှင့် ငွေကကိုပေး၊ ဘုတ်နှင့် ဆွဲလို့လိုက်ပို့ပြန်၊ ပါကစ္စတန် ပိုင်နက်ရောက်၊ ကာဆိန်းအကောက် လေးဆယ်ကျော်၊ ပြောက်ကျားဗိုလ်က ချယ်ယာတောင်း၊ ထက် အောက်ပေါင်းက နှစ်ဆယ်ပါ၊ ကူလီခနှင့် လယ်ခပေး၊ ငွေအနည်း ငယ်လက်မှာတင်၊ ဖွဲ့ပွဲဝင်လို့ အတင်းထိုး၊ အရင်း အတိုးပြောင်ပြောင်ကုန်၊ ရင်တုန်တုန်နှင့် အိမ်ပြန်ရောက်၊ စပါးကောက်လို့ အကြွေးဝယ်၊ အဝယ်တော်ကို လိုက်ပျာလား၊ ပါစပါးကို အားလုံးခြင်၊ တောင်းတစ်ရာလျှင် ဆယ်ကျော်ပျောက်၊ ငွေမလောက်လို့ ဆိုင်းငံ့သော်၊ တစ်လကျော်ကျော် ငွေမရ၊ စားစရိတ် ကကြီးပြန်လာ၊ လူထုများစွာ ဒုက္ခဆိုက်၊ အပူတိုက်နှင့် မကင်းချေ၊ စိတ်ပျော်စရာဇာမဟိ၊ သောကကြီးလို့ လူများသီ၊ အခုခေတ်မှာလူအများ၊ သတိထားဖို့လှိုခြင်း ဆို' ဟုသီဖွဲ့ထားပါသည်။ ရခိုင်ပြည်သူအကြောင်း ကို သီဖွဲ့ထားသော ယှားယှားပါးပါးသံချိတစ်ပုဒ်ပင် ဖြစ်ပါသည်။

ထို့ပြင် ယာဉ်းသာခြင်းများ၊ ပြည်သူ့အရွှေ့များမှာလည်း ပြည်သူ့ဘဝ၊ ပြည်သူ့စိတ်ဓာတ်ရို့ကို တင်ပြထားသည်ကို တွိဟိနိုင်ပါသည်။ ယင်းသာခြင်းများ၊ ယင်းအရွှေ့များရို့တွင် ပြည်သူ့ ကဗျာမြောက်သော ကဗျာအများအပြားပင် တွိရပါသည်။ 'မင်္ဂလာယေရိုင်ရိုင်' ချီ ပြည်သူ့အရွှေ့မှာ ကျွဲကျောင်းသားဘဝကို ဖော်ပြသော ပြည်သူ့ကဗျာပင် ဖြစ်ပါ သည်။

ယင်းနောက် ဆက်လျှောက်လိလာကေ မောက်ကောက်စံ (ရခိုင်ပြည်)၏ 'ညီပေါက်သျှောကဗျာများ' ကို တွိဟိရပါ သည်။ ယင်းကဗျာများသည် အပုသျှောချော့ကဗျာများပင် ဖြစ်ပါသည်။ အပုယေ့ရို့၏ မျိုးချစ်စိတ်၊ ပြည်ချစ်စိတ်ရို့ကို ဖွံ့ဖြိုးစီသော ကဗျာများပင် ဖြစ်ပါသည်။ မျိုးချစ်ပြည်ချစ်ကဗျာများဟု မော်ကွန်းတင်ထိုက်ပါသည်။

မျက်မှောက်ကာလတွင် ရခိုင်ပြည်၊ ရခိုင်အမျိုးသားရို့ဘက်က ရပ်တည်သော ကဗျာဆရာ၊ စာရီးဆရာ ကောင်းကောင်းယှား ပါးနီသည်ကို ပြက်ပြက်ထင်ထင် တွိဟိရပါသည်။ ရခိုင်ပြည်သူရို့ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သမိုင်းဆက်ဖြတ်ကာလွဲကာ၊ စာပီဘောင်ဖြတ်ကာ လွဲကာ စော် ကားတိုက်ခိုက်နီသော စာပီသမား၊ ကဗျာသမားများကိုရာ တွိနီရပါသည်။ ထိုဆယ်နှစ်အလွန် ၁၉၅၇-၅၈ ကာလလောက်ကအား ကြီးသဲကတ်ပါသည်။ ယင်းခေတ်ကို ဝီဖန်ထားသော ကဗျာစာညွှန်း အများအပြား

ပေါ်ပေါက်ဖူးပါသည်။ ရခိုင့်တန်ဆောင်မဂ္ဂဇင်း အတွဲ(၂) အမှတ်(၁) (၁၉၆၂-၆၃)စာမျက်နှာ (    ) မောင်တန်ရှင်က သူ၏ 'ရခိုင်တည်တံ့ရိုးသို့' ကဗျာတွင် ခေတ် သရုပ်ကို ဖော်ထုတ်ဝီဖန် ထားခပါသည်။ ယင်းကဗျာ၏ ပဉ္စမအပိုဒ်၌-

'ရက္ခမဏ္ဍိုင်၊ ယိမ်းယိုင်ကြာညောင်း၊ နှစ်ပေါင်းနှစ်ရာ၊ ပြည့်သာသာကို၊ ပညာသတိ၊ နက်နဲသိ၍၊ ပြည်မိပြည်ဘ၊ ပီသခေါင်း ဆောင်၊ 'ငါ' မထောင်ဘဲ၊ တန်ဆောင်ထိန်ရှူး၊ လမ်းပြမှူးလျက်၊ ပျိုလူးနှံ့ပြယ်၊ ရခိုင်ငယ်ကို၊ မျိုးနွယ်စိတ်ဓာတ်၊ ခိုင်မတ်စာပီ၊ အမွီအနှ၊ ယဉ်ကျေးမှုကို၊ ပြုစုထုတ်ဘော်၊ ပီးအပ်သော်မှ၊ မမျှော်ရှိနောက်၊ ကိုယ့်ဦးနှောက်နှင့်၊ ကျောက်တိ ရိုးတောင်၊ လက်ရုံးထောင်၍၊ မာခေါင်စွဲမြဲ၊ လှိုင်းလုံးဖွဲ့နှင့်၊ မလွဲအောင်နိုင်၊ ဘရခိုင်ကို၊ ခိုင်ခိုင်စိုက်ထူ၊ လူလူအညွှန့်၊ ပွားစည်ပြန့်သည်၊ အဓွန့်တာရှည်လိမ့် သတည်း' ဟူ၍ သီဖွဲ့ထားပါသည်။

ယနိရခိုင်ပြည်သူလူထုသည်မိမိရို့၏ ငရဲတွင်းဆုံးကျနီသော ဘဝကို ရုပ်ကျကျ ဘဝမှန်မှန် ဖော်ထုတ်ပီး ကတ်ဖို့ကို တောင်းဆိုလျက် ဟိနိကတ်ပါသည်။ ယင်းပိုင်ဖော်ထုတ်ရာတွင် စာပီဘောင်နန့် သမိုင်းဆက်ကို ဂရုစိုက်သင့်ပါသည်။

ယနိရခိုင်ပြည်သူရို့ဘဝကား နွားကွဲကျားကိုက်ခံရသည်ထက် ဆိုးသည်။ ဥကွဲသိုက်ပျက်သည်ထက် ဆိုး၏။ ဖောင်ပျက်ဝါး ဖောင်ပြိုဝါးအဖြစ်ထက်လည်း ဆိုးသည်၊ သမိုင်းအဆက်ပြတ်၍ ဘောင်လွတ်လျက်ဟိနီပါသည်။ ကိုလိုနီ ကျွန်ဒဏ်၊ ဒုတိယကမ္ဘာစစ်ဒဏ်၊ ပြည်တွင်းစစ်ဒဏ်ကို အလူးအလိမ့်ခံစားလျက် ဟိနိရပါသည်။ လူရုပ် မပေါက်၊ သူရုပ်မပေါက်ပင် ဤအဖြစ်ဆိုး သနစ်ဆိုးရို့ကို ဖော်ထုတ်ရီးဖွဲ့ပီးဖို့အတွက် ပြည်သူ့စာပီများ ပေါ်ပေါက် ရီးကို စောင့်စားလျက်ပင် ဟိနီကတ်ပါသည်။

## ကဗျာသစ်များ

တိုးတက်ဆန်းသစ်သော ကဗျာကို ကဗျာသစ်ဟု သတ်မှတ်ထားကတ်ပါသည်။ ကဗျာတွင် ပုံသဏ္ဌာန်နှင့် အကြောင်းအရာဟု နှစ်မျိုးပါဝင်ပါသည်။ ဧပိုင်ဆိုကေ ပုံသဏ္ဌာန်သစ်ဆန်းကေ ကဗျာသစ်လော၊ အကြောင်းအရာ တိုးတက်သစ်ဆန်းကေ ကဗျာသစ်လော၊ ပုံသဏ္ဌာန်သစ်ဆန်းရုံနန့် ကဗျာသစ်ဟု မသတ်မှတ်ကတ်ပါ။ အကြောင်းအရာ တိုးတက်သစ်ဆန်းကေလည်းကောင်း၊ ပုံသဏ္ဌာန်ရော အကြောင်းအရာပါ တိုးတက်သစ်ဆန်းကေ လည်းကောင်း ကဗျာသစ်ဟု သတ်မှတ်ကတ်ပါသည်။

ယင်းပိုင်ဆိုကေ တိုးတက်သည်၊ သစ်ဆန်းသည်ဟူသည်ကို ဇာသို့ စဉ်းစားရဖို့လဲ၊ အများကို ကိုယ်စားပြုကာ ရုပ်ကျကျ သိပ္ပံ နည်းကျကျ စဉ်းစားတွေးခေါ်ခြင်း ပြောဆိုပြုမူခြင်း၊ လုပ်ကိုင် ဆောင်ရွက်ခြင်းရို့ကို 'တိုးတက်ခြင်း' ဟု အများကလက်ခံထား ကတ်ပါသည်။ ရုပ်ကျကျ သိပ္ပံနည်းကျကျတည်ထွင်ခြင်းကို 'သစ်ဆန်းခြင်း' ဟု အများက သတ်မှတ်ထားကတ်ပါသည်။ ယင်းကြောင့် တိုးတက်ခြင်းလက္ခဏာ၊ သစ်ဆန်းခြင်းလက္ခဏာ ကုံလုံပြည့်စုံသော ကဗျာကို ကဗျာသစ်ဟု သတ်မှတ်ထားကတ်သည်ကို တွိဟိရပါသည်။

တချို့ကလည်း လောကခံ၏ ပဋိပက္ခတို့မှ အနှစ်သာရကို ထုတ်ဖော်ဖွဲ့ဆိုသော ကဗျာမျိုးကို ကဗျာသစ်ဟု သတ်မှတ်ထားကတ်ပါသည်။ လောကအနိဋ္ဌာရုံမှ ဣဋ္ဌာရုံသဘောကို ထုတ်ဖော်ဖွဲ့ဆိုသော ကဗျာမျိုးကို ကဗျာသစ် ဟု လည်းအချို့က ယူဆထားကတ်ပါသည်။ မတရားသောခေတ်ကို တော်လှန်မှန်ကန်သော စနစ်ဖြင့် တော်လှန်

တိုက်ခတ်ထားသော ကဗျာမျိုးကို ကဗျာသစ်ဟုလည်း အချို့က ယူဆထားကတ်ပါသည်။

အချုပ်အားဖြင့်ကား အကျွန်ဇပိုင်နားလည်ပါသည်။ လောကဓံ၏ပဋိပက္ခတရားကို နည်းမှန်လမ်းမှန် ပုံမှန် ရုပ်မှန် စဉ်းစားတွေးခေါ်ပြီးကေ အနှစ်သာကို ထုတ်ဆောင်ကာ လောကလူသားအတွက် တိုင်းပြည်နန့် အမျိုးသားအတွက် အသံအဆင်တန်ဆာ၊ အနက်အဆင်တန်ဆာရို့နန့် ဖွဲ့ဆိုသော ကဗျာကို ကဗျာသစ်ဟု နားလည်သဘော ပေါက်ထားပါသည်။

ရခိုင်စာပီလောကတွင် ကဗျာသစ်ဟိပါသလား၊ အကျွန်လက် လှမ်းမှီသလောက် လိလာကြည့်ပါသည်။ ၁၆-ရာစုခေတ်တွင် စာဆိုတော် ဥက္ကာပျံသည် ရာဇသင်္ကြန်ဘွဲ့နန့် သံတမန်အဖြစ် ဆောင်ရွက်ကာ အင်းဝသို့ လားခရပါ သည်။ အင်းဝမင်း၏ အုပ် ချုပ်ပုံမှာ ရခိုင်သံအမတ်ကြီး၏ မျက်စိတွင် ကမောက်ကမ ကပြောင်းကပြန် ဖြစ်နီပါသည်။ ယင်းကြောင့် စာဆိုကြီးသည် ‘အထူးအထူး’ ချီ ဇကပိုဒ်သီဖွဲ့၍ မိမိအပြန်တွင် ပစ်စာအဖြစ် ထားပစ်ခပါသည်။

ယင်းကဗျာမှာ မြန်မာပဒေသရာဇ် သက်ဦးဆံပိုင်စနစ်ကို သရော်ထားခြင်း ဖြစ်ပါသည်။ ယင်းခေတ်က မတွေးဝံ့သောအတွေးကိုတွေး၍ ဖွဲ့ဝံ့သောကဗျာကိုဖွဲ့၍ ပစ်စာပစ်ခပါသည်။ မြန်မာအများပြည်သူအတွက် ကလောင်ဖြင့် တိုက်ပွဲဝင်လိုက်ခြင်းပင် ဖြစ်ပါသည်။ ယင်းကြောင့် ယင်းခေတ်အနီနန့် စဉ်းစားကြည့်ကေ ကဗျာသစ်ဟု ဆိုထိုက်ပါ သည်။ ခုခေတ်အမြင်နန့်ကြည့်ကေ ပုံသဏ္ဌာန်ဟောင်းနီခြင်း၊ စကားသုံးစကားနှိုင်းဟောင်း နီခြင်းမှအပ တွေးခေါ်မှုကား မှန်နီတုန်းပါ။ ယင်းအတွေးမျိုး ခပ်ဆင်ဆင်ကို ခုခေတ်ကဗျာသဟ်အချို့ရို့၌ တွိနိုင်ပါ သိ၏။

၁၈-ရာစုတွင် အမတ်ကြီး ဒိုးဝေသည် နန်းတွင်ရွှေစာတော် ဖတ်အဖြစ်နန့် ထင်ရှားခပါသည်။ အမတ်ကြီး သည် ‘အိုးလေးလေကေ၊ အိုလေပြည်သူ၊ အိုးများလူရို့’ ချီကဗျာရှည်တစ်ပုဒ်ကို ရီးဖွဲ့ခပါသည်။ ယင်းအဖွဲ့ဖြင့် နန်းတွင်းလီကို ရဲရင့်စွာသရော်ထားသည်ကို တွိရပါသည်။ တရားတော်ကို ညွှန်းကာအကျိုးပြုဝီဖန် ထားပါသည်။ ခေတ်အလိုက်ဆိုကေ အမတ်ကြီး၏ ကဗျာကို တိုးတက်သည်၊ သစ်ဆန်းသည်ဟု ဆိုနိုင်ပါသည်။

၁၉-ရာစုတွင် တန်းခိုးဆရာထွန်း ပေါ်ထွန်းလာပါသည်။ ဆရာထွန်းသည် ‘အထောက်စာတန်း’ ခေါ် ရခိုင် ကဗျာပုံသဏ္ဌာန် သစ်တစ်ခုကို တည်ထွင်ခသည်ဟု အများလက်ခံထားကတ်ပါသည်။ ကျွဲမင်းအထောက် စာတန်း၊ မိန်းမပုပ်၊ မိန်းမယုတ်၊ အထောက်စာတန်း၊ ငါးသာခြင်း၊ ဘိန်းဆီသာခြင်းရို့မှာ ဆရာထွန်း၏ ဟာသရသ မြောက်သော ကဗျာများပင် ဖြစ်ပါသည်။ ယင်းကဗျာများတွင် ကျွဲအကြောင်း၊ မိန်းမယုတ်သဘာဝ၊ ငါးအကြောင်း၊ ဘိန်းစား သဘာဝရို့ကို မကွယ်မဝှက်ပြတ်ပြတ်သား ဖွဲ့ဆိုထားပါသည်။ လောက၏အနိဋ္ဌာရုံမြင်ကွင်းမြင်ကွက်ကို မိန်းမပုပ် မိန်းမရုပ်အထောက်စာတန်း၌လည်းကောင်း၊ ဘိန်းဆီသာခြင်း၌ လည်းကောင်း တင်ပြပြီးကေ သံဝေဂ ရနိုင်အောင် တင်ပြထားပါသည်။ ဘိန်းဆီသာခြင်းတွင် ကိုလိုနီစနစ်ကြောင့် ရခိုင်ပြည်သူရို့ အကျင့်ပျက်ရပုံကို တင်ပြထားပါသည်။ ဤကဗျာရို့သည် ပြည်သူ့ကဗျာ နန့်လည်းကောင်း၊ ကဗျာသစ်နန့်လည်းကောင်း နီးစပ်ပါသည်။

၂၀-ရာစုကဗျာဆရာများအနက် ဆရာညွှေမြသည် ကဗျာသစ်ခပ်များများဖွဲ့ကခပါသည်။ ဆရာ၏ ‘သီတမ်းစာ’ ကဗျာမှာ သီခြင်းတရားတည်းဟူသော အနိဋ္ဌာရုံရှုမျှော်ကွက်တွင် လောကသစ္စာတရားတည်း ဟူသော

ကဏ္ဍာရုံကို တောင်းဆို ထားပါသည်။ ဆရာ့ လောကသစ္စာတရားကား 'လူတိုင်းလူတိုင်း၊ ကိုယ်နှင့်နိုင်း၍၊ ရိုင်းစိုင်းမဟိ၊ သတိပညာ၊ စွဲသုံးစွာလျက်၊ ဝမ်းစာအတွက်၊ ဖြိုးအက် ပြည့်စီ'ရန် ဖြစ်ပါသည်။ ဆရာ့ကဗျာကား ကဗျာသစ်စစ်စစ်ပါ။

မျက်မှောက်ကာလတွင် ရွှေရ - တောင်ကုတ်၏ 'အမှောင်တွင်းမှ အလင်းကဗျာများ' စာအုပ်၊ စစ်တွေ - စောနောင်၏ စာပေဗိမာန်ဆုရ 'ကြောင်လိမ်လေ့ကားကဗျာများ' စာအုပ်၊ တခြားတခြား စုပေါင်းထုတ်ဝေသော ကဗျာ စာအုပ်များ၊ ကဗျာစာစောင်များ၊ တခြားတခြားကဗျာရို့ကို လက်လှမ်းမီသလောက် လိုလောက်ကြည့်ပါသည်။ ယင်းအထဲတွင် ရွှေရတောင်ကုတ်ကို ကဗျာသစ်စာဆိုဟု အကျွန့်အမြင်မှာ ယနိအနီအထားအတိုင်း သတ်မှတ်ထားပါသည်။

အစ်ကိုရွှေရ၏ 'အမှောင်တွင်းမှ အလင်းကဗျာများ' စာအုပ်ကို လိုလာလိုက်သောအခါ သူ့ကဗျာများနန့် သူ့စာအုပ်အမည်သည် လိုက်ဖက်ဆီလျှော်လှပါသည်။ အနိဋ္ဌာရုံအမှောင်တွင်းမှ အနိဋ္ဌာရုံအလင်းရောင်ကို ညွှန်းဆိုထားသော ကဗျာသစ်များပင်ဖြစ်ပါသည်။ လောကပဋိပက္ခတရားမှ အနှစ်သာရကို ဖော်ထုတ်သီဖွဲ့ထားသော ကဗျာသစ်များ ပင် ဖြစ်ပါသည်။ သို့သော် ရခိုင်ပြည်နန့် ရခိုင်အမျိုးသားရို့ကား ရခိုင်စာပီလောကတွင် ရခိုင်ကဗျာသစ် စစ်စစ်ပေါ်ထွန်း ရီးကို စောင့်စားလျက်ပင် ဟိနိကတ်ပါသည်။

## အပိုင်း(၄)

# နိဂုံး

ဤနိဂုံးပိုင်းတွင် နိဒါန်းပိုင်း၊ စာကိုယ်ပိုင်း၌ ပါဝင်ကတ်သော အချက်အလက်များကို ကောက်စစ်ချက်ချ မှတ်ကာ ထပ်မံတင်ပြ လိုပါသည်။

### ၁။ နိဒါန်း

အဓိကရည်ရွယ်ချက်မှာ နားလည်မှုရဖို့ပင် ဖြစ်သည်။ အဓိက ကျိုးမျှော်မှုမှာ အချင်းချင်း ချစ်ခင်ညီညာရီး၊ အချင်းချင်း လေးစားရီး၊ အချင်းချင်း အခွင့်အရီးကို မထိခိုက်မစော်ကားရီး အချင်းချင်း ငြိမ်းချမ်းစွာ နီထိုင်ရီးရို့ အပေါ်ထွက်လာရန် ဖြစ်ပါသည်။

### ၂။ အပိုင်း(၁)

စာပီ၏သဘော၊ ရခိုင်စာပီ၏ သဘောကို ယှင်းလင်းတင်ပြထားသည်။

### ၃။ အပိုင်း (၂)

စာပီ၏ ပုံသဏ္ဍာန်ကို အပိုင်းကြီးလေးပိုင်းခွဲထားသည်။ လင်္ကာ၊ စကားပြေ၊ လင်္ကာစကားပြေနှစ်ထွေရော အဖွင့်ဟုဖြစ်သည်။ အကြောင်းအရာမှာ ခံစားချက်နန့် တွေးခေါ်ချက်ပင် ဖြစ်ပါသည်။ ရခိုင်စာပီ၏ ပုံသဏ္ဍာန် ကိုလည်း အထက်ပါအတိုင်း လေးမျိုးခွဲခြားထာသည်။ လင်္ကာတွင် အမျိုးအစားပေါင်း ၃၇မျိုး ပါဝင်သည်။ အနုစိတ် ဆိုကေ ငါးရာနီးပါးလောက် ပါဝင်မည်။

လင်္ကာ ၃၇-မျိုးနန့် စကားပြေ၊ လင်္ကာစကားပြေနှစ်ထွေရော၊ အဖွင့်ရို့ကို သာဓကေ ပြယုဂ်ရို့နန့်တကွ မကျဉ်းမကျယ်ယှင်း လင်းထားသည်။ ယင်းပုံသဏ္ဍာန်များအနက် သာခြင်းပုံသဏ္ဍာန် မှာ ထူးခြားသောလက္ခဏာပင် ဖြစ်တန်ရာ၏။ ရခိုင်ကဗျာအသီး သီးတွင် ပါဝင်သော အကြောင်းအရာအမျိုးမျိုးရို့ကို တသန့်စီသန့် ကြည့်ဖို့ဆိုလေ ယေဘုယျအားဖြင့် အမျိုးအစား (၆)မျိုး တွိဟိရပါ သည်။ ယင်းရို့မှာ-

(၁) ဗုဒ္ဓသာသနာရီးနန့်ဆိုင်သော အကြောင်းအရာ၊

(၂) ရခိုင်သမိုင်းကြောင်းနန့်ဆိုင်သော အကြောင်းအရာ၊

(၃) မြို့သျှင်ပဒေသရာဇ်စနစ်နန့်ဆိုင်သော အကြောင်းအရာ၊

(၄) အရိစ္စတိုကရေစီစနစ်နန့်ဆိုင်သော အကြောင်းအရာ၊

(၅) ရခိုင်သဘာဝပတ်ဝန်းကျင်နန့်ဆိုင်သောအကြောင်းအရာ၊

(၆ ရခိုင်လူနီမှုစနစ်နန့်ဆိုင်သော အကြောင်းအရာဟူ၍ ဖြစ်သည်။

ဤ (၆)ချက်ကို အမြွက်လောက် အနှစ်သာရကောက်စစ် ထုတ်လိုက်ကေ (၃)ချက် ရဟိပါသည်။

၁။ ရက္ခမဏ္ဍိုင်၊ ရခိုင်ကိုဖွဲ့သော အတွေးအခေါ်များ၊ ၂။ အရစ္စတိုကရေစီ၊ သဘောတရားသက်ဝင်ရာ အတွေးအခေါ်များ၊ ၃။ ရခိုင်ရုပ် ပတ်ဝန်းကျင်ကို ထင်ဟပ်ပြသော အတွေးအခေါ်များဟူ၍ ဖြစ်သည်။

## အပိုင်း(၃)

ရခိုင်ကဗျာတွင် တွေ့ဟိရသော အတွေးအခေါ်ကြီး သုံးရပ် ကို သာဓကနန့်တကွ ရှင်းလင်းထားသည်။

(က) ရက္ခမဏ္ဍိုင် ။ ရခိုင်ကိုဖွဲ့သော အတွေးအခေါ်များကို သမိုင်းအဆက်ဆက် သာဓကများနန့်တကွ ယှင်းလင်းတင်ပြထား၏။ ရက္ခမဏ္ဍိုင်သည် ရခိုင်ကြည်လင်ရာ၊ ရခိုင် ခိုင်မြဲရာ၊ ရခိုင့်အလယ်အချက်အချာ ဖြစ်ရာ၊ ရခိုင့်ကိုယ်ပိုင် ပြဋ္ဌာန်းရာဖြစ်ကြောင်း အထောက်အထားအစဥ်လိုက်နန့် ယှင်းလင်းတင်ပြထားသည်။

(ခ ) အရစ္စတိုကရေစီ သဘောတရား သက်ဝင်ရာအတွေး အခေါ်များကို ခေတ်အဆက်ဆက်ရသလောက် မှတ်တမ်းစာပီ အထောက်အထားနန့် ယှင်းလင်းတင်ပြထားသည်။

'သာသနာနန့်ဘုရင်၊ ဘုရင်နန့်ပြည်သူ' ရို့ကို ဂရုဓမ္မတာပြုကာ အုပ်ချုပ်သော၊ ဘုရင်အုပ်ချုပ်၍ အမတ်ထိန်းကာ သံဃာတော်ကြီးမှူးသော အုပ်ချုပ်ရီးမျိုး ဖြစ်သည်။

(ဂ ) ရခိုင်ရုပ်ပတ်ဝန်းကျင်ကို ထင်ဟပ်ပြသော အတွေး အခေါ်များနန့် ရခိုင်ဗီဇကို ပေါင်းစပ်လိုက်ကေ အနှစ်သာရအားဖြင့် ရခိုင်စိတ်ဓာတ် ပေါ်ထွက်လာသည်။ ရခိုင်စိတ်ဓာတ်တွင် တည်ကြည်ရင့်ကျက်ခြင်း၊ ရဲရင့်ခြင်း၊ လွတ်လပ်မှုကို မြတ်နိုးခြင်း၊ ရွှင်လန်းတက်ကြွခြင်း၊ စောင့်ရှောက်နိုင်စွမ်းခြင်းရို့ ပါဝင်၏။

ရခိုင်ရုပ်ပတ်ဝန်းကို ထင်ဟပ်ပြသော အတွေးအခေါ်ပါရာ ကဗျာများကို ယေဘုယျအနီးနန့် ခွဲကြည့်ကေ သုံးပိုင်း တွေ့ဟိရပါသည်။

**၁။ သဘာဝအဖွဲ့အနွဲ့များ ။** ထိုအဖွဲ့များသည် လူ့သဘာဝအဓိပ္ပာယ်ကိုဆောင်၏၊ ရခိုင့်သဘာဝ အဖွဲ့အနွဲ့များ သည် ရခိုင့်အဓိပ္ပာယ်ကိုဆောင်၏၊ ရခိုင်သဘာဝ အလှအပကို ထင်ဟပ်ပြ၏၊ ရခိုင်သဘာဝကား ရခိုင်ပီသ၏၊ ရခိုင်အမိ အဖြစ်၏၊ ရတနာသုံးပါး ဖြစ်၏၊ အနန္တောအနန္တငါးပါး ဖြစ်၏။ ထို့ကြောင့် ရခိုင့်သဘာဝကို အလုပ်အကျွေးပြုရဖို့ ဆည်းကပ်ရဖို့ ကြည်ကြည် ညိုညိုဂုဏ်ဖော်ရဖို့၊ ရခိုင်ထဲက ရခိုင်တစ်ယောက်ဖြစ်အောင် ရခိုင်သဘာဝ၌ မြုပ်နှံရဖို့။

**၂။ ပြည်သူ့ကဗျာများ ။** ထိုကဗျာများသည် ပြည်သူ၏ရုပ်ဘဝတောင်းဆိုချက်ကို အသံအဆင် တန်ဆာ၊ အနက် အဆင်တန်ဆာရို့နန့် မှန်ကန်စွာ တိကျစွာဖွဲ့ဆိုသော ကဗျာမျိုးဖြစ်သည်။ ရခိုင်ကို ချီးကျူးတတ်သော ရခိုင်အတွက် ဖော်ထုတ်တတ်သော ရခိုင်ပြည်သူ့ ကဗျာစစ်စစ်ပေါ်ထွန်းရီးကို စောင့်စားလျက် ဟိနီကတ်သည်။

**၃။ ကဗျာသစ်များ ။** လောကဓံ၏ ပဋိပက္ခတရားကို နည်းမှန်လမ်းမှန် ပုံမှန်ရုပ်မှန် စဉ်းစားတွေးခေါ်ပြီးကေ၊ အနှစ်သာရကို ထုတ်ဆောင်ကာ လောကလူသား အတွက်၊ တိုင်းပြည်နန့် အမျိုးသားရီးအတွက် အသံ

အဆင်တန်ဆာ၊ အနက်အဆင်တန်ဆာရို့နန့် ဖွဲ့ဆိုသောကဗျာကို ကဗျာသစ်ဟုလည်း နားလည်သဘော ပေါက်သည်။

ရခိုင်ကဗျာသစ် စစ်စစ်ပေါ်ထွန်းရီးကို စောင့်စားလျက် ဟိနီကတ်သည်။

အထက်တွင် တင်ပြခဲသောအကြောင်းအရာ အားလုံးမှာ **ရခိုင်ကဗျာနန့် ရခိုင် အတွေးအခေါ်** ကို ဖွင့်ဆိုနိုင် အောင် ယှင်းလင်းစွာတင်ပြနိုင်အောင် ကြိုးစားထာခြင်းပင် ဖြစ်ပါသည်။

ရခိုင်စာပီတစ်လောကလုံး လက်လှမ်းမှီသလောက် ဉာဏ် လှမ်းမှီသလောက် သုံးသပ်ပြီးကေ ပုံသဏ္ဍာန်နန့် အကြောင်းအရာကို တင်ပြထားခြင်း ဖြစ်ပါသည်။ ရခိုင်စာပီပုံသဏ္ဍာန်များနန့် ရခိုင်စာပီတွင် ပါဝင်နီသော အကြောင်း အရာများကို ကောက်စစ်ကာ တင်ပြထားခြင်းပင် ဖြစ်ပါသည်။

ယင်းပိုင်တင်ပြရန် အားထုတ်သောအခါ အကျွန်သည် အချက်ကြီးတစ်ချက်ကို ရခိုင်စာပီသမိုင်းတွင် တွိမိပါ သည်။ ဤစာကို ဖတ်ရှုလိလာသူရို့လည်း တွိကတ်ပါလိမ့်မည်။ ယင်းကား အခြားမဟုတ်။ ၁၉-ရာစုအကုန်ပိုင်းလောက် တွင် ရခိုင်စာပီဘောင်ပျက်လာခြင်း၊ ရခိုင်စာပီသမိုင်းကြောင်း ပိုင်းပြတ်လာခြင်းပင်ဖြစ်ပါ သည်။ ယင်းပိုင်းပျက်လာရ ခြင်း၊ ယင်းပိုင်းပိုင်း ပြတ်လာရခြင်း၏ အစိစစ်အကြောင်းတရားကား ဇာလဲ၊ ယင်းဆိုးဝါးသော အစိစစ်အကြောင်းတရား ကိုရှာဖွိသင့်၏။ ယင်းအကြောင်းဆိုးကြောင့် အကျိုးဆိုးဖြစ်ပေါ်နီ သည်ပင် မဟုတ်ပါလား၊ ယင်းအကျိုးဆိုးကို တစ်ယောက် လည်း မလိုလား။ မနှစ်သက်၊ ယေကေယင်းအကျိုးကို ပပျောက်အောင် အကြောင်းဆိုးကို ဖျောက်ဖျက်ပစ်ရဖို့ပင်။

အကြောင်းဆိုးတရားကို လိလာသုံးသပ်ကြည်ရာ အဓိက တရားဆိုးနှစ်ခုကို တွိဟိရပါသည်။ ယင်းရို့မှာ (၁) ရခိုင်စာပီကို မျိုးခြားရို့ ဖျက်ဆီးခြင်း၊ (၂) ရခိုင်စာပီကို ရခိုင်ရို့ ဖျက်ဆီးခြင်းဟူသော တရားဆိုးနှစ်ခုပင်ဖြစ်ပါ သည်။ တစ်ခါ ဤတရားဆိုးနှစ်ခုတွင် ပထမအချက်သည် သာမညဖြစ်၍ ဒုတိယအချက်မှာ အဓိကဖြစ်ပါသည်။

ဇနိရာ၌ သာမညအချက်ကို အများမပြောလို၊ အဓိကအချက်ကို သင့်ရုံလောက် ပြောလိုပါသည်။ ရခိုင်စာပီကို ရခိုင်ရို့ ကိုယ်တိုင် မလိလာ မသိဟိဆိုကေ နားလည်မှု မရနိုင်ပါ။ နားလည်မှု မရကေ ရခိုင်စာပီကို ရခိုင်ကိုယ်တိုင်ပင် ရည်ရွယ်လျက်သော်လည်းကောင်း၊ မရည်ရွယ်ဘဲသော်လည်းကောင်း၊ ဖျက်ဆီးလာ တတ်ပါ သည်။ ကိုယ့်စာပီကို ကိုယ်ပင် ရုတ်သိမ်းလာတတ်ပါသည်။ ကိုယ့်အမျိုးကိုကကိုယ်ပပင် ရုတ်သိမ်းလာတတ်ပါ သည်။ ကိုယ့်စာပီအပေါ်မှာ ကိုယ်ကိုယ်တိုင် နားမလည်၍ ကိုယ်ကိုယ်တိုင် ရုတ်သိမ်းရန် အားထုတ်လာကေ အခြားသူရို့အတွက်ဆိုစရာဟိပါ ဖို့သိလား၊ ရခိုင်စာပီကို မျိုးခြားတိမသိကေ ရခိုင်စာပီနန့်ပတ်သက်၍ သူရို့ နားလည်မှု မရနိုင်ပါ။ နားလည်မှုမရကေ အထင်မှား အမြင်မှား ဖြစ်တတ်ပါသည်။ ယေကေ ဖြစ်ပေါ်လာသမျှ တရားရို့သည် အဆိုးချည်း ဖြစ်လာတတ်ပါသည်။ ယင်းကြောင့် နားလည် မှု တစ်ခုရဖို့ ကောင်းကောင်း အရီးကြီးပါသည်။

ရခိုင်သကြစ် ၁၁၄၆-ခုကစ၍ ရခိုင်စာပီပြိုပျက်လာပါသည်။ ယင်းကတည်းကပင် တစ်ပျက်တည်း ပျက်လာပါသည်။ သို့သော် ရခိုင်ကိုယ်တိုင် ရခိုင်စာပီကို မဖျက်ပါသိ၊ ကိုယ်တိုင်ဖျက်သည်ကိုလည်း မတွိရပါသိ၊ ကိုယ့်စာပီ ကိုယ့်ယဉ်ကျေးမှုရို့ကို ကိုယ့်အသက်နန့်မခြား စောင့်ရှောက်လျက်ပင် ဟိပါသည်။ အသက်ဘီးမှ

လွတ်ရာလွတ်ကြောင်း၊ ပြီးလွှားလျက်ပင် စာပီယဉ်ကျေးမှုရို့ကို စောင့်ရှောက်နိုင်စွမ်းခကတ်ပါသည်။ ရခိုင်ပီသ ပါပေစွ။

ဗြိတိသျှလက်အောက်တွင် ရောက်၍အရင်းသျှင် လူနီမှုစနစ်ကို ရခိုင်ပြည်တွင် ထူထောင်လာသောအခါ မျိုးခြားပဒေသရာဇ် မင်းကြစ်စနစ်ထက် ပိုမိုကောင်းမွန်ရကား ရခိုင်လူနီမှုစနစ်သည် သက်သောင့်သက်သာ ဟိလာ ပါသည်။ တည်ငြိမ်အေးချမ်းမှု ရလာပါသည်။ အရင်းသျှင်စနစ်အောက်သို့ တစ်စတစ်စသက်ဆင်းလာပါသည်။ ရခိုင် လူငယ်အများ ခေတ်ပညာသင်ယူရန် ဘင်္ဂလား၊ ဗိလပ်သို့ လားကတ်ပါသည်။ ရဟန်းပျိုမှာ ဗုဒ္ဓကျမ်းစာ သင်ယူရန် မန္တလေးသို့ ကြွလားကတ်ပါသည်။ ထိုပုဂ္ဂိုလ်ရို့ ရခိုင်ပြည်သို့ပြန်လာကတ်သောအခါ ကိုယ့်စာပီကို ခေတ်အမြင် ခေတ်နည်းလမ်းနန့် မြီတောင်မြှောက်ရဖို့အစား အများစုပုဂ္ဂိုလ်ရို့က တတ်မြောက် လာသော မျိုးခြားစာပီယဉ်ကျေးမှု ကိုရာ ရခိုင်ပြည်၌ ထူထောင်လာကတ်သည်ကို ဒိဋ္ဌကျကျ တွိဟိရပါသည်။ ကိုယ့်စာပီ ယဉ်ကျေးမှုကို လျစ်လျူပြုထားလိုက်ကတ်ပါသည်။ ပယ်ချလိုက်ကတ်ပါသည်။ ယင်းကာလကား ၁၉-ရာစု အကုန်ပိုင်းကာလပင် ဖြစ်ပါသည်။

၂၀-ရာစု အစပိုင်းကာလကပင် ရခိုင်တစ်မျိုးသားလုံးသည် ရန်ကုန်သို့ အစစအရာရာအတွက် မျက်နှာမူလာ ရသည်။ စီးပွားရီး၊ နိုင်ငံရီး၊ လူမှုရီး၊ ယဉ်ကျေးရီး၊ ပညာရီး၊ လမ်းပန်းဆက်သွယ်ရီးအတွက် လည်းကောင်း၊ အုပ်ချုပ်ရီး၊ ဥပဒေပြုလုပ်ရီး၊ တရားစီရင်ရီးအတွက်လည်းကောင်း ရန်ကုန်သို့ မျက်နှာမူလာရသည်။ ရခိုင်အတန်းအလွှာအသီးသီး ရန်ကုန်နန့် ဆက်သွယ်လာကတ်ရသည်။ ရန်ကုန်တွင် အခြီချနီထိုင်လာကတ်ပါသည်။ ယင်းပိုင် အခြီအနီမျိုးတွင် ရခိုင် အထက်တန်းလွှာအများစုသည် ရခိုင် စာပီယဉ်ကျေးမှုကို လျစ်လျူပြုလာကတ် ပါသည်။ အချို့လည်း ပစ်ပယ်လာကတ်ပါသည်။ အချို့လည်း ရခိုင်စာပီယဉ်ကျေးမှုဘောင်ကို ကောင်းသော နှလုံးသား ဟိပါလျက် ဘောင်အလွဲလွဲ လုပ်လားကတ်ပါသည်။ ဤကား ရခိုင်စာပီယဉ်ကျေးမှုကို ရခိုင်ရို့ကိုယ်တိုင် ပျက်စီးအောင် လမ်းသွယ်ပီးခြင်းပင်မဟုတ် ပါလား။

၂၀ ရာစုအလယ်ပိုင်းသို့ နီးလာသောအခါ (ဝါ) ဒုတိယကမ္ဘာ စစ်ကြီးအကြိုကာလသို့ ရောက်သောအခါ ရုပ်တရားကို အမှန်ထားသော ကွန်မြူနစ်ဝါဒကို လက်ခံလာကတ်သော ရခိုင်လူငယ်များသည် **ရခိုင်ပြည်၏ ရုပ်တရားကို လက်လွတ်ကာ** ရခိုင် ပြည်၌ နိုင်ငံရီးလုပ်လာကတ်ပါသည်။ စစ်ပြီးကာလတွင် ရခိုင် ဖ-ဆ-ပ-လ ရို့ နောက်လိုက်ဝါဒ (Tailism)ကို စွဲစွဲမြဲမြဲဦးထိပ်ထား လာကတ်ပါသည်။ ဤဝါဒကြောင့် ငါရို့ငါးပါးမှောက်ကတ် ရပါသည်။ ရခိုင်စာပီ ယဉ်ကျေးမှုနန့် ရခိုင်ယဉ်ကျေးမှုအရပ်ရပ်ကိုလည်းကောင်း ပြောင်ကျကျတစ်မျိုး၊ မထိတထိတစ်မျိုး၊ သိမ်မွိ လျှို့ဝှက်စွာ တစ်မျိုး၊ အနည်းနည်းအဖုံဖုံ ဖျက်ဆီးလာကတ်ပါသည်။ သူလည်းဖျက် ကိုယ်လဲပျက်၊ ကိုယ်လဲဖျက် ကိုယ်လဲပျက် ကတ်ရပါသည်။ ဇာလောက်ထိ ဆိုးပါလေးဆိုကေ **ရိုးမတောင်ညို ပြိုပါစီ** ဟူသော စာအုပ်ထွက်ပေါ်လာသည်ထိ ဆိုးလားခကတ်ပါသည်။ ယင်းစာအုပ်ရီးဖွဲ့သူ ခေတ်ပညာတတ် အမျိုးသမီးကား မခင်နီဆိုသူပင် ဖြစ်ပါသည်။

ဤအထိ ငရဲတွင်းဆုံး ဇောက်ထိုးကျလားကတ်ရခြင်း၏ အဓိက ကတ္တားပိုင်းမှာ တခြားသူမဟုတ်၊ ရခိုင်ပင် ဖြစ်ပါသည်။ ကမ္ဘပိုင်းကတော့ ပြင်ပလူများဖြစ်ပါသည်။ ရခိုင်ဇလောက်ဇာကြောင့် အဖြစ်ဆိုးလားရပါသနည်း၊

ဆန်းစစ် ကြည့်သင့်ကြပါသည်။ ကိုယ့်အကြောင်းကို ကိုယ်မှန်မှန်ကန်ကန် မသိမှု၊ နားမလည်မှု၊ မမြင်မှုရို့ကြောင့် အဖြစ် ဆိုး လားရသည်ဟုဆိုရပါမည်။ လူမျိုးရီး၏အဓိပ္ပာယ်၊ အမျိုးသားရီး၏အဓိပ္ပာယ်၊ လူမျိုးစုံ ချစ်ကြည်ရီး၏ အဓိပ္ပာယ်ကို လည်းကောင်း၊ ယဉ်ကျေးမှု၏ အဓိပ္ပာယ်၊ စာပီ၏အဓိပ္ပာယ်ကိုလည်းကောင်း၊ သမိုင်းကြောင်းကို လည်းကောင်း၊ အကျွန်ရို့ နားမလည်ကေ၊ ငရဲတွင်းဆုံး ဖောက်ထိုးကျကတ်ရမည် ဟု ယူဆပါသည်။ ယင်းအယူ အဆကို ရခိုင်ရုပ်ဘဝက သွန်သင်ပီး ခြင်း ဖြစ်ပါသည်။ ခေတ်ရခိုင်စာပီသမားရို့ ရခိုင်စာပီကို လျစ်လျူပြု၊ မပြု၊ ပစ်ပယ်မပယ်၊ မပစ်တစ်ဝက် ပစ်တစ်ဝက်၊ မပြတ်မသား တွေဝေနီ မနီကို သူရို့၏ရုပ်တရားကိုကြည့်က သိသာပါ သည်။ ကြည့်ပါ၊ စာပီပုံသဏ္ဌာန်ရှီးချယ်ပုံ မပီမသမပြတ်မသားဖြစ်နီခြင်း၊ စာပီအကြောင်းအရာ ရှီးချယ်ပုံ ဖောက်ဖောက်ပြန်ပြန် ဖြစ်နီခြင်းရို့က သာဓကပြ နီပါသည်။

ယင်းပိုင်ကိုယ့်ရုပ်ဘဝကို ကိုယ်နားမလည်ကေ၊ ပစ်ပယ်ကေ၊ လျစ်လျူပြုကေ၊ မပြတ်မသားထားကေ၊ ကိုယ့်အဖွဲ့အစည်း၏ဘောင်မှန်ကို သိနိုင်ပါဖို့လား၊ ယေကေ ကာလမှန်ကို သိနိုင်ပါဖို့လား၊ ယေကေစခန်း မှန်နီရာ မှန်ကို ချမှတ်နိုင်ပါ ဖို့လား၊ ယေကေ လမ်းမှန်နည်းမှန်ကို ချမှတ်နိုင်ပါဖို့လား၊ ယေကေမိတ်ဘက်ရန် ဘက် ပဋိပက္ခ၊ ရန်ဘက်ပဋိပက္ခ ခွဲနိုင်ပါဖို့လား၊ ယေကေ ဂိုဏ်းစွဲ၊ အယူအဆစွဲအလွဲလွဲ မဖြစ်ပေါ်နိုင်ပါလား၊ ယေကေ ဇာကို ချီးကျူးရဖို့၊ ဇာကိုဖော်ထုတ်ရဖို့လို့ သိနိုင်ပါဖို့လား၊ ယေကေ အစွန်းထွက်လာမှု၊ လွန်မှုကျုံမှု မဖြစ်ပေါ် နိုင်ပါလား၊ ယေကေ အကြောင်းဆိုးကြောင့် အကျိုးဆိုး၊ တဖန် အကြောင်းဆိုးကြောင့် အကျိုးဆိုး အဆက်ဆက် ပေါ်လာတတ်သည်ပင် မဟုတ်ပါလား၊ အခုပိုင်ဆိုကေ၊ မှန်ကန်ခိုင်မာသော ရပ်တည်ချက်၊ ခံယူချက်ကို ဘဇောင် ရဟိနိုင်ပါဖို့လဲ၊ ဇာပိုင်ခေတ်နန့်အပြိုင် တိုးတက်နိုင်ပါဖို့လဲ၊ ရပ်ယှားစာပီ မီးရှူးတန်ဆောင်ကိုင် စာရီးဆရာကြီး ဂေါ်ကီဘဇောင် ဆိုထားခပါသနည်း။

**'အကျွန်ရို့သည် အတိတ်ကို သိရပေမည်။ ဤဗဟုသုတ ကင်းမဲ့သောသူသည် သူ၏ ရှင်လန်းချမ်းမြိုသော အနာဂတ် သို့ ရှိရှုသည့် လမ်းပေါ်တွင် ရောက်နီသောဘဝမှ သူ၏ ဘဝတည်မြဲစီမည့် အထောက်အကူများ ကိုဆုံးယှုံးရပြီးကေ သွီးစည်းကျုပ်ပုပ်ရို့နန့် ပြည့်လျှမ်းနီသော နွံနစ်အတွင်းသို့ ပြန်လည်ရောက်ရမည်မှာ သီချာ ပေသည်'** ဟု ဆိုထားပါသည်။

အကျွန်ရို့သည် ရခိုင်အတိတ်ကို သိရပေမည်။ ဤရခိုင်ဗဟုသုတကင်းမဲ့သော ရခိုင်သည် ရခိုင်၏ရှင်လန်း ချမ်းမြိုသော အနာဂတ်သို့ ရောက်နိုင်ဖို့ မဟုတ်ပါ။ ယင်းဗဟုသုတ ကင်းမဲ့ကေ ရခိုင်လမ်းမှ ချော်လွဲကာ ရခိုင်ဘဝ တည်တံ့ရီး၊ ရခိုင်ဘဝ တည်မြဲရီး၊ ပျက်စီးဆုံးယှုံးလားပါမည်။ သွီးစည်းကျုပ်ပုပ်ရို့နန့်ပြည့်နီသော အနိဋ္ဌာရုံ ငရဲတွင်းဆုံးသို့ ကျရောက်ရဖို့အမှန်ပင် ဖြစ်ပါသည်။

ယင်းကြောင့် အကျွန်ရို့သည် အတိတ်၏ကျောက်မြစ်ထက်မှာ ခိုင်ခိုင်မာမာရပ်ပြီးကေ ပစ္စုပ္ပန်၏ မှန်မှန် ကန်ကန်တိတိကျကျပြင်ဆင်၍ ကောင်းမြတ်သော အနာဂတ်သို့ ရှိရှုချီတက်ဖို့ပင် ဖြစ်ပါသည်။

**ရခိုင်ကဗျာနန့် ရခိုင်အတွေးအခေါ်** အတွက် ဘောင်မှန်အောင်၊ စခန်းမှန်အောင်၊ နည်းလမ်းမှန်အောင်၊ ချီးကျူးမှု၊ ဖော် ထုတ်မှု မှန်အောင် **ကောင်းမြတ်သောပြည်သူ့အကျိုးပြုစာပီ** ဖြစ်အောင် ရခိုင်စာပီရီနေဆန့်လုပ်ရန်

(To revive Rakhine Literature) အထူးလိုအပ်လှပါသည်။ ယင်းပိုင်ဆိုကေ **ပြည့်ဝ နားလည်မှု**ကို ရနိုင်ဖို့လို့ ယုံကြည်ထားပါသည်။

ယင်းပိုင်မှာရာ ရခိုင်ထဲက ရခိုင်၊ လူထဲကလူ ဖြစ်နိုင်ဖို့ ရခိုင်တည်တံ့နိုင်ဖို့အကြောင်းလမ်း ဟိပါသတည်း။

အတိတ်သည် ပစ္စုပ္ပန်နန့် အနာဂတ်ရို့၏ ကျောက်မြစ်ဖြစ်သည်။

**သစ္စာဖြင့်**

စံကျော်ထွန်း

၂၆-၇-၆၉ (၁၁း၃၀)နာရီ

**ခေတ္တ၊ ရန်ကုန်မြို့။**

**အကိုးအကားပြုသော ကျမ်းဂန်စာပီစာရင်း**

၁။ ရခိုင်စာပီ (လက်ရင်းအကိုးအကား၊ အမှီအငြမ်းများ)

(၁) ကဗျာအင်္ဂါကျမ်း (ပီမူငါးအင်္ဂါနှင့်တစ်ရွက်)

(၂) ကဝိဂန္ဓပါသျှကျမ်း (ပီမူလေးအင်္ဂါနှင့်တရွက်)

(၃) ကဝိကဏ္ဍပါသကျမ်း- မြောက်ဦးမြို့၊ အသျှင်သီလဝံသထေရ်

(၄) လင်္ကာများ-

လောကသာရလင်္ကာ- လောင်းကြက်မြို့၊ အသျှင်အဂ္ဂသာရမဟာထေရ်

| | |
|---|---|
| ဇာတ်ကြီးဆယ်ဘွဲ့လင်္ကာ | (ပီမူ) |
| ဇနကလင်္ကာ | ။ |
| နေမိလင်္ကာ | ။ |
| မဟောသဓလင်္ကာ | ။ |
| ဘူရိဒတ်လင်္ကာ | ။ |
| ဝေဿန္တရာလင်္ကာ | ။ |
| ဗုဒ္ဓဝင်လင်္ကာ | ။ |
| ကဋ္ဌဒါ၊ မင်းနန္ဒ၊ ဇနပဒကလျာနီလင်္ကာ | |
| ဥတေနလင်္ကာ | |
| မာဃလင်္ကာ | |
| သုဝဏ္ဏဂဗ္ဘနှင့် အရိန္ဒမလင်္ကာ | |
| ပေါရိသာဒလင်္ကာ | |
| ကော်ကာနုလင်္ကာ | |
| သေနဂ်ဗျူဟာလင်္ကာကျမ်း | (ပီမူ) |
| ရခိုင်ရာဇဝင်လင်္ကာ | ။ |
| မဟာမုနိရာဇဝင်လင်္ကာ | ။ |
| ရှီးထုံးရခိုင်ရာဇဝင်လင်္ကာ | ။ |
| ကျီးဂဏန်းဒူးဂဏန်းကျောက်စာလင်္ကာ | ။ |
| ပါရာကျမ်းလင်္ကာ | (ပုရပိုက်မူ) |

(၅) ပျို့များ

| | |
|---|---|
| ရာဇပျို့ | (ပီမူ) ပျောက်ဆုံး |
| နက္ခတ်ပျို့ | ။ |
| သက်ရောက်ပျို့ | ။ |

အခြားမှတ်သားစရာပျို့ငယ်များ (လက်ရှိမူ)

(၆) ကြိုးတန်းလင်္ကာများ

ဗုဒ္ဓဝင်ကြိုးတန်းလင်္ကာ

ဝိဓူရကြိုးတန်းလင်္ကာ

(၇) သာစွလေလင်္ကာများ

ဝိသကြုံသိုက် ကျောက်ရိုးသာစွလေ လင်္ကာ(ပီမူ)

ရခိုင်ရာဇဝင်သာစွလေ လင်္ကာ ။

သာစွလေလင်္ကာသစ်များ

(၈) မော်ကွန်းများ

သျှစ်သောင်းဘုရားတည်မော်ကွန်း (မစုံတစုံ) (ပီမူ)

သျှင်နာဂိန္ဒမော်ကွန်း (မစုံလင်) (ပီမူ)

(၉) မြောက်ဦးမြို့ဘုရားသမိုင်း - ဦးဦးသာထွန်း

(၁၀) တေဇရာမကျောက်စာ (၄)ချပ်

(၁၁) သမိုင်းများ

မဟာမုနိသွန်းစက်လင်္ကာသမိုင်း (ပီမူ)

မဟာမုနိဘုရားသမိုင်း

ဦးရစ်တောင်ဘုရားသမိုင်း

(၁၂) ဧချင်းများ

မှောက်တော်ဧချင်း - ဖဒူမင်းညို

စန္ဒဝိဇယစစ်အောင်ဧချင်း (မစုံမလင်)

(၁၃) ရတုများ

**ကဝိကဏ္ဍပေါ်သကျမ်းမှရတုများ**

'တောင်ညိုဖွဲ့ချာ' ချီ (ဘုရင်မစောယဉ်မိ-ဖွဲ့)

'မောင်တို့နီမှ' ချီ (နရနုမင်းကြီး-ဖွဲ့)

'ကာလဝက' ချီ (မဟာပညာကျော်-ဖွဲ့)

'တောင်တွင်မြင့်မိုရ်' ချီ (နန်းတွင်းမိညို- ဖွဲ့)

**ဥက္ကာပျံ - ဖွဲ့ ရတုများ**

'နဝပဘာ' ချီ (နရပတိကြီး- ဖွဲ့)

'လွမ်းဟုန်ခြင်းကောက်' ချီ

(ခမက်တော်လက်ယာမြန်ဂူတာ- ဖွဲ့)
'သျှစ်သောင်းလေးထောင်' ချီ
(နရအဘယရာဇာမင်း၏ စာဆိုတစ်ဦး- ဖွဲ့)
'မင်းသားအမှန်' ချီ (မင်းသားကြီးရွှေပန်း-ဖွဲ့)
'နောက်သား နောင်လာ' ချီ
(ဒေးဝန်းကြီး အောင်ကျော်ရှိ- ဖွဲ့)
'ဥဒါန်းမကြေ' ချီ (မြို့သူကြီးအောင်ကျော်ဇံဖွဲ့)
ရတုအဟောင်း၊ အသစ်များ (လက်ရေးမူ)

(၁၄) အရွှေ့ရတုများ
'သိန်ကန်မိန်တွင်' ချီ (သုဝဏ္ဏဒေဝီ- ဖွဲ့)
ဥက္ကာပျံ၏ ဆယ့်နှစ်ရာသီရတု
ဒေးဝန်းကြီး၏ အရွှေ့ရတုများ (ပီမူ)
မြို့သူကြီး၏ အရွှေ့ရတုများ ॥
ဥတေနအရွှေ့ရတု
ကုသအရွှေ့ရတု
အရွှေ့ရတုအဟောင်း၊ အသစ်များ (လက်ရေးမူ)

(၁၅) လူးတားများ
မောက်တော်လူးတား (လက်ရေးမူ)
ရဲဘော်လူးတား ॥

(၁၆) အန်ခြင်းများ
ကကြီးအန်ခေါ် ဗျည်း ၃၃လုံး လှီတော်သံ (လက်ရေးမူ)
အလောင်းတော် တောထွက်အန်ခြင်း ॥
ရာထွန်း၏ ဗျည်း ၃၃လုံး အန်ခြင်းသစ် ။

(၁၇) သံပေါက်များ
ကကဝိကဏ္ဍပါသကျမ်းမှ သံပေါက်များ
ဥတုဘောဇနသံပေါက်
အသျှင်စန္ဒမာလာလင်္ကာရမဟာထေရ်
ဆရာထွန်း၏သံပေါက်အမျိုးမျိုး (လက်ရေးမူ)
ပို့ဟုအခေါ်များသောသံပေါက်အဟောင်း
အသစ်များ (လက်ရေးမူ)

သိုက်နိဒါန်းလာ ကျောက်ရိုးသံပေါက်များ (လက်ရှိမူ)

(၁၈) သာခြင်းများ

ပဒုမ္မဝတီသာခြင်း

မျောက်နှင့်လူသား မယားလုသာခြင်း

သူရိယ - ကဥ္စနဒေဝီငှက်ဆင်ချီသာခြင်း

မဟောသဓသာခြင်း

ဂုတ္တိလ - မုသိကသာခြင်း

အလောင်းတော်ဆဒ္ဒန်ဆင်မင်းသာခြင်း

အလောင်းတော် တေမိသာခြင်း

အလောင်းတော်နာရဒသာခြင်း

စန္ဒကိန္နရီသာခြင်း

ပဒကုသလသာခြင်း

ဗုဒ္ဓဝင်သာခြင်း

ဘူရိဒတ်သာခြင်း

မင်းကုသသာခြင်း

ဒွေးမယ်နော်သာခြင်း

အလောင်းတော်ဖောင်မျှောနာရဒသာခြင်း

သျှင်မွန်လှသာခြင်း

ဝံသာနုလွမ်းမပြေသာခြင်း

ကော်ကာနုသာခြင်း

ပန်းရွှေမြိုင်နန်းကေခိုင်သာခြင်း

ရာမလောင်းလျာနှင့် မယ်သီဒါသာခြင်း

မိုးပန်းဝေသာခြင်း

သာခြင်းတိုများ၊သာခြင်းသစ်များ(လက်ရှိမူ)

(၁၉) ဆရာထွန်း၏ယောကျာ်းမိန်းမတိုက်သာခြင်း

(၂၀) စေည်ခြင်း (ရမ်းပြည့်တောင်ကျောင်း၊ ရခိုင်ရာဇဝင်သစ်ကျမ်း)

(၂၁) စေည်ဟာသပြဇာတ် (လက်ရှိမူ)

(၂၂) ဟောစာများ

မဟောသဓဟောစာ (ပီစာ)

ဝေသန္တရာဟောစာ ။

ဗုဒ္ဓဝင်ဟောစာ ။

မိတ္တေယျအနာဂတဝင်ဟောစာ (ပီစာ)

ဆရာထွန်း၏ ဟောစာများ(လက်ရှိးမူ)

(၂၃) လောင်းကြက်ခေတ်၊ ကဝိကျော်အမတ်ကြီး လျှောက်ထုံးလာ ဘိသိက်စာ

(၂၄) မြောက်ဦးခေတ်နောက်ပိုင်းဘိသိက်စာ (ပီမူ)

(၂၅) ခေတ်သစ်ဩဘာစာများ (အခါစာများ) ။

(၂၆) ရာဇသံပတိကျမ်း (မစုံမလင်)

(၂၇) မေတ္တာစာများ

ကင်းဆရာ၏ မေတ္တာစာများ(ပီမူ)

အသျှင်လက်ာရထေရ်၏ မေတ္တာစာများ (ပီမူ)

ရှိုးဟောင်းမေတ္တာစာများ (လက်ရှိးမူ)

(၂၈) အထောက်စာတမ်းများ

ကျွဲမင်းအထောက်စာတမ်း (လက်ရှိးမူ)

မိန်းမယုတ် မိန်းမပုပ်အထောက်စာတမ်း(လက်ရှိးမူ)

(၂၉) မင်းရာဇာကြီးစာတမ်းခေါ် မင်းရာဇာကြီး အရှိးတော်ထုံး(ပီမူ)

(၃၀) သိုက်နိဒါန်းစာများ-

| | | |
|---|---|---|
| ဘုရားဗျာဒိတ်စာ(မစုံလင်) | (ပီမူ) | |
| နတ်သား ၉၉ သိုက် | ။ | ။ |
| နတ်သမီး ၉၉ သိုက် | ။ | ။ |
| ဝိသကြုံသိုက်ကျောက်ရှိး | ။ | ။ |
| ပင်လယ်နိဒါန်းသိုက်ကျောက်ရှိး | ။ | ။ |
| ဂဝံပတိသိုက် | ။ | ။ |
| ဘားပုသိုက် | ။ | ။ |
| ဘားမဲ့သိုက် | ။ | ။ |
| သိကြားသိုက် | ။ | ။ |
| ဖားပြုတ်ကေသိုက် | ။ | ။ |

(၃၁) ဥက္ကာအဲ (လက်ရှိးမူ)

(၃၂) ဘွဲ့များ

စန္ဒရားဘွဲ့

မင်းစောမွန်ဘွဲ့ ။

ထာမရာဘွဲ့ ။

ပိုးဝါဘွဲ့ ။

(၃၃) တုံးခြင်းများ

မာရယုတုံးခြင်းဟောင်း(ပြီတိသျှကိုလိုနီ ခေတ်ဦး)

စစ်တွေမြို့မှ ကာလပေါ် သိုင်းခြင်းသစ်များ

(၃၄) ရခိုင်ပြည်၊ ကာလပေါ် သိုင်းခြင်းသစ်များ၊ ဟန်ခြင်းသစ်များ

(၃၅) ရခိုင်နတ်ခြင်းအမျိုးမျိုး၊ ပန်းတျားခြင်း အမျိုးမျိုး (လက်ရီးမူ)

(၃၆) ဆရာထွန်း၏ သံချပ်အမျိုးမျိုးနန့် ကာလပေါ် သံချပ်အမျိုးမျိုး

(၃၇) ဗိုလ်မင်းထောင်၊ ဖလန်ထောင်ရို့မှ ရဟိသော ဗျာရတု၊ ဗျာစကားယင့်ဇမ်းခြင်း အမျိုးမျိုး (လက်ရီးမူ)

(၃၈) ရခိုင်ပြည်ကျေးလက်အရပ်ရပ်မှစုဆောင်းမိသမျှ ဇမ်းခြင်းအမျိုးမျိုး (လက်ရီးမူ)

(၃၉) ရခိုင်သဘာဝတေးကဗျာများ- အသျှင်စက္ကိန္ဒထေရ်

(၄၀) ရခိုင့်တေးသံ၊အသျှင်စက္ကိန္ဒထေရ်၊ဦးမင်းနိုင်

(၄၁) ရခိုင်ယဉ်းသာခြင်းများ - အနောက်သား (စစ်တွေ)

(၄၂) ရခိုင်ပြည်ကျေးလက်အရပ်ရပ်မှစုဆောင်းမိသမျှ ပြည်သူ့အရွှေ့အမျိုးမျိုး (လက်ရီးမူ)

(၄၃) ကြမ္မဒိုက်မင်းကြီး ဝတ္ထု (သက္ကဋဘာသာပြန်)

(၄၄) လောကနီတိကျမ်း (ပီမူ)

(၄၅) ဘာဝရီကျမ်း ။

(၄၆) ပါရာကျမ်း ။

(၄၇) အဓိမာသ်ကျမ်း ။

(၄၈) မင်းကြီးစောမွန်အမီး- ဟူးရာရို့အဖြည်ကျမ်း (သက္ကဋဘာသာပြန်၊ ပီမူသျှစ်ရွက်)

(၄၉) သင်သုံးဆယ်ကျမ်း (ပီမူ)

(၅၀) ပူရာမ်ကျမ်းများ (ပီမူများ)

(၅၁) စာဆိုတော်ကြီး ကာလိဒါသ၏ သုတဗောဓဆန်းကျမ်း (သက္ကဋဘာသာပြန်၊ ပီမူသျှစ်ရွက်)

(၅၂) ခိုင်ကျေးလက်ပုံပြင်များ - လူထုဦးလှ ရခိုင်သုတေသီများ စုဆောင်းပီးသည်

(၅၃) ရခိုင်ဝတ္ထုပုံပြင်ဆန်း(အသျှင်စက္ကိန္ဒထေရ်၊ ဦးမင်းနိုင်)

(၅၄) ရခိုင်ဝတ္ထုပုံပြင်ဆန်း -အသျှင်စက္ကိန္ဒထေရ်

(၅၅) ရခိုင်စကားပုံများ (စုဆောင်းဆဲလက်ရီးမူ)

(၅၆) ရန်ကုန်တက္ကသိုလ်ရခိုင်ကျောင်းသူ/သားများ ထုတ်ဝီကတ်သော မဂ္ဂဇင်းများ၊ စာ

စောင်များ၊ လွတ်လပ်ရေးစာစောင် ၊ ရခိုင်တန်ဆောင်မဂ္ဂဇင်းများ၊ ဓညဝတီမဂ္ဂဇင်းများ၊ရှေးခေတ်ရခိုင်စာပေအက္ခရာ+ဂီတနှင့်တေးသံ၊ ရခိုင်သုခုမအနုပညာ၊ ရခိုင်စာပေနှင့်အက္ခရာ၊ ကဗျာ

(၅၇) ရခိုင်လူငယ်များ ထုတ်ဝေကတ်သော မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်နန့်စာအုပ်စာတမ်းများ

ဓညစာစောင်များ၊ (စစ်တွေ)

တက်နေသစ်စာစောင်များ ॥

ခေတ်ရှေ့ဆောင်စာစောင်များ ॥

ရခိုင်ဇာနည်ဂျာနယ်များ ॥

ဖူးငုံမဂ္ဂဇင်း (ဝမြို့)

သင်းချိုစာစောင် (သံတွဲ)

မုတ်သုန်လှိုင်းသံကဗျာများ (စစ်တွေ)

ရခိုင်ရိုးရာ စာပီအနုပညာမြှင့်တင်ရီးအဖွဲ့မှ ထုတ်ဝေသောစာအုပ်များ၊ ကြေငြာစာများ (စစ်တွေ)

ဝေသာလီခေတ်ရခိုင်ယဉ်ကျေးမှု(ရန်ကုန်)

ရွက်နုသစ်ချိန်ကဗျာများ (ပုသိမ်)

အားသစ်စာစောင်များ (စစ်တွေ)

ရိုးမစာစောင်များ ॥

ကစ္ဆပနဒီမှတက်ခတ်သံကဗျာများ(စစ်တွေ)

တိမ်မဲညိုမှ မိုးစက်များ ॥

လှိုင်းခတ်သံစာစောင်များ (ကျောက်ဖြူ)

တောင်ညိုရိုးမနှင့်မြစ်မ်းပန်းရေလွှာကဗျာများ (မောင်တော)

ရခိုင်ညွှန့်ဖူးဆောင်းပါးများ(၁၉၆၉)(ရန်ကုန်)

ရိုးလှသန္တာကဗျာများ(ရန်ကုန်)

ရခိုင်ညွှန့်ဖူးကဗျာများ (ရန်ကုန်)

(၅၈) ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင်ထုတ်ဝေ သော စုမိဆောင်း မိသမ္ဘူ သတင်းစာများ၊

(၅၉) ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ထုတ်ဝေသော စုမိသမ္ဘူ ကြော်ငြာစာများ

(၆၀) စစ်တွေလမ်းစဉ်ပါတီ၊ ပါတီယူနစ်မှ ထုတ်ဝေသော ယဉ်ကျေးမှုစာစောင်များ၊ ယဉ်ကျေးမှုစာရွက်စာတမ်းများ၊ သိုက်တက်လေက်ရုံး- ဗိုလ်ကြီးထွန်းဝေ ရခိုင်တိုင်းရင်းသားများ လူမျိုးနွယ်

ရခိုင်ရတနာအဖွဲ့အစများ အမှတ်(၃)

ရခိုင်အရွေ့တေးခြင်းများ

(၆၁) အဝကျွန်းရာဇဝင်ဝတ္ထု- ဦးစိန်လှအောင်

(၆၂) အမှောင်တွင်းမှ အလင်းကဗျာများ (ရွှေရ-တောင်ကုတ်)

(၆၃) ကြောင်လိမ်လေ့ကားကဗျာများ (စစ်တွေစောနောင်)

(၆၄) ရခိုင်သာစွလေ - မာန်အောင်ပီယ

၂။ ရခိုင်ရာဇဝင်များ (အကိုးအကား၊ အမှီအငြမ်း)

(၁) ရှိုးထုံးရခိုင်ရာဇဝင်လင်္ကာ (ပီမူ)

(၂) ရခိုင်ရာဇဝင်ကြီး ထွက်ကျဉ်း (မောင်သျှင်ကျော်ဇံ) (ပီမူ)

(၃) ရခိုင်ရာဇဝင်ကြီး (ပီမူ)

(၄) အင်းစောက်ရာဇဝင် (ပီမူ)

(၅) ရခိုင်ရာဇဝင် (ဟူးရားတတ် ဆရာငမည်)(ပီမူ)

(၆) ကျောက်ရိုးရခိုင်ရာဇဝင် (ပီမူ)

(၇) ကြခြတ်ရခိုင်ရာဇဝင် (ပီမူ)

(၈) ရာဇပုံကျမ်း (ပီမူ)

(၉) ရခိုင်ရာဇဝင်ဟောင်းမြို့တည်ခန်း (လက်ရေးမူ)

(၁၀) ရခိုင်ရာဇဝင်လင်္ကာ -ဆရာမောင်သာအောင် (လက်ရေးမူ)

(၁၁) ဓညဝတီရာဇဝင်သစ် -အသျှင်ပဏ္ဍိမဟာထေရ် (၁၂၇၁)

(၁၂) ရခိုင်မဟာရာဇဝင်တော်ကြီး(ဦးသာထွန်းအောင်) (၁၂၈၇-ခု)

(၁၃) ရခိုင်ရာဇဝင်သစ်ကျမ်း (အသျှင်စန္ဒမာလာလင်္ကာရမဟာထေရ်၁၂၉၃)

(၁၄) ရခိုင်ရာဇဝင် (ဦးအောင်သာဦး)

(၁၅) ဓညဝတီရာဇဝင်သစ် (အသျှင်ဉာဏထေရ်)

(၁၆) ရခိုင်ရာဇဝင် (ဦးဦးသာထွန်း)

(၁၇) ရခိုင်ရာဇဝင်အကျဉ်းချုပ် (ဦးချန်ထွန်း၁၉၆၀)

(၁၈) ရှေးဟောင်းရခိုင်မြို့တော်များ(ဗိုလ်ကြီးထွန်းဝေ)

(၁၉) ဓညဝတီအရေးတော်ပုံ(အသျှင်ကဝိသာရမထေရ်)(၁၁၄၉)

(၂၀) ရခိုင်ရာဇဝင်လင်္ကာ(ဦးစံတင်-မြန်မာအမှုထမ်းတစ်ဦး) (၁၂၁၂)

၃။ မြန်မာစာပေကျမ်းများ၊ မြန်မာရာဇဝင်ကျမ်းများ (အမှီအငြမ်း)

(၁) ကဗျာဗန္ဓသာရကျမ်း (ဦးတင်)

(၂) ကဝိဘာရတီ (ပ+ဒု)

(၃) ကဗျာသာရတ္ထသင်္ဂြိုဟ် (ဦးလွန်း)

(၄) မြန်မာစာညွန့်ပေါင်းကျမ်း (၄-တွဲ)

(၅) မဟာဂီတ (ဦးပြုံးချို)

(၆) မြန်မာစာပေသမိုင်း (ဦးဖေမောင်တင်)

(၇) ကဗျာညွန့်ပေါင်းနည်းလမ်းကောင်း(ဦးအောင်သာဦး)

(၈) မြန်မာလင်္ကာကျမ်း (အသျှင်ပဏ္ဍိတထေရ်)

(၉) ကဗျာဖွဲ့နည်းနိသျည်း (ဦးတင့်ဆွေ)

(၁၀) ကဗျာ့စွယ်စုံကျမ်း (ဦးထွန်းရွှေ)

(၁၁) တန်းမြင့်ကဗျာဖွဲ့နည်း (ဦးဖိုးငွေ)

(၁၂) စာပေလောက (ဇော်ဂျီ၊ မင်းသုဝဏ်)

(၁၃) စာဆိုတော်များအတ္ထုပ္ပတ္တိ (မောင်သုတ)

(၁၄) စာဆိုတော်များရတုပေါင်းချုပ် (လက်ဝဲနော်ရထာ)

(၁၅) ရသလင်္ကာ (ဦးသော်ဇင်)

(၁၆) ရသစာပေနိဒါန်း (ဇော်ဂျီ)

(၁၇) ရသစာပေအဖွင့် (ဇော်ဂျီ)

(၁၈) သင် ဘာကဗျာရေးမည်နည်း (ဒေါင်းနွယ်ဆွေ)

(၁၉) တိုက်ပွဲဝင်စာ (သိန်းဖေမြင့်)

(၂၀) ရွှေဗမာစာစောင်

(၂၁) မြန်မာရာဇဝင် (ဦးဘသန်း)

(၂၂) မြန်မာနိုင်ငံတော်သမိုင်း (ဗိုလ်မှူးဘရှင်)

(၂၃) မြန်မာနိုင်ငံသမိုင်း (ဒေါက်တာကျော်သက်)

(၂၄) မြန်မာနိုင်ငံတော်သမိုင်း (ဗန်းမော်တင်အောင်)

(၂၅) ကမ္ဘာ့သမိုင်းမှတ်တိုင်များ (ပ၊ ဒု၊ တ)(လမ်းစဉ်ပါတီ)

(၂၆) အနုပညာပြဿနာ (မော်စီတုံး)

(၂၇) ဆိုရှယ်လစ်စာပေပြဿနာများ (ဂေါ်ကီ)

(၂၈) ဒီမိုကရေစီသစ် (မော်စီတုံး)

(၂၉) လူရွှန်း၏လက်ရွေးစင်စာပေ (ယမုံနာ)

(၃၀) တဂိုးလ်၏စာ (မင်းယုဝေ၊ တက္ကသိုလ်ဝင်းမွန်)

(၃၁) တဂိုးလ်၏စာပဒေသာ (မောင်ဖြူး)

(၃၂) တဂိုးလ်၏ လက်ရွေးစင် (ကျော်လှိုင်ဦး)

(၃၃)    တဂိုးလ်၏ ခံစားမှု (မောင်စိမ်းသူ)

(၃၄)    ကမ္ဘာ့ဂန္ထဝင်တစ်ဆယ် (သိန်းအောင်ပြန်ဆို)

English Reference Books

1. Arakan by Dr. Forchamma (1887)

2. A History of South East Asia by D.G.E. Hall

3. History of Burma by G.E. Harvery (1925)

4. History of Indo- Pakistan by Profs. Arshad and Rahman (1964)

5. The Land of the Great Image by Maurice Collis (1942)

6. Johnston, E.H., Some Sanskrit Inscription of Arakan (Bulletin of the School of Oriental and African Studies Vol. XI-1943-46, P-157)

7. Collis, M.S., Arakan's place in the civilization of the Bay. (J.B.R.S. 1915- Vol 15 Part) (Journal of the Burma Research Society)

8. Collis M.S., An Arakanese poem of the 16th century(and the note on the above poem by S.SBu)

9. Collis M.S., An old Arakanese Love Poem.(J.B.R. S. 1945 -----------------------------------------------------)

10. Collis M.S., An Old Arakanese Romance. (J.B.R.S 1928 Vol. 18 Part I)

11. San Shwe Bu, U., Tase-hna-ra-the-ratu by Ugga Byan. (J.B.R.S 1923- Vol. 13 Part III)

12. San Shwe Bu, U., The Story of Mahamuni. (J.B.R.S. 1916 Vol. 6 Part III)

13. Chan Htwan Aung, The Mahamuni Shrine in Arakan. (J.B.R.S. 1912 Vol-2 Part II)

14. A Brief Note on the Old Capitals of Arakan by U San Shwe Bu.

15. Golden tit-bit of Arakan Nos. I& II. Party Unit Akyab.

# အသျှင်စက္ကိန္ဒ၏

# ရခိုင်သမိုင်းတို့
# ဝံ့ပြင်ထို့ရေးသားပြုစုသော
# ရခိုင်ဝံ့သောဝတ္ထုများ

# ရခိုင်ညွန့်ဖူးအမှတ်(၅)စာမူများနှင့် ရခိုင်ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

ရခိုင်ညွန့်ဖူးအမှတ်(၄)ကို မျှားမကြာမီ ထွက်လာပါမည်။ ထို့နောက် ရခိုင်ညွန့်ဖူးအမှတ်(၅)ကို အကောင်းဆုံးဖြစ်နိုင်ရန် အတွက် စာပေပညာရှင်များအနေဖြင့် ဆောင်းပါးများကို စဉ်ဆက် မပြတ် ပေးပို့ပါရန် ဖိတ်ခေါ်ပါသည်။

ထို့ပြင် ရခိုင်ဝတ္ထုတိုပြိုင်ပွဲဝင်စာမူများကို ဖော်ပြပါစည်းကမ်း များနှင့်အညီ ပေးပို့ကြပါရန် ဖိတ်ခေါ်ပါသည်။

(၁) မိမိတို့ ဒေသသုံး ရခိုင်ဝေါဟာရ၊ ရခိုင်ဘာသာစကား များဖြင့်သာ ရေးရမည်။

(၂) ကိုယ်တိုင်ရေးစာမူ ဖြစ်ရမည်။ (ရခိုင်မှုပြုထားပါက) မူရင်းဝတ္ထု၊ စာရေးသူနှင့် စာအုပ်စာစောင်အမည်ကို တိကျစွာ ဖော်ပြရန်။

(၃) ပုံနှိပ်ဖော်ပြခြင်း မပြုရသေးသော စာမူဖြစ်ရမည်။

(၄) တိကျပြတ်သားသေသပ်သော လက်ရေးမူဖြင့် နေရပ် လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

(၅) ရွေးချယ်ခြင်းမပြုသော စာမူကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။

ဆုချီးမြှင့်ခြင်းခံရသော စာမူကို ရခိုင်ညွန့်ဖူးအမှတ်(၅) တွင် ပုံနှိပ်ဖော်ပြပြီး ပထမဆုကို ငွေ (၁၀၀၀ိ/)၊ ဒုတိ ယဆုကို ငွေ (၆၀၀ိ/-)နှင့်၊ တတိယဆုကို ငွေ (၄၀၀ိ/) စီ ချီးမြှင့်ပါမည်။

ရခိုင်ညွန့်ဖူးအမှတ်(၅)ပြိုင်ပွဲဝင် စာမူများကို ၁၉၉၇-ခု၊ ဧပြီ လ(၃၀)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပါရန်။

ရခိုင်စာပီတိုးတက်ရေး ရှေ့ရှုလျက်။

**ရခိုင်သားကြီးစာပေ**
ခ/၅၅၊ ကျွန်းရွှေဝါလမ်း၊ ဘုရင့်နောင်ပွဲရုံ၊
ဖုန်း-၂၄၇၈၀၇၊ ၆၈၀၅၇၂

အမျိုးချစ်တေ

ရခိုင်မျိုးချစ်တိတို့

ဂုဏ်ပြုရဖို့ဆိုဝါတေ

ဆရာကြီး ဦးကျော်ရင် (သံတွဲ)တို့

ကျွန်တော်ရို့ လေးစားဂုဏ်ပြုစွာနှင့်.---

# သျှင်သာရခိုင်

ဆရာကြီးဦးကျော်ရင်၊ ရခိုင်နန့်ပတ်သက်၍

ရေးခဲ့သမျှ ဆောင်းပါးများ

ထုတ်ဝေနိုင်ရေး ကြိုးပမ်းနေပါဗျာယ်

# ဇာကုန်လားချင့်

ရခိုင်ညွန့်ဖူး(၃)မှာ ဝတ္ထုတိုပြိုင်ပွဲအတွက် စာမူဖိတ်ခေါ်ခပါရေ။ ယင်းပြိုင်ပွဲ ဝင်ပြိုင်ရေ ဝတ္ထုတိထဲမှာ ရခိုင်ရိုးရာပုံပြောဝတ္ထုတိကို "ရခိုင်ရိုးရာ ဝတ္ထုမျာ း' လို့ နာမေတပ်ဗျာယ် စာအုပ်အဖြစ်ထုတ်ဝေပါမေလို့ ကျွန်တော် ကတိပြုခပါရေ ယင်းပိုင်ကတိပြုပြီး ရေလောက်ကပင် ဒေနိထိ ရခိုင်ရိုးရာဝတ္ထုတစ်ပုဒ်လေ့ မရောက်လာလီဗျာယ် ရောက်ရှိနီရေ ဝတ္ထုတိနန့် ပီးပို့ရေ စာမူရှင်တိကို ဖော်ပြပါမေ။

| | | |
|---|---|---|
| ၁။ | ငဝါယေ | မောင်ပြုံး (သံတွဲ) |
| ၂။ | လူဆိုရေသတ္တဝါ | မင်းပြားမင်းသိန်းဇံ |
| ၃။ | လိပ်ကမ္ဘာမ | လှမိုး (စစ်တွေဒီဂရီကောလိပ်) |
| ၄။ | ငပျင်းထွေ | ပန်းမြောင်းခိုင်စောသိန်း |
| ၅။ | ဉာဏ်မီလို့ အသက်ရှင်ရစွာ | သန်းလှိုင်(တမန်းသား) |
| ၆။ | မယားကညာစောသန္တာ | မခင်သိန်း(ပေါက်တော) |
| ၇။ | ခွီးစကားကို ကျားယုံလို့ | မင်းပြားမင်းသိန်းဇံ |
| ၈။ | မကောင်းဉာဏ်နန့်ဘေးဒဏ် | ဒေါ်ရွှေစိန်ဖြူ (ကန်ဆိပ်) |
| ၉။ | သံကိုးမောင်း | ဘသိန်းတင်(ပေါက်တော) |
| ၁၀။ | နတ်ပြည်ကျ ဘုန်းကြီး | ရမ္မာဝတီလှအောင်ရွှေ |
| ၁၁။ | နားပင်းအစိုင် | နတ်မြစ်မာဃ |
| ၁၂။ | ဖားပြုတ်ကေ | မြတ်စော(မြောက်ဦး) |
| ၁၃။ | ကြိုးကိုးလံ | ကျော်ဇော်ထွန်း |
| ၁၄။ | အဖိုးသျှင်ပြောရေ နက္ခတ်ဝတ္ထု | ဆရာချစ်(စစ်တွေ) |
| ၁၅။ | စာမသျှေ | ခင်သီတာအေး၊ အေးအေးမူ အထက(၃) စစ်တွေ |
| ၁၆။ | အဘာသမက် အထွီးသျှေ | လှလှစန်း၊ အေးအေးဇံ အထက(၃) စစ်တွေ |

စုစုပေါင်း (၁၆)ပုဒ်ရာ ရောက်ပါသိမ့်ရေ ယင်းထဲက ရိုးရာဝတ္ထု ဟုတ်မဟုတ်လေ့ မစစ်ဆေးရပါသိမ့် ဒေ(၁၆)ပုဒ်ထဲကို ပုံနှိပ်ဖို့လဲ မဖြစ်နိုင်ပါ၊ ယင်း(၁၆)ပုဒ်ကို စာအုပ်အဖြစ်ထုတ်ပါကေ ရခိုင်သားတိမှာ ရခိုင်ရိုးရာဝတ္ထုရေ "ဇကုန်လားချင့်" လို့ တခြားလူမျိုးတိ မီးပါကေ၊ ကျွန်တော်ဇာပိုင်ပြောလိုက် ရပါဖို့လဲ၊

***ရခိုင်လှမြင့်***

# တွိချင်ပါဗျာယ်

ဇာတ်ကြီးဆယ်ဘွဲ့ထဲက

အသျှင်သုဝဏ္ဏသာမ မိဘနှစ်ပါးရေ

ရွှေအိုးလေ့လိုချင်ရေ

မျက်စိလေ့မြင်ချင်

သားလေ့ရှင်ချင်ဆိုရေ ဆန္ဒစွာ

သကြားမင်းနန့်တွိလို့ ပြည့်စုံလီပါရေ

ရခိုင်စာအုပ်ကို ပုံနှိပ်ထုတ်ဝေစွာမှာ

စာအုပ်တိကို ကွန်ပျူတာစီဗျာယ်

စက္ကူကောင်းကောင်းနန့်လေ့ ရိုက်ချင်

တန်ဖိုးလေ့အနည်းဆုံးနန့် စာဖတ်သူကို ဝီချင်ရေ

ဆန္ဒက တစ်နိန့်ထက်တစ်နိန့်ပိုလာရေအတွက်

ကွန်ပျူတာစီဗျာယ်ပုံနှိပ်လိုက်ယင့် -----။

ဒေနိန့်စက္ကူဈေးနှုန်းက တစ်ရိပ်ရိပ်မြင့်

အယင်ထုတ်ဝေဖူးရေ ခဲစာလုံးစာစီရေစာအုပ်ထက်

ကွန်ပျူတာစီစာအုပ်က

အုပ်တစ်ထောင်မှာ နှစ်သောင်းမက ပိုကုန်နီဗျာယ်

စာအုပ်ကို ဈေးတင်ရောင်းဖို့မလွယ်

(စာဖတ်သူအတွက် ပြဿနာ)

စာအုပ်အရှိအတွက်လည်း အရင်ထက်ပိုလို့ ရောင်းမထွက် နိုင်

ဟူး----

အသျှင်သုဝဏ္ဏသာမအမိနန့်အဖတွိလီဖူးရေ

သကြားမင်းနန့်တချက် ကျွန်တော့်ကို တွိပီးကတ်ပါဖိ။


**ရခိုင်လှမြင့်**
**ရခိုင်သားကြီးစာပေ**
**ခ(၅၅)၊ ကျွန်းရွှေဝါလမ်း၊**
**ဘုရင့်နောင်ပွဲရုံ**
**ရန်ကုန်မြို့။ဖုန်း-၂၄၇၈၀၇**

အင်္ဂလိပ်တိရေ – အင်္ဂလိပ်ဝေါဟာရအဘိဓာန်ကို ထုတ်တေ

ဂျာမန်တိရေ – ဂျာမန်ဝေါဟာရအဘိဓာန်ကို ထုတ်တေ

ကျွန်တော်ရေ – ရခိုင်ဝေါဟာရ အဘိဓာန်ကို ထုတ်တေ

အသျှင်စက္ကိန္ဒ

အသျှင်ဝါသဝရှို့ရှိုးရေ –

ရခိုင်ဝေါဟာရအဘိဓာန်

ကို

ထုတ်ပါမေ

ရခိုင်သားကြီးစာပီ